# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

၁၃၈၆ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၃ ရက်၊ သောကြာနေ့။ Friday, 20 September 2024 ၁၁၅၈၆


## ဘယ်အခါမှ အကျိုးမဆုတ်ယုတ်

အပြစ်ကို အပြစ်နှင့်လျော်စွာ နှိမ်နင်းဆိုဆုံးမလေ့ရှိသော ပညာရှိကို မြေ၌မြှုပ်ထားသော ရွှေအိုးတို့ကို ပြောကြားလာသောသူကဲ့သို့သဘောထား၍ဆည်းကပ်ရာ၏။ ထိုသို့သဘောရှိသော ပညာရှိကို မှီဝဲဆည်းကပ်သောသူမှာ အလွန်အကျိုးများ၏။ ဘယ်အခါမှ အကျိုးမဆုတ်ယုတ်လေ။

ပဏ္ဍိတဝဂ်(ဓမ္မပဒ-၇၆)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုး မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့်အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



ရန်ကုန် – မန္တလေးရထားလမ်း သပြေတောင်းဘူတာနှင့် စမုံဘူတာအကြား ရထားလမ်းပိုင်းနှင့် တံတားများ ပြန်လည်ပြုပြင်ဆောင်ရွက်နေမှုကိုတွေ့ရစဉ်။

# ရန်ကုန်-မန္တလေး ရထားလမ်းပိုင်း အမြန်ဆုံးပြန်လည်ဖွင့်လှစ်နိုင်ရေး ရထားလမ်းနှင့်တံတားများ ပြန်လည်ပြုပြင်ဆောင်ရွက်လျက်ရှိ

နေပြည်တော် စက်တင်ဘာ ၁၉

တိုင်ဖွန်းမုန်တိုင်း“ရာဂီ”၏ အရှိန်ကြောင့် မိုးသည်းထန်စွာရွာသွန်းခဲ့ပြီး နေပြည်တော်ကောင်စီနယ်မြေ၊ မန္တလေးတိုင်းဒေသကြီးတို့နှင့် ဆက်စပ်သည့် ရန်ကုန်-မန္တလေး ရထားလမ်းမကြီး၏ အချို့ရထားလမ်းတာပေါင်နေရာများနှင့် တံတားများ ရေတိုက်စား၍ ပျက်စီးခဲ့မှုများကြောင့် ယာယီရပ်ဆိုင်းထားရသည့် ရထားခရီးစဉ်များကို အမြန်ဆုံးပြန်လည်ပြေးဆွဲနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိရာ ယမန်နေ့မှစ၍ တပ်ကုန်းနှင့် သာစည်အကြား ရေတိုက်စားခံခဲ့ရသည့်နေရာအချို့ကို ပြုပြင်ပြီးနောက် တစ်လမ်းမောင်းစနစ်ကို အသုံးပြုနိုင်ပြီဖြစ်သဖြင့် သာစည်ဘူတာတွင် ယာယီရပ်တန့်ထားရသော အစုန်ကုန်ရထားတွဲဆိုင်း လေးဆိုင်းနှင့် ညောင်ရမ်းဘူတာ၌ ရပ်တန့်ထားရသည့် အမှတ် (၂) အစုန် စာပို့ရထားတို့ကို ရန်ကုန်သို့ ဆက်လက်စေလွှတ်ပေးနိုင်ပြီဖြစ်သည်။ ထို့အတူ ပျော်ဘွယ်ဘူတာ၊ ပျဉ်းမနားဘူတာနှင့် ရေနီဘူတာတို့၌ရပ်တန့်ထားသော အဆန်ကုန်ရထားလေးစင်းတို့ကို သာစည်ဘူတာသို့ ရွှေ့ပြောင်းပို့ဆောင်ထားပြီဖြစ်သည်။

မြန်မာ့မီးရထား ဦးဆောင်ညွှန်ကြားရေးမှူး ဦးဆောင်သောအဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ် သပြေတောင်းဘူတာသို့ရောက်ရှိပြီး သပြေတောင်းဘူတာနှင့် စမုံဘူတာအကြား ရထားလမ်းပိုင်းနှင့် တံတားများပျက်စီးမှု ပြုပြင်ဆောင်ရွက် စာမျက်နှာ ၄ ကော်လံ ၁ သို့ ❍

## ယနေ့ ဖတ်စရာ


ယုံမှတ်အပ်နှံမှုအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ ပြဋ္ဌာန်း
စာမျက်နှာ » ၃

ရေဘေးသင့်ပြည်သူများအတွက် အလှူငွေ လက်ခံမည့်အစီအစဉ်များ အသိပေးကြေညာခြင်း
စာမျက်နှာ » ၁၂

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် အုတ်တွင်းမြို့နယ် ဝက်ဖြူကုန်းကျေးရွာတွင် အစာအဆိပ်သင့်မှုဖြစ်ပွား အထူးကုဆရာဝန်ကြီးများက အနီးကပ်ကြည့်ရှုကုသမှုပေးခဲ့သည့်အတွက် လူနာများ အခြေအနေ သက်သာကောင်းမွန်လျက်ရှိ
စာမျက်နှာ » ၉

အမှန်တကယ်လိုအပ်နေတဲ့ ပြည်သူတွေကို လှူဒါန်းရတဲ့အတွက် အလှူရှင်တွေလည်း ကုသိုလ်ရသလို ကျွန်တော်တို့လည်း ဝမ်းသာပီတိ ဖြစ်ရပါတယ်။ အများပြည်သူတွေရဲ့ အခက်အခဲ အဆင်ပြေသွားတယ်ဆိုရင် ကျွန်တော်တို့ ပင်ပန်းရကျိုးနပ်ပါတယ်
တွေ့ဆုံမေးမြန်း စာမျက်နှာ » ၁၁



ပြည်လုံးကျွတ် သန်းခေါင်စာရင်း ကောက်ယူရန် ( ၁၀ ) ရက်သာ လိုတော့သည်။

ကြေးမုံ

# သဘာဝဘေးကို ညီညွတ်မှုဖြင့်ကျော်လွှား

ပြီးခဲ့သည့်ရက်သတ္တပတ်အတွင်းက မမျှော်မှန်းနိုင်သော ရုတ်တရက်ဖြစ်ပေါ်လာသည့် ရေကြီးရေလျှံမှုသဘာဝဘေးအန္တရာယ်ကို နိုင်ငံတစ်ဝန်း၌ ကြုံတွေ့ခံစားခဲ့ကြရသည်။ ပတ်ဝန်းကျင်နိုင်ငံများ၌ ဖြစ်ပေါ်ခဲ့သော သဘာဝဘေးအန္တရာယ်ကို မြန်မာနိုင်ငံတွင်လည်း ဖြစ်ပေါ်လာမည်ဟု မထင်မှတ်ထားခြင်း၊ ညပိုင်းအချိန်တွင် ဖြစ်ပေါ်လာခဲ့ခြင်းတို့ကြောင့် ကြိုတင်ပြင်ဆင်ရှောင်ရှားနိုင်ခြင်းမရှိခဲ့သဖြင့် ထိခိုက်ဆုံးရှုံးမှုများပြားခဲ့သည်။

ယခုတစ်ဖန် သင်္ချာပုံစံပြုမော်ဒယ်လ်များ၏ ခန့်မှန်းချက်များအရ တောင်တရုတ်ပင်လယ်ပြင်တွင်ဖြစ်ပေါ်နေသော အပူပိုင်းမုန်တိုင်းငယ်သည် ပိုမိုအားကောင်းလာနိုင်ကာ စက်တင်ဘာလ ၂၀ ရက်နေ့(ယနေ့)တွင် ဗီယက်နမ်နိုင်ငံ ကုန်းတွင်းပိုင်းဒေသများသို့ ဖြတ်ကျော်နိုင်ပြီး စက်တင်ဘာလ ၂၀ ရက်နေ့(ယနေ့)ညနေပိုင်းတွင် မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းဒေသများသို့ စတင်ဖြတ်ကျော်ရောက်ရှိနိုင်ကြောင်း၊ အဆိုပါ အပူပိုင်းမုန်တိုင်းငယ်၏ အကြွင်းအကျန်တိမ်တိုက်များနှင့် လေပွေလှိုင်းများသည် မြန်မာနိုင်ငံသို့ဖြတ်ကျော်ပြီးနောက် ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်းအဖြစ် ပြန်လည်အစပျိုးကာ အားကောင်းလာနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒမှ ထုတ်ပြန်ချက်အရ သိရသည်။

မြန်မာနိုင်ငံအနေဖြင့် မုန်တိုင်းအန္တရာယ်ကို တိုက်ရိုက်မကြုံတွေ့ရသော်လည်း အနီးပတ်ဝန်းကျင်နိုင်ငံများမှ မုန်တိုင်းများ၏ ရိုက်ခတ်မှုအရှိန်ကြောင့် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှု သဘာဝဘေးအန္တရာယ်များကို မကြာသေးမီကပင် ဆိုးရွားစွာကြုံတွေ့ခဲ့ရပြီးဖြစ်သည်။ ယခုတစ်ဖန် အရှေ့ဘက်ပတ်ဝန်းကျင်နိုင်ငံများမှ ဖြတ်သန်းလာမည့် အပူပိုင်းမုန်တိုင်းငယ်သည် ပိုမိုအားကောင်းလာပြီး မြန်မာနိုင်ငံအရှေ့တောင်ပိုင်းသို့ ဖြတ်သန်းဝင်ရောက်လာမည်ဟု ခန့်မှန်းထားပြီးဖြစ်သည်။ တစ်ဆက်တည်းတွင် မြန်မာနိုင်ငံအနောက်ဘက် ပင်လယ်ပြင်တွင် လေဖိအားနည်းရပ်ဝန်း ဖြစ်ပေါ်မည်ဟုအသိပေးထားရာ ဖြစ်ပေါ်ခဲ့သည့်ရေကြီးရေလျှံမှုကို သင်ခန်းစာယူပြီး ကြုံတွေ့လာနိုင်သည်များကို ကြိုတင်ပြင်ဆင်ကျော်လွှားသွားနိုင်အောင် ပြုလုပ်ထားရမည်ဖြစ်သည်။

တောင်တရုတ်ပင်လယ်ပြင်တွင် ဖြစ်ပေါ်နေသော အပူပိုင်းမုန်တိုင်းနှင့် ပတ်သက်၍ ဗီယက်နမ်နိုင်ငံအလယ်ပိုင်း သဘာဝဘေးအန္တရာယ်ကျရောက်နိုင်သည့် ဒေသများတွင် နေထိုင်ကြသော ပြည်သူများအား ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးကာ ရေကြီးရေလျှံမှု ကာကွယ်ရေးအစီအမံများကို ဆောင်ရွက်လျက်ရှိသည်။ အလားတူ ကမ္ဘောဒီးယားနိုင်ငံတွင်လည်း ပြည်သူများ သတိပြုနေထိုင်ကြရန်နှင့် ပြည်သူများ ဘေးလွတ်ရာသို့ ရွှေ့ပြောင်းနေထိုင်နိုင်ရေး ဆောင်ရွက်ပေးလျက်ရှိသည်။ မြန်မာနိုင်ငံတွင်လည်း မုန်တိုင်းအန္တရာယ်နှင့်ပတ်သက်၍ အဆက်မပြတ်အသိပေးနှိုးဆော်လျက်ရှိပြီး ဖြစ်ပေါ်ခဲ့သည့် ရေကြီးရေလျှံမှုကြောင့် ထိခိုက်ခံစားရသူများနှင့် ပျက်စီးဆုံးရှုံးမှု ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အလျင်အမြန်ဆောင်ရွက်နေသည့် အချိန်တွင် ထပ်မံဖြစ်ပေါ်လာနိုင်သည့် သဘာဝဘေးအန္တရာယ်ကို ကျော်လွှားနိုင်ရန်အတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် စက်တင်ဘာလ ၁၈ ရက်နေ့က ပျဉ်းမနားမြို့နယ် ရေဘေးရှောင်ကယ်ဆယ်ရေးစခန်းရှိ ပြည်သူများအား သွားရောက်အားပေးစကားပြောကြားပြီး ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်ခဲ့စဉ် "မိမိအနေဖြင့် သဘာဝဘေးအန္တရာယ်ကျရောက်မှုကြောင့် အသက်အိုးအိမ်စည်းစိမ်များ ပျက်စီးဆုံးရှုံးခဲ့ရမှုအပေါ် များစွာစိတ်မကောင်းဖြစ်ရပါကြောင်း၊ သဘာဝဘေးအန္တရာယ်ဆိုသည်မှာ ရှောင်ရှား၍မရသော်လည်း ကြိုတင်ကာကွယ်မှုကိစ္စရပ်များကို လုပ်ဆောင်နိုင်သကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ပြီးပါက ကယ်ဆယ်ရေးလုပ်ငန်းများဖြင့် မူလအခြေအနေများသို့ ပြန်လည်ရောက်ရှိစေရန်နှင့် ပိုမိုကောင်းမွန်စေရန် မိမိတို့အားလုံး၏ လုံ့လဝီရိယများဖြင့် ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ စိတ်ဓာတ်ကျနေ၍မရဘဲ မူလအခြေအနေသို့ ပြန်လည်ရရှိအောင် ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ပျက်စီးဆုံးရှုံးခဲ့သည့်နေရာများကို ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် နိုင်ငံတော်ကဦးဆောင်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း" ပြောကြားခဲ့သည်။

သဘာဝဘေးအန္တရာယ်ဟူသည် ရှောင်ရှား၍မရနိုင်ဘဲ ထိခိုက်ဆုံးရှုံးမှု အနည်းဆုံးလျှော့ချနိုင်အောင် ကြိုတင်ပြင်ဆင်ဆောင်ရွက်နိုင်သည်။ မည်သို့ပင်ဖြစ်စေ သဘာဝဘေးအန္တရာယ်များကို တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် မလွဲမသွေရင်ဆိုင်ကြုံတွေ့နေရပြီဖြစ်၍ နိုင်ငံတော်အစိုးရ၏ ကြိုတင်ပြင်ဆင်စီမံဆောင်ရွက်မှု၊ ဖြစ်ပေါ်လာသည့်အခါ အရေးပေါ်အလျင်အမြန်တုံ့ပြန်ဆောင်ရွက်မှုများနှင့် ပြည်သူလူထု၏ စဉ်းစားဆင်ခြင်မှု၊ လုံ့လဝီရိယဖြင့် ကြိုးပမ်းဆောင်ရွက်မှုများဖြင့် ကျော်လွှားလွန်မြောက်နိုင်အောင် ဝိုင်းဝန်းလက်တွဲဆောင်ရွက်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ သဘာဝဘေးအန္တရာယ်အမျိုးမျိုးတို့ကို မြန်မာနိုင်ငံအပါအဝင် နိုင်ငံအများ ရင်ဆိုင်ကြုံတွေ့နေရသည်ဖြစ်၍ နိုင်ငံတော်အစိုးရ၏ ကြိုတင်စီမံခန့်ခွဲဆောင်ရွက်မှုများနှင့် ပြည်သူများ၏ နိုးကြားတက်ကြွမှုများပေါင်းစပ်ကာ သဘာဝဘေးအန္တရာယ်မဖြစ်မီ၊ ဖြစ်ပေါ်နေစဉ်၊ ဖြစ်ပြီးကာလများတွင် ကြိုတင်ပြင်ဆင်ကူညီထောက်ပံ့မှုများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အားကြိုးမာန်တက်ဆောင်ရွက်ကြခြင်းဖြင့် မူလအခြေအနေမပျက် ပုံမှန်ရပ်တည်နိုင်မည်ဖြစ်ပါကြောင်း။ ။

## ၂၀၂၄ ခုနှစ်၊ (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက် (၄)ရပ်

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

၂။ တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအနုပညာအမွေအနှစ်များနှင့် အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်ရေး၊

၃။ မျိုးဆက်သစ်လူငယ်များအကြားတွင် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ထိန်းသိမ်းခြင်းနှင့်ထပ်တူ အမျိုးသားရေးစိတ်ဓာတ်များ ပိုမိုထွန်းကားပြန့်ပွားနေစေရေး၊

၄။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် အမျိုးသားယဉ်ကျေးမှု အခန်းကဏ္ဍမှ တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ကာကွယ်ရေးဝန်ကြီးဌာနမှ ဦးမြင့်နိုင်ဦး ကို နိုင်ငံခြားရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့်စီမံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

## ပန်းတနော်မြို့နယ် မင်းတစုကျေးရွာရှိ သမိုင်းဝင်ကျိုက္ခနိမ်စေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနိယပွဲတော် ပိတ်ပွဲ အခမ်းအနား ကျင်းပ

ပန်းတနော် စက်တင်ဘာ ၁၉

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ် မင်းတစုကျေးရွာရှိ သမိုင်းဝင်ကျိုက္ခနိမ်စေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်ကြီးကို ၁၃၈၆ ခုနှစ် တော်သလင်းလဆန်း ၁ ရက်မှ တော်သလင်းလပြည့်နေ့အထိ ၁၅ ရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ရာ စက်တင်ဘာ ၁၇ ရက် မွန်းလွဲပိုင်းက ပွဲတော်ပိတ်ပွဲ အခမ်းအနားကျင်းပသည်။

အဆိုပါ သမိုင်းဝင်ကျိုက္ခနိမ်စေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်ကြီးတွင် မြန်မာ့ရိုးရာ သုံးတက် လှေပြိုင်ပွဲနှင့် စက်တပ်ရေယာဉ် ရှိုးနှင့် ဖား ပြိုင်ပွဲများကျင်းပခဲ့ရာ ဘုရားဖူးပြည်သူများက ကြည့်ရှုအားပေးခဲ့ကြသည်။ ဥမ္မာဒန္တီ ဖလား မြန်မာ့ရိုးရာလှေလှော်ပြိုင်ပွဲ သုံးတက်တန်းတွင် စုစုပေါင်းအသင်း ခုနစ်သင်း၊ အုပ်စု နှစ်စုဖြင့် ယှဉ်ပြိုင်ခဲ့ကြရာ ပထမဆုကို ကျုံသက်အသင်း၊ ဒုတိယဆုကို ဇီးပင်အသင်း၊ တတိယဆုကို စော်ပန်းအသင်းနှင့် နှစ်သိမ့်ဆုများ ရရှိခဲ့ကြောင်း သိရသည်။

ကျော်သူအောင်(ပြန်/ဆက်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၁၉ - ၉ - ၂၀၂၄

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၈၀၀ | ၈,၉၀၀ | ၃၆၈ | ၃,၂၅၄,၇၀၀ |
| MTSH | ၃,၅၀၀ | ၃,၅၀၀ | ၈၈ | ၃၀၈,၀၀၀ |
| MCB | ၈,၉၀၀ | ၈,၉၀၀ | ၅ | ၄၄,၅၀၀ |
| FPB | ၁,၈၅၀ | ၁,၈၅၀ | ၁၂၅ | ၂၃၁,၂၅၀ |
| TMH | ၂,၈၅၀ | ၂,၈၀၀ | ၁၀၁ | ၂၈၂,၈၅၀ |
| EFR | ၁,၇၅၀ | ၁,၇၀၀ | ၇၂၂ | ၁,၂၃၂,၄၀၀ |
| AMATA | ၄,၅၀၀ | ၄,၅၀၀ | ၃၀ | ၁၃၅,၀၀၀ |
| MAEX | ၃,၄၀၀ | ၃,၄၀၀ | ၂,၀၇၃ | ၇,၀၄၈,၂၀၀ |
| MADPL(PLB) | ၃၇,၀၀၀ | ၃၆,၅၀၀ | ၁၀၃ | ၃,၇၆၁,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ
ဘာသာပြန် စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

# ယုံမှတ်အပ်နှံမှုအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ ပြဋ္ဌာန်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**ယုံမှတ်အပ်နှံမှုအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ**
**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် ၅၅ /၂၀၂၄)**

၁၃၈၆ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၂ ရက်
( ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၁၉ ရက် )

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ယုံမှတ်အပ်နှံမှုအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ယုံမှတ်အပ်နှံမှုအက်ဥပဒေ အခန်း ၃ ၏နောက်တွင် အခန်း ၃-ကကို အောက်ပါအတိုင်းဖြည့်စွက်ရမည်-

CHAPTER III A.

OF THE PREVENTIVE MEASURES AND REPORTING OBLIGATIONS OF TRUSTEES.

30 A.

Customer Due-Diligence, Record-Keeping and Reporting Obligations of AML/CFT

(1) Any trustee of any trust governed under this Act is bound to the following obligations of Anti-Money Laundering and Countering the Financing of Terrorism (AML/CFT): –

(a) to obtain and hold adequate, accurate and current information on the identity of author of the trust, the trustee(s), the beneficiaries and any other natural person exercising ultimate effective control over the trust;

(b) to hold basic information on other regulated agents of and service providers to, the trust, including investment advisors or managers, accountants, and tax advisors;

(c) to keep all information accurately and up to date on a timely basis;

(d) to disclose the trustee's status to Financial Institutions and Designated Non-Financial Businesses or Professions (Fls /DNFBPs) and report to the relevant competent authorities when forming a business relationship or carrying out an occasional transaction above the threshold;

(e) to provide any information relating to the trust to competent authority and upon request by Financial Institutions and Designated Non-Financial Businesses or Professions (Fls / DNFBPs), any information on beneficiary and assets of the trust to be held or managed under the terms of the business relationship to Financial Institutions and Designated Non- Financial Businesses or Professions (Fls / DNFBPs) under the existing laws;

(2) A trustee is bound to keep above all information at least five years after their involvement with the discharge of trustee.

(3) A trustee shall comply with The Anti-Money Laundering Law and The Counter Terrorism Law.

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး နီပေါနိုင်ငံ၏အခြေခံဥပဒေရေးဆွဲခြင်း (၁၀)နှစ်မြောက်အထိမ်းအမှတ်နေ့နှင့် အမျိုးသားနေ့အထိမ်းအမှတ် ညှော်ခံပွဲအခမ်းအနားသို့ တက်ရောက်




**ရန်ကုန် စက်တင်ဘာ ၁၉**

နီပေါနိုင်ငံ၏ အခြေခံဥပဒေရေးဆွဲခြင်း (၁၀) နှစ်မြောက် အထိမ်းအမှတ်နေ့နှင့် အမျိုးသားနေ့အထိမ်းအမှတ်ညှော်ခံပွဲ အခမ်းအနားကို ယနေ့ညနေ ၆ နာရီခွဲတွင် ရန်ကုန်မြို့ Pan Pacific Hotel ၌ ကျင်းပရာ ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး တက်ရောက်သည်။

ဦးစွာ မြန်မာနိုင်ငံဆိုင်ရာ နီပေါနိုင်ငံသံအမတ်ကြီး H.E. Mr. Harishchandra Ghimire နှင့် တာဝန်ရှိသူများက ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့် ညှော်ခံပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီး ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သီချင်းနှင့် နီပေါနိုင်ငံ နိုင်ငံတော်သီချင်းတို့ဖြင့် အခမ်းအနားကို ဖွင့်လှစ်ပြီး နီပေါနိုင်ငံယဉ်ကျေးမှုအဖွဲ့က ရိုးရာယဉ်ကျေးမှုအကများဖြင့် ကပြဖျော်ဖြေကြရာ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့် အခမ်းအနား တက်ရောက်လာကြသူများက ကြည့်ရှုအားပေးကြသည်။

ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာ နီပေါနိုင်ငံသံအမတ်ကြီး H.E. Mr. Harishchandra Ghimire က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးနှင့် မြန်မာနိုင်ငံဆိုင်ရာ နီပေါနိုင်ငံ သံအမတ်ကြီး H.E. Mr. Harishchandra Ghimire တို့က နီပေါနိုင်ငံ၏ အခြေခံဥပဒေရေးဆွဲခြင်း (၁၀) နှစ်မြောက်အထိမ်းအမှတ်နေ့နှင့် အမျိုးသားနေ့ အထိမ်းအမှတ် ကိတ်ကို လှီးဖြတ်ပေးကြသည်။

ထို့နောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး၊ သံအမတ်ကြီးနှင့် ညှော်ခံပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများသည် အတူစုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် ညှော်ခံပွဲသို့ တက်ရောက်လာကြသူများအား သံအမတ်ကြီးက ညစာစားပွဲဖြင့် တည်ခင်းညှော်ခံသည်။

အဆိုပါ ညှော်ခံပွဲအခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးစိုးသိန်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလွင်ဦးနှင့်ဇနီး၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန်ဦးဗိုလ်ဌေး၊ ရန်ကုန်မြို့ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ စစ်သံမှူး၊ ကုလသမဂ္ဂဆိုင်ရာ ဌာနေကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

# သထုံမြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေး ဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲများ ပြုလုပ်



**သထုံ စက်တင်ဘာ ၁၉**

မွန်ပြည်နယ် သထုံမြို့နယ်တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် ပညာရေးဌာနတို့ပူးပေါင်း၍ ယမန်နေ့မွန်းလွဲပိုင်းက သထုံမြို့ အောက်ကျင်းရပ်ကွက်ရှိ အခြေခံပညာမူလတန်းကျောင်း (ဘူတာ)၌ နယ်လှည့်စာကြည့်တိုက်ဖွင့်လှစ်ပြီး အသိပညာပေးဟောပြောခြင်း၊ နံရံကပ်စာစောင်ပြသခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြသည်။

နယ်လှည့်စာကြည့်တိုက်ဖွင့်လှစ်ရာတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ကျောင်းသား ကျောင်းသူများ ဗဟုသုတတိုးပွားရေးအတွက် ပြင်ပစာပေများကိုပါ လေ့လာဖတ်ရှုကြရေးတို့ကို ဟောပြောဆွေးနွေးပြီး ကျောင်းသား ကျောင်းသူများက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် စာအုပ်စာစောင်များကို စိတ်ကြိုက်ရွေးချယ်ဖတ်ရှုကာ စာဖတ်စွမ်းရည်ယှဉ်ပြိုင်ခြင်း၊ ပုံပြင်ပြော၊ ကဗျာရွတ်ဆိုယှဉ်ပြိုင်ခြင်းများပြုလုပ်သည်။

အဆိုပါ အသိပညာပေးလုပ်ငန်းတွင် ကျောင်းသား ကျောင်းသူများ ဖတ်ရှုလေ့လာနိုင်ရန် ကလေးကဗျာများ၊ ရုပ်ပြပုံပြင်များ၊ စာစောင်များ စသည့် ကလေးများအသိပညာတိုးပွားရေး စာအုပ်စာပေများနှင့် စာဖတ်ရှိန်မြှင့်တင်ရေး၊ မူးယစ်ဆေးဝါးအန္တရာယ် သတိပြုကာကွယ်ရေး စသည့် အသိပညာပေးနံရံကပ်စာစောင်များကို ခင်းကျင်းပြသရာ ကျောင်းသား ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် တောင်ငူခရိုင်အတွင်း ရေကြီးရေလျှံမှုကြောင့် ရေဘေးသင့်ခဲ့ရသည့် ဒေသခံပြည်သူများအား သွားရောက်တွေ့ဆုံ အားပေးထောက်ပံ့

**တောင်ငူ စက်တင်ဘာ ၁၉**

အမျိုးသား သဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ(၁) ပြည်ထဲရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်သည် ယနေ့နံနက်ပိုင်းတွင် တောင်ငူခရိုင်အတွင်း ရေကြီးရေလျှံမှုကြောင့် ရေဘေးသင့်ခဲ့ရသည့် ဒေသခံပြည်သူများအား သွားရောက်တွေ့ဆုံ အားပေးထောက်ပံ့သည်။



**ကြည့်ရှုအားပေး**

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ တောင်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ကြည်သိုက်တို့နှင့်အတူ ရေတာရှည်မြို့နယ် ပိတောက်စမ်းကျေးရွာ၌ ရေပြန်လည်ကျဆင်းသွားသည့် အခြေခံပညာ မူလတန်းလွန်ကျောင်း၌ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ဒေသခံပြည်သူများ စုပေါင်းအားဖြင့် သန့်ရှင်းရေး ပြုလုပ်နေမှုကို သွားရောက် ကြည့်ရှုအားပေးခဲ့ပြီး စာသင်ကျောင်းများ ရေပြန်လည်ကျဆင်းပါက ပြန်လည်ဖွင့်လှစ်နိုင်ရေး၊ ကျောင်းပိတ်ရက်များတွင် ပြန်လည်အစားထိုး သင်ကြားနိုင်ရေးနှင့် ကျောင်းသုံးပရိဘောဂ ပျက်စီးမှုများ ပြင်ဆင်ဆောင်ရွက်ပေးရန် တာဝန်ရှိသူများအား မှာကြားပြီး ကျောင်းအုပ်ဆရာမကြီးနှင့် သန့်ရှင်းရေးပြုလုပ်နေသည့်တပ်ဖွဲ့ဝင်များအား ဂုဏ်ပြုငွေများပေးအပ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး၊ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးတို့သည် ရေတာရှည်မြို့နယ် ဘိုးတော်ကုန်း ဘုန်းတော်ကြီးကျောင်း၌ ဖွင့်လှစ်ထားသည့် ယာယီရေဘေးရှောင်စခန်းရှိ ရေဘေးသင့် ပြည်သူများအား သွားရောက် တွေ့ဆုံ အားပေးစကားပြောကြားပြီး ရေဘေးသင့်အိမ်ထောင်စု ၅၉ စု၊လူဦးရေ ၁၇၈ ဦးအတွက် ဆန်၊ ဆီ၊ ကြက်ဥ၊ ခေါက်ဆွဲခြောက်နှင့် အခြားစားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။

ထို့နောက် ဘိုးတော်ကုန်း ဘုန်းတော်ကြီးကျောင်း ပဓာနနာယက ဆရာတော်အား ဖူးမြော်၍ သာသနာရေးဆိုင်ရာများ လျှောက်ထားကာ နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းပြီး ရေဘေးသင့်ပြည်သူများအား ချက်ပြုတ်ကျွေးမွေးနေမှုကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ရန်ကုန်-မန္တလေး လမ်းဟောင်း ရေတာရှည်-တောင်ငူလမ်းပိုင်း မိုင်(၁၆၂/၇) တောင်ငူမြို့အဝင်အထိ ကားလမ်းရေကျော်နေမှုကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ရေကျော်သည့်နေရာများတွင် အန္တရာယ်ရှိ သတိပေးဆိုင်းဘုတ်များ၊ ယာဉ်လမ်းကြောင်းပြအမှတ်အသားများထားရှိရန်နှင့် ကုန်စည်စီးဆင်းမှု မပြတ်တောက်စေရေး ဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် တောင်ငူမြို့ သာသနဟိတကာရီဗိမာန်၌ ဖွင့်လှစ်ထားသည့် တောင်ငူခရိုင်ရေဘေးကွပ်ကဲမှုရုံးသို့ရောက်ရှိရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က တိုင်းဒေသကြီးအတွင်း ရေကြီးရေလျှံခဲ့မှု၊ ထောက်ပံ့မှုနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကိုလည်းကောင်း၊ တောင်ငူခရိုင် ခေတ္တအုပ်ချုပ်ရေးမှူးက တောင်ငူခရိုင်အတွင်း ရေကြီးရေလျှံဖြစ်ပွားခဲ့မှုနှင့် ကူညီကယ်ဆယ်ရေးဆိုင်ရာ ကိစ္စရပ်များကို လည်းကောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် သဘာဝဘေးအန္တရာယ်ဖြစ်ပွားလာပါက ချက်ချင်း အရေးပေါ် တုံ့ပြန်ဆောင်ရွက်နိုင်ရေးကော်မတီများ ဖွဲ့စည်းထားပြီးဖြစ်သော်လည်း စနစ်တကျကြီးကြပ်ဆောင်ရွက်ရန် အရေးကြီးကြောင်း၊ ရေဘေးကယ်ဆယ်ရေစခန်းအလိုက် အလှူရှင်များက လာရောက်လှူဒါန်းမှုအပေါ် ကြိုဆိုသော်လည်း အစာအဆိပ်သင့်ခြင်းဆိုင်ရာနှင့် အခြားကျန်းမာရေးဆိုင်ရာ ပြဿနာမဖြစ်ပွားစေရေးသက်ဆိုင်ရာ ယာယီရေဘေးရှောင်စခန်း တာဝန်ခံဌာနဆိုင်ရာများက ပေါင်းစပ်ဆောင်ရွက်ပေးရန်လိုအပ်ကြောင်း၊ သဘာဝဘေးအန္တရာယ်သည်အစဉ်အမြဲကြုံတွေ့ရနိုင်သဖြင့် လူအသင့်၊ စက်ယာဉ်ယန္တရားအသင့်ရှိရန်နှင့် ဒေသခံပြည်သူများလည်း သဘာဝဘေးဆိုင်ရာ အသိပညာများ တိုးပွားစေရေး ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ရေကြီးရေလျှံမှုကြောင့် ယာယီပိတ်ထားခဲ့သည့်ကျောင်းများ၊ ဆေးခန်းများ အမြန်ဆုံးဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ပေးသွားရမည်ဖြစ်သကဲ့သို့ ရေဝင်ရောက်၍ ပိတ်ထားရသည့် ဌာနဆိုင်ရာရုံးများ ရုံးလုပ်ငန်းများ၊ အုပ်ချုပ်မှုဆိုင်ရာ ကိစ္စရပ်များ စဉ်ဆက်မပြတ် ဆောင်ရွက်နိုင်ရေး အခြားရုံးများတွင် တွဲဖက်ဖွင့်လှစ် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ တောင်ငူဒေသတွင် သဘာဝဘေး ဖြစ်ပွားမှုနှင့် ပတ်သက်၍ လုံခြုံရေးကျိုးပေါက်မှုမရှိစေရေး အထူးအလေးထား ဆောင်ရွက်ရန် မှာကြားသည်။

ယင်းနောက် တောင်ငူခရိုင် ရေဘေးကွပ်ကဲမှုရုံးသို့ ရေဝတီဖောင်ဒေးရှင်းက လာရောက်လှူဒါန်းသည့် ဆန်အိတ် ၁၀၀၀ နှင့် ပွင့်ထူးစံကုမ္ပဏီကလှူဒါန်းသည့် ငွေကျပ်သိန်း ၅၀၀ ကို ပြည်ထောင်စုဝန်ကြီးကလည်းကောင်း၊ ဦးစိုင်းမွန် (မုန်းဝင်းမြန်မာ) မိသားစုက လှူဒါန်းသည့် အလှူငွေကျပ်သိန်း ၁၀၀ ကို တိုင်းဒေသကြီးဝန်ကြီးချုပ်က လည်းကောင်း၊ ပဲခူးနှင့် သနပ်ပင်မြို့နယ်ရှိ လုပ်ငန်းရှင်များက လှူဒါန်းသည့် အလှူငွေကျပ်သိန်း ၇၀ ကို တိုင်းမှူးကလည်းကောင်း လက်ခံရယူခဲ့ကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် တောင်ငူမြို့ (၁၀)ရပ်ကွက် အုတ်ကျွတ် (၁)မူလတန်းလွန်ကျောင်း၌ ဖွင့်လှစ်ထားသည့် ယာယီရေဘေးရှောင်စခန်းရှိ ရေဘေးသင့်ပြည်သူများအား ရင်းရင်းနှီးနှီး အားပေးစကားပြောကြားကာ ရေဘေးသင့်အိမ်ထောင်စု ၁၁၈ စု၊ လူဦးရေ ၄၁၃ဦးအတွက် ဆန်၊ ဆီ၊ ကြက်ဥနှင့် အခြေခံစားသောက်ကုန်များ၊ ကလေးငယ်များအတွက် အာဟာရမုန့်များ ပေးဝေပြီး ယာယီရေဘေးရှောင်စခန်း၌ ချက်ပြုတ်ကျွေးမွေးနေမှုနှင့် သောက်သုံးရေသန့် စီစဉ်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့အတူ တောင်ငူမြို့ အမှတ်(၁)ရပ်ကွက် ရွှေဂူကြီးဘုရား၌ ဖွင့်လှစ်ထားသည့် ယာယီရေဘေးရှောင်စခန်းရှိ ရေဘေးသင့်ပြည်သူများအား တွေ့ဆုံအားပေး စကားပြောကြားပြီး ရေဘေးသင့်အိမ်ထောင်စု ၇၃ စု၊ လူဦးရေ ၂၇၂ ဦးအတွက် စောင်၊ ခြင်ထောင်၊ ခေါင်းအုံးနှင့် အခြေခံစားသောက်ကုန်များ၊ ကလေးငယ်များအတွက် အာဟာရမုန့်များ ထောက်ပံ့ပေးအပ်ကာ တိုင်းဒေသကြီးအစိုးရအဖွဲ့ အစီအစဉ်ဖြင့် ရေဘေးရှောင်စခန်းအလိုက် ချက်ပြုတ်ပြင်ဆင်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးသည် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး တော်ဝင်ဟံသာအစည်းအဝေးခန်းမ၌ ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိဌာနဆိုင်ရာဝန်ထမ်းများနှင့်တွေ့ဆုံ၍ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည် ။

**သတင်းစဉ်**

---

○ **ရွှေဖုံးမှ**

နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေး၍ သပြေတောင်းနှင့် စမုံဘူတာအကြား တံတားအမှတ်(၆၉၁) အား ပြန်လည်ပြုပြင်နိုင်ရေးအတွက် ဘေလီသံပေါင်များကို အမြန်ဆုံးပို့ဆောင်ရေး၊ တံတားနေရာသို့ ရောက်ရှိပြီးဖြစ်သည့် မြေထိုးစက်ယန္တရားများကို ပျက်စီးသွားသည့် ရထားလမ်းမြေသားတာပေါင် မြေဖို့ပြုပြင်ရာတွင် ထိရောက်စွာအသုံးပြုရေး မှာကြားခြင်း၊ ကျောက်ရထားပေါ်မှ (၆ x ၉ ) လက်မ ကျောက်ကြီးများ ထည့်သွင်းဆောင်ရွက်နေမှု အခြေအနေ၊ တံတားအမှတ်(၆၉၅)၊ (၆၉၄)၊ (၆၉၃) တို့တွင် တံတားချဉ်းကပ်လမ်းများ ရေတိုက်စားသွားသဖြင့် သံလမ်းများခေတ္တဖြုတ်သိမ်းပြီး ရထားလမ်းတာပေါင်များ ပြန်လည်ဆောင်ရွက်မည့်အခြေအနေ၊ ရေတိုက်စားမျောပါသွားသည့် လမ်းခင်းကျောက်များ ပြန်လည်ဆယ်တင်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့အတူ ပျက်စီးနေသည့် ရထားလမ်းနှင့် တံတားပြုပြင် ဆောင်ရွက်ရေးလုပ်ငန်းနေရာများ၌ Steel Girder ထည့်သွင်းခြင်း၊ သံလမ်းဖြုတ်သိမ်းခြင်း၊ သဲအိတ်စီထပ်ခြင်း၊ (၆ x ၉)လက်မ ကျောက်ကြီးများ ထည့်သွင်းခြင်း၊ တာပေါင်မြေဖို့ခြင်း၊ သံလမ်းပြန်လည်ခင်းခြင်း၊ သစ်သားဖား ထပ်ခွေခြင်း၊ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို စစ်ဆေးကာ တံတားအမှတ်(၆၉၁) နေရာ၌ ဆက်လက်ဆောင်ရွက်မည့် တံတားဘေလီသံပေါင် ထည့်သွင်းခြင်းလုပ်ငန်း အခြေအနေများကို အသေးစိတ်မှာကြား၍ စမုံနှင့် သပြေတောင်း အဆန်လမ်းပိုင်းကို စက်တင်ဘာလမကုန်မီ အမြန်ဆုံးဖွင့်လှစ်နိုင်ရေးလိုအပ်သည်များ လမ်းညွှန်မှာကြားဖြည့်ဆည်းပေးသည်။

ယင်းနောက် မြန်မာ့မီးရထား ဦးဆောင်ညွှန်ကြားရေးမှူးနှင့်အဖွဲ့သည် သာစည်မှ ဘုရားငါးဆူအထိ သွားရောက်ခဲ့ပြီး ရေတိုက်စား၍ ပျက်စီးလျက်ရှိသော သာစည်နှင့်လှိုင်းတက်ကြား၊ လှိုင်းတက်နှင့် ဘုရားငါးဆူအကြားရှိ ရထားလမ်းတာပေါင်နေရာများသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ပြုပြင်ရန်လုပ်ငန်းများကို အမြန်ဆုံးစတင် ပြုပြင်ဆောင်ရွက်နိုင်ရန် လမ်းညွှန်မှာကြားသည်။

မြန်မာ့မီးရထားအနေဖြင့် ရထားလမ်းနှင့် တံတားများ ပြင်ဆင်မွမ်းမံမှုကို လူအင်အား၊ ပစ္စည်းအင်အား၊ ထိရောက်သော ထောက်ပံ့ပို့ဆောင်ရေးအစီအစဉ်တို့ဖြင့် စနစ်တကျစီမံကြီးကြပ်ဆောင်ရွက်လျက်ရှိပြီး ရန်ကုန်-မန္တလေးရထားလမ်းပိုင်းအတွင်း ရန်ကုန်မှ မန္တလေးအထိ လူစီးရထားများ၊ ကုန်ရထားများ ဆောလျင်စွာ ပြန်လည်ပြေးဆွဲနိုင်ရေး လမ်းပိုင်းကို အမြန်ဆုံးပြုပြင် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**




ရန်ကုန်-မန္တလေးရထားလမ်း သပြေတောင်းနှင့် စမုံဘူတာအကြား ရထားလမ်းပိုင်းနှင့် တံတားများ ပြန်လည်ပြုပြင်ဆောင်ရွက်နေမှုကိုတွေ့ရစဉ်။

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

# အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေး ရှင်းလင်းဆွေးနွေး




**နေပြည်တော် စက်တင်ဘာ ၁၉**

အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စု တရားလွှတ်တော်ချုပ်တို့ ပူးပေါင်း၍ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေး ရှင်းလင်းဆွေးနွေးခြင်းအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် ပြည်ထောင်စု တရားလွှတ်တော်ချုပ် စုဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စု တရားသူကြီးချုပ် ဦးသာဌေးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများ၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ် အရာထမ်း၊ အမှုထမ်းများ၊ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး အဖွဲ့ဝင်များ တက်ရောက်ကြသည်။

**အဖွင့်အမှာစကားပြောကြား**

ဦးစွာ ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေးက အဖွင့်အမှာစကားပြောကြားရာ၌ အစိုးရဌာနဆိုင်ရာများတွင် လုပ်ကိုင်နေသော တာဝန်ရှိသူများအနေဖြင့် အဂတိလိုက်စားမှု၏ သဘောသဘာဝကိုသိရှိရန် လိုအပ်ကြောင်း၊ အဂတိလိုက်စားမှုသည် ကမ္ဘာ့နိုင်ငံများအားလုံး ကြုံတွေ့ရင်ဆိုင်ဖြေရှင်းနေရသည့် ကိစ္စဖြစ်သကဲ့သို့ မြန်မာနိုင်ငံအနေဖြင့်လည်း ဖြေရှင်းဆောင်ရွက်နေရကြောင်း၊ မြန်မာနိုင်ငံသည် ကုလသမဂ္ဂ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကွန်ဗင်းရှင်းတွင် ၂၀၀၅ ခုနှစ်ကတည်းက အဖွဲ့ဝင်အဖြစ် ပါဝင်လက်မှတ်ရေးထိုးခဲ့ပြီး ၁၆၅ နိုင်ငံမြောက် အဖွဲ့ဝင်နိုင်ငံအဖြစ် ဆောင်ရွက်လျက်ရှိကြောင်း၊ အဂတိလိုက်စားမှုတွင် လာဘ်ပေးလာဘ်ယူခြင်း (Bribery)၊ ခြိမ်းခြောက်ငွေညှစ်ခြင်း (Extortion)၊ လိမ်လည်ခြင်း (Fraud)၊ အလွဲသုံးစားပြုခြင်း (Misappropriation)၊ ဆွေမျိုးကောင်းစားရေး ပြုခြင်း (Nepotism)၊ နီးစပ်ရာကောင်းစားရေးပြုခြင်း (Cronyism)၊ အများပြည်သူပိုင် ပစ္စည်းကို ကိုယ်ပိုင်အဖြစ် သုံးစွဲခြင်း (Appropritaion of Public Assets and Property for Private Gain)၊ မလျော်ဩဇာသုံး၍ မဲဆွယ်လွှမ်းမိုးခြင်း(Influence Peddling) စသည်ဖြင့်ရှိကြောင်း၊ အဂတိလိုက်စားမှုသည် နိုင်ငံတော်၏ပုံရိပ်နှင့် စွမ်းဆောင်မှုကို ထိခိုက်စေပြီး နိုင်ငံတော်၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်များကို ထိခိုက်စေနိုင်သည့်အပြင် ကောင်းမွန်သည့် အုပ်ချုပ်ရေးစနစ်ကို လျော့ပါးစေပြီး တရားဥပဒေစိုးမိုးရေးနှင့် နိုင်ငံသားတို့၏ အခွင့်အရေးများကို ထိခိုက်စေနိုင်သည်ဖြစ်၍ အဂတိလိုက်စားမှုကင်းစင်စေရန်အတွက် ပြည်သူများကပါ ပါဝင်လုပ်ဆောင်ပေးရန် လိုအပ်ကြောင်း၊ နိုင်ငံတော်ငြိမ်းချမ်းဖွံ့ဖြိုးတိုးတက်စေရေးအတွက် တာဝန်ရှိသူအားလုံးက အဂတိလိုက်စားမှု အကျင့်ဆိုးကို လုံးဝလက်မခံဘဲ အဂတိကင်းစင်သည့် လူ့ဘောင်ဖြစ်ရန် အတူတကွ ပူးပေါင်းတိုက်ဖျက်ကြရန်လိုကြောင်း ရှင်းလင်းပြောကြားသည်။

**ပညာပေး ဆွေးနွေး**

အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်မှ ကော်မရှင်အဖွဲ့ဝင် ဦးအောင်မြင့်လွင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသန်းဇော်ဝင်း၊ ညွှန်ကြားရေးမှူး ဒေါ်ဇာဇာမိုးတို့က အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဆောင်ရွက်ချက်များ၊ စုံစမ်းစစ်ဆေးရေးဆိုင်ရာ ကိစ္စရပ်များ၊ အဂတိလိုက်စားမှု၏ သဘောသဘာဝများကို ပညာပေးဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးဝင်းဖေ ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် (မြောက်ပိုင်း)တို့မှ ဆောက်လုပ်ရေးဆိုင်ရာ ဝန်ထမ်းများနှင့်တွေ့ဆုံ




**နေပြည်တော် စက်တင်ဘာ ၁၉**

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းဖေသည် ရှမ်းပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးနေဝင်းအောင်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၌ အဆောက်အဦဦးစီးဌာန၊ လမ်းဦးစီးဌာနနှင့် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနတို့မှ အရာထမ်း၊ အမှုထမ်းများနှင့် တွေ့ဆုံသည်။

**မှာကြား**

တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက ဒေသအလိုက် တာဝန်ယူဆောင်ရွက်လျက်ရှိသည့် ဌာနဆိုင်ရာအကြီးအကဲများ၊ ဝန်ထမ်းများအနေဖြင့် မိမိတို့ကိုပေးအပ်ထားသည့်တာဝန်များကို စနစ်တကျဖြင့် အောင်မြင်အောင် ဆောင်ရွက်ရန်လိုကြောင်း၊ နိုင်ငံတော်မှချမှတ်ထားသည့် မူဝါဒများ၊ အမိန့်နှင့် ညွှန်ကြားချက်များအပေါ် တိကျစွာဖြင့် အလေးထားဆောင်ရွက်ကြရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန်၊ လမ်းများလမ်းအင်္ဂါရပ်များဖြင့် ညီစေရန်နှင့် လမ်းညွှန်အမှတ်အသားများကို စနစ်တကျဆောင်ရွက်ရန်နှင့် လမ်းဘေးဝဲ၊ ယာရေစီးရေလာကောင်းမွန်စေရေးအတွက် ရေနုတ်မြောင်းများ စနစ်တကျဆောင်ရွက်သွားရန် မှာကြားသည်။

ထို့နောက် ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးနေဝင်းအောင်၊ လမ်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းရှိန်နှင့် အင်ဂျင်နီယာချုပ် ဦးကျော်မျိုးထွဋ်တို့က လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးတင်ပြကြပြီး ဝန်ထမ်းများအတွက် ငွေကြေးနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ကာ အားပေးစကားပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် ဇေယျာသီရိမြို့နယ် ရတနာစံကျောင်းတိုက်၌ ရေဘေးရှောင်နေသော ဘုန်းတော်ကြီးကျောင်းများ၊ ဘုန်းတော်ကြီးသင် ပညာရေးကျောင်း၊ သီလရှင်ကျောင်းများရှိ ဆရာတော်၊ သံဃာတော်များနှင့် သီလရှင်များအား သင်္ကန်းနှင့် လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် စက်တင်ဘာ ၁၉**

နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် ရတနာစံကျောင်းတိုက်၌ ရေဘေးရှောင်နေသော ဘုန်းတော်ကြီးကျောင်းများ၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းနှင့် သီလရှင်ကျောင်းများမှ ဆရာတော်၊ သံဃာတော်များနှင့် သီလရှင်များအား သင်္ကန်းနှင့်လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းခြင်း အခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ရတနာစံပရိယတ္တိစာသင်တိုက် ရတနာဘိမတ ဓမ္မဗိမာန်တော်၌ ကျင်းပရာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ငါးပါးသီလခံယူဆောက်တည်**

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်ပရိသတ်များက ဇေယျာသီရိမြို့နယ် သံဃနာယကအဖွဲ့အကျိုးတော်ဆောင် စည်ပင်သာယာ ရွာဦးကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တက္ကန္ဒာ စက္ကထံမှ ငါးပါးသီလခံယူ ဆောက်တည်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက ရတနာစံ ပရိယတ္တိစာသင်တိုက်၊ စည်ပင်သာယာ ရွာဦးကျောင်း၊ ဓမ္မပါလကျောင်း၊ သာစည်ကျောင်း၊ သာသနာ့ရောင်ခြည်ကျောင်း (ကျောက်ချက်ရွာ)နှင့် မဟာသေဋ္ဌနာဒမင်းကျောင်း၊ ရွှေသာလွန်းဘုရားကြီးကျောင်း၊ ရွာသစ်ကျောင်း၊ ရှမ်းကျောင်း၊ ကျွန်းရောင်းရွာဦးကျောင်း၊ ဣန္ဒာကာရာမလေသာကျောင်း၊ သီရိရတနာဒုန်တောဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ မိုးကောင်းတောရကျောင်း၊ မြကန်သာကျောင်း၊ အောင်သပြေကျောင်း၊ စိမ်းစားပင်ကျောင်း၊ ရတနာ့ဂုဏ်ရည်ကျောင်း၊ ထိန်ပင်ကျောင်း၊ စည်ပင်ကြီးကျောင်း၊ သာယာကုန်းကျောင်း၊ သာယာစုကျောင်း၊ မိုဃ်းကောင်းကျောင်း၊ ကြို့ပင်ဆိပ်ကျောင်း၊ သီရိမင်္ဂလာကျောင်း၊ မွန်းတည့်ခွင်ကျောင်း၊ ရွာသစ်ကြီး စာသင်တိုက်၊ သာယာဝှမ်းကျောင်း၊ ပညာအလင်းရောင်ကျောင်း၊ ကျည်တောင်ရွာဦးကျောင်း၊ ညောင်ပင်ကြီးကျောင်း၊ ဥတ္တမာရုံကျောင်း၊ ရွှေပေးကျောင်း၊ ကြို့ပင်ကျောင်း၊ ပညာ့ဗိမာန်ကျောင်း၊ သာသနာ့ရောင်ခြည်ကျောင်း(သာယာကုန်းကျေးရွာ)၊ သာသနာ့ဇောတိကကျောင်း၊ ရွှေသင်းဖြူး၊ ရွှေကံ့ကော်ကျောင်း၊ ချောင်းကမ်းကြီးကျောင်းနှင့် ဓမ္မသုခလယ်ပြင်ဦးကျောင်းတို့မှ ဆရာတော်၊ သံဃာတော်များနှင့် ဇေယျမဏ္ဍိုင်သီလရှင်ကျောင်းမှ သီလရှင်ဆရာကြီးအား သင်္ကန်းနှင့် လှူဖွယ်ဝတ္ထုများ၊ အရှင်ဂဝမ္ပတိမထေရ်စာအုပ်များကို ဆက်ကပ်လှူဒါန်းကြသည်။



ယင်းနောက် ဆရာတော်၊ သံဃာတော်များ ရွတ်ဖတ်သရဇ္ဈာယ်တော်မူသည့် ရေဘေးကို တားဆီးတော်မူခဲ့သော အရှင်ဂဝမ္ပတိ မထေရ်မြတ်၏ ဂဝမ္ပတိတ္ထေရဂါထာတော်ကို နာယူကြည်ညို၍ စည်ပင်သာယာ ရွာဦးကျောင်းတိုက် ပဓာနနာယက ဆရာတော်ထံမှ အနုမောဒနာတရားနာယူပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဗုဒ္ဓသာသနာပြုဓမ္မရိပ်သာ မဟာဗောဓိမြိုင်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တကေလာသအား ဖူးမြော်ကြည်ညိုပြီး ဆန်၊ ဆီ၊ ဂဝမ္ပတိတ္ထေရဂါထာတော် စာအုပ်များနှင့် လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းပြီး မဟာဗောဓိမြိုင်တရားရိပ်သာတွင် ရေဘေးရှောင်နေသော နေပြည်တော်ကောင်စီနယ်မြေ အောင်သာရွာ၊ သာစည်ရွာ၊ ရွှေတွင်းကုန်းရွာနှင့် အေးမြင့်သာယာရွာတို့မှ ရေဘေးသင့်ပြည်သူများနှင့် တွေ့ဆုံအားပေးစကားပြောကြား၍ ပန်းပေါင်းစုံဗုဒ္ဓရုပ်ပွားတော် ၁၀၈ ဆူ၊ အစားအသောက်များနှင့် အိမ်ထောင်စုတစ်စုချင်းအလိုက် ထောက်ပံ့ငွေများ ပေးအပ်လှူဒါန်းသည်။

**ပေးအပ်လှူဒါန်း**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် မရှိခဏကျောင်းတိုက်ပဓာနနာယက ဆရာတော် ဘဒ္ဒန္တတိက္ခာစာရအား ဖူးမြော်ကြည်ညို၍ ဂဝမ္ပတိတ္ထေရဂါထာတော်စာအုပ်များနှင့် လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းပြီး မရှိခဏကျောင်း၌ ရေဘေးရှောင်နေသော နေပြည်တော်ကောင်စီနယ်မြေ သူရဲသမိန်ရွာနှင့် ဇီးကုန်းရွာတို့မှ ရေဘေးသင့်ပြည်သူများနှင့် တွေ့ဆုံအားပေးစကားပြောကြားကာ ပန်းပေါင်းစုံဗုဒ္ဓရုပ်ပွားတော် ၁၀၈ ဆူ၊ အစားအသောက်များနှင့် အိမ်ထောင်စုတစ်စုချင်းအလိုက် ထောက်ပံ့ငွေများ ပေးအပ်လှူဒါန်းသည်။

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအနေဖြင့် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်ရှိ ရေဘေးရှောင်ဘုန်းတော်ကြီးကျောင်း ၃၈ ကျောင်းနှင့် သီလရှင်ကျောင်း တစ်ကျောင်း စုစုပေါင်း ၃၉ ကျောင်းရှိ ဆရာတော်၊ သံဃာတော်များနှင့် သီလရှင်ဆရာကြီးတို့အား သင်္ကန်းနှင့် လှူဖွယ်ဝတ္ထုငွေကျပ် ၇၈ သိန်းနှင့် ရေဘေးသင့်ဒေသခံများအား ထောက်ပံ့ငွေကျပ် ၁၆၄၀၀၀၀ ကို လှူဒါန်းခဲ့သည်။ ထို့ပြင် စက်တင်ဘာ ၁၃ ရက်၊ ၁၄ ရက်နှင့် ၁၉ ရက်တို့တွင် ရေဘေးရှောင်ဘုန်းတော်ကြီးကျောင်းနှင့် သီလရှင်ကျောင်း စုစုပေါင်း ၉၄ ကျောင်းတို့အား ဝတ္ထုငွေကျပ် ၁၈၈ သိန်းနှင့် သင်္ကန်း ၅၆၄ စုံ၊ ပန်းပေါင်းစုံဗုဒ္ဓရုပ်ပွားတော် ၄၈၆ ဆူ၊ ဆန်၊ ဆီ၊ စားသောက်ဖွယ်ရာများ၊ သွားတိုက်ဆေး၊ သွားတိုက်တံ၊ တဘက်၊ ဆပ်ပြာမှုန့် စသည့် ဝတ္ထုပစ္စည်းများကို လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရမည်းသင်းခရိုင်အတွင်းနှင့် တပ်ကုန်းမြို့နယ်အတွင်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၁၉**

အသက်မွေး ဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်ထူထောင်ရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် ရေဘေးသင့်ခဲ့သည့် မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင်အတွင်းနှင့် တပ်ကုန်းမြို့နယ်အတွင်းရှိ ကျေးရွာများသို့ သွားရောက်ကြည့်ရှုအားပေးစကားပြောကြားသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရမည်းသင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ခရိုင်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ဝင်များနှင့် တွေ့ဆုံရာ ခရိုင် သဘာဝဘေးအန္တရာယ် ဆိုင်ရာ စီမံခန့်ခွဲမှုဥက္ကဋ္ဌက ရမည်းသင်းခရိုင်အတွင်း ရေကြီးရေလျှံမှုများကြောင့် လူနေအိမ်များ၊ စာသင်ကျောင်းများ၊ လမ်း၊ တံတားများ၊ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ပျက်စီးဆုံးရှုံးမှုနှင့် ရေဘေးသင့်ပြည်သူများအား စားသောက်ကုန်၊ လူသုံးကုန်နှင့် ကျန်းမာရေး ထောက်ပံ့ပေးနေမှုနှင့် ပြန်လည်ထူထောင်ရေး ဆောင်ရွက်ပေးနေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးက ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာဌာနများအားလုံး ဝိုင်းဝန်းဆောင်ရွက်ကြရန်နှင့် ရေဘေးသင့်ဒေသများ မူလအခြေအနေထက် သာလွန်အောင် ဆောင်ရွက်သွားရန်၊ လမ်းပန်း ဆက်သွယ်ရေး ပြတ်တောက်မှုမရှိစေရေး အမြန်ဆုံးဆောင်ရွက်သွားရန် မှာကြားပြီး ရေဘေးသင့်ပြည်သူများအတွက် ငွေကျပ် ၅၅ ဒသမ ၇၄၅ သိန်း တန်ဖိုးနှင့်ညီမျှသည့် ဆန်၊ ဆီအပါအဝင် စားသောက်ကုန်ပစ္စည်းများကို ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် ပျော်ဘွယ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဝင်များနှင့်တွေ့ဆုံရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌက ပျော်ဘွယ်မြို့နယ်အတွင်း ရေကြီးရေလျှံခဲ့မှုနှင့် ပျက်စီးဆုံးရှုံးမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်မှာကြား၍ ရေဘေးသင့်ပြည်သူများအတွက် ဆန်၊ ဆီ အပါအဝင် စားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်ကြသည်။

ဆက်လက်၍ ပျော်ဘွယ်မြို့နယ် အရှေ့လျှော်ဖြူကုန်းကျေးရွာရှိ ဘုန်းတော်ကြီးကျောင်း၌ ဖွင့်လှစ်ထားသည့် ယာယီရေဘေး ကာကွယ်ရေးစခန်းတွင် ရောက်ရှိနေသည့် လျှော်ဖြူကုန်းကျေးရွာ ရေဘေးသင့်ပြည်သူများနှင့် တွေ့ဆုံအားပေးစကားပြောကြားပြီး ရေဘေးသင့်ပြည်သူများအတွက် ဆန်၊ ဆီ အပါအဝင် စားသောက်ကုန် ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို ထောက်ပံ့ပေးအပ်သည်။

ထို့နောက် ပျော်ဘွယ်မြို့နယ် ဘုရားငါးဆူလမ်းမှ နေပူကုန်း-ဆူးချင်ကုန်း ကျေးရွာချင်းဆက်လမ်း ရေတိုက်စားပျက်စီးမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ပြန်လည်ပြင်ဆင်ဆောင်ရွက်သွားရန် ဆွေးနွေးမှာကြားသည်။

ယင်းနောက် ပျော်ဘွယ်မြို့ စိုက်ပျိုးရေးဦးစီးဌာန ဝါသီးနှံမျိုးသန့်ခြံရှိ ရှင်းလင်းဆောင်၌ ပျော်ဘွယ်မြို့နယ်အတွင်းရှိဆီထွက်သီးနှံ နေကြာစိုက်တောင်သူများ၊ ဝါစိုက်တောင်သူများနှင့် တွေ့ဆုံပြီး ပျော်ဘွယ်မြို့နယ်အတွင်း သမဝါယမအသင်း သုံးသင်းမှ နေကြာစိုက်အသင်းသား တောင်သူ ၆၀ ၏ စိုက်ပျိုးမြေဧက ၂၁၂ ဧကအတွက် ရေဆင်းစပ်မျိုး နေကြာမျိုးစေ့နှင့် သွင်းအားစုများကို တောင်သူများထံ ပေးအပ်သည်။

ဆက်လက်၍ ရမည်းသင်းမြို့နယ် ဆည်ကြီးကျေးရွာအုပ်စု ညောင်အိုင်ကျေးရွာ၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနပိုင် ရွေ့လျားရေသန့်စင်ကားဖြင့် သောက်သုံးရေ ဖြန့်ဝေပေးနေမှု၊ ကျေးရွာရှိ စက်ရေတွင်း၊ လူနေအိမ်များနှင့် စာသင်ကျောင်း ရေကြီးနစ်မြုပ်ခဲ့ပြီး နုန်းများ တင်ကျန်နေမှု၊ ကျေးရွာချင်းဆက်လမ်းများ လမ်းပခုံး ပျက်စီးမှုအခြေအနေများကိုလည်းကောင်း၊ ချောင်းခွကျေးရွာအဝင် နဝင်းချောင်း တံတား(ချောင်းခွ) တံတားကမ်းကပ်ခုံများ ပျက်စီးခြင်း၊ ချဉ်းကပ်လမ်း ရေတိုက်စား၍ လမ်းတာပေါင် ပျက်စီးခြင်းများ ဖြစ်ပေါ်ခဲ့သဖြင့် လမ်းပန်းဆက်သွယ်မှု မပြတ်တောက်စေရေး ပြန်လည်ပြင်ဆင် ဆောင်ရွက်ပြီးမှုများကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဆွေးနွေးမှာကြားကာ ကျေးရွာ၌ အခြေချပြန်လည်နေထိုင်သည့် ချောင်းခွကျေးရွာရှိ အိမ်ထောင်စု ၅၈ စု၊ မကျီးပင်ကျေးရွာရှိ အိမ်ထောင်စု ၂၀၊ အမှတ်(၁၀၉) ခြေမြန်တပ်ရင်းရှိ ရေဘေးသင့်တပ်မိသားစုများနှင့် ရေဘေးရှောင်အိမ်ထောင်စု ၁၁၀ တို့အတွက် အိမ်ထောင်စုတစ်စုလျှင် ဆန်ခြောက်ပြည်နှင့် ဆီ ၅၀ ကျပ်သားစီ ထောက်ပံ့ပေးအပ်သည်။

**တပ်ကုန်းမြို့နယ် ချောင်းခွကျေးရွာအဝင် နဝင်းချောင်းကူးတံတား (ချောင်းခွ) အား ပြန်လည်ပြင်ဆင်ပြီးဖြစ်ပါသဖြင့် အများပြည်သူများ ပုံမှန်ဖြတ်သန်းသွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။**

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း ရှမ်းပြည်နယ် ကလောမြို့ရှိ ရေဘေးသင့်ပြည်သူများအား တွေ့ဆုံအားပေး



**နေပြည်တော် စက်တင်ဘာ ၁၉**

အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဒုတိယဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းဖေ၊ ရှမ်းပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ် ကလောမြို့၌ စက်တင်ဘာ ၁၀ ရက်မှ ၁၂ ရက်အတွင်း မိုးရေချိန် ၁၂ လက်မခန့်ရွာသွန်းကာ ကလောချောင်းရေမြင့်တက်မှုကြောင့် ရေဘေးသင့်နေရာများသို့ သွားရောက်ကြည့်ရှုပြီး ရေဘေးသင့်ပြည်သူများနှင့် တွေ့ဆုံသည်။

**ထောက်ပံ့ပေးအပ်**

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ကလောမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းတွင် ရေဝင်ရောက်မှုကြောင့် ထိခိုက်ဆုံးရှုံးမှုအခြေအနေများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ စေတနာ့ဝန်ထမ်းများက ကျောင်းအတွင်း အပျက်အစီးများ ရှင်းလင်းဖယ်ရှား၍ သန့်ရှင်းရေးဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။

ထို့နောက် ယာယီရေဘေးရှောင်စခန်းဖွင့်လှစ်ထားသည့် ကလောမြို့ရှိ မြို့မပရိယတ္တိစာသင်တိုက် ဆရာတော်အား ဖူးမြော်ကြည်ညို၍ သင်္ကန်းပရိက္ခရာ၊ စားသောက်ဖွယ်ရာနှင့် ဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းကာ ရေဘေးသင့်သူများအား စောင့်ရှောက်ထားရှိမှု အခြေအနေကို မေးမြန်းလျှောက်ထားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က ရေဘေးသင့်ပြည်သူများ ယာယီရေဘေးရှောင်စခန်းတွင် စားသောက်နေထိုင်မှုအခြေအနေ၊ သောက်သုံးရေရရှိစေရန် ဆောင်ရွက်ထားရှိမှုအခြေအနေ၊ အပျက်အစီးနှင့် ရွှံ့နွံများရှင်းလင်းဖယ်ရှားပြီး မိမိနေအိမ်များသို့ အမြန်ဆုံးပြန်လည်နေထိုင်နိုင်ရန် ဆောင်ရွက်ရမည့် အခြေအနေများနှင့် ကျောင်းနေအရွယ်ကလေးများ အမြန်ဆုံးကျောင်းပြန် တက်ရောက်နိုင်ရေး မိဘပြည်သူများကပါ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးရမည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ခရီးစဉ်တွင် ကလောမြို့နယ်၌ ဖွင့်လှစ်ထားသည့် ယာယီရေဘေးရှောင်စခန်း ၁၂ ခုမှ အိမ်ထောင်စု ၁၄၅ စု၊ ရေဘေးသင့်သူ ၅၃၂ ဦးအတွက် ဆန်ရိက္ခာဖိုးနှင့် ကယ်ဆယ်ရေးပစ္စည်းများ၊ စားနပ်ရိက္ခာများအား ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့က ထောက်ပံ့ပေးအပ်ခဲ့သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ကလောချောင်း ရေစီးရေလာအားနည်းမှုကြောင့် ရေကြီးရေလျှံခြင်းနှင့် ပျက်စီးဆုံးရှုံးခြင်းများဖြစ်ပေါ်နေမှုကို သွားရောက်ကြည့်ရှုရာ တာဝန်ရှိသူများက ကလောချောင်းအတွင်းသို့ ချောင်းဘေးဝဲယာတွင် နေထိုင်သူများက ရေနည်းချိန်၌ မြေဖို့ကျူးကျော်ခြင်းကြောင့် ချောင်းအလွန်ကျဉ်းမြောင်းသွားခဲ့မှု၊ ချောင်းအတွင်း စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်ခြင်းကြောင့် ချောင်းတိမ်ကောလာမှု၊ တံတားများအား ခွင့်ပြုချက်တောင်းခံခြင်းမရှိဘဲ စိတ်ကြိုက်ပုံစံဖြင့်ဆောက်လုပ်ထားမှုများကြောင့် တောင်ကျရေစီးချိန်၌ ရေစီးနှောင့်နှေးခဲ့မှု၊ နောင်နှစ်များတွင် အလားတူမဖြစ်စေရေး၊ မူလချောင်းနယ်နိမိတ်အတိုင်းဖြစ်စေရေး ဆောင်ရွက်မည့် လျာထားအစီအစဉ်တို့ကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးက ဘေးအန္တရာယ်လျော့ပါးရေးအတွက် ဆောင်ရွက်သင့်သည်တို့ကို အကြံပြုမှာကြားသည်။

ရေဘေးသင့်ပြည်သူများအား စေတနာရှင်၊ အလှူရှင်များက အလှူငွေနှင့် စားသောက်ဖွယ်ရာများ နေ့စဉ်လှူဒါန်းလျက်ရှိရာ ယနေ့တွင် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး(ငြိမ်း)နှင့် ဇနီး ဒေါ်မြမြစန်း မိသားစုက ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးရှေ့ တပေါင်းကွင်းရှိ ရေဘေးသင့်ပြည်သူများအား နေ့လယ်စာထမင်းဘူး ၃၀၀ သွားရောက်လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရှမ်းပြည်နယ်ဝန်ကြီးချုပ် ရေကြီးရေလျှံဖြစ်ပွားခဲ့သည့် ရွှေညောင်မြို့၊ ကလောမြို့တို့တွင် ရေပြန်ကျ၍ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှု ကွင်းဆင်းကြည့်ရှုအားပေး၊ စားသောက်ဖွယ်ရာများပေးအပ်လှူဒါန်း



**တောင်ကြီး စက်တင်ဘာ ၁၉**

ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့သည့် ရွှေညောင်မြို့၊ ကလောမြို့တို့ရှိ ရပ်ကွက်များ၌ ရေများပြန်လည် ကျဆင်းသွားပြီဖြစ်ရာ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုကို စက်တင်ဘာ ၁၈ ရက် နံနက်ပိုင်းက ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးခဲ့သည်။

**ကြည့်ရှုစစ်ဆေး**

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် တောင်ကြီးမြို့ ကျက်သရေဆောင် ရွှေဘုန်းပွင့်စေတီတော်ကြီး အတက်လမ်း ညာဘက်ရှိ မြေထိန်းနံရံပြုလုပ်ဆောင်ရွက်နေမှုကိုကြည့်ရှုစစ်ဆေးကာ အချိန်မီအမြန်ပြီးစီးရေး လိုအပ်သည်များ မှာကြားခဲ့သည်။

ထိုမှတစ်ဆင့် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် သဘာဝဘေးဒဏ်ကြောင့် ရေကြီး၊ ရေလျှံဖြစ်၍ ရေနစ်မြုပ်ခဲ့သည့် ရွှေညောင်မြို့တွင် ရေများပြန်လည်ကျဆင်းသွားသည့် ပြည်ထောင်စုလမ်းမကြီးနှင့် သာသနဝိပုလတာယောကျောင်းတိုက် အဝင်လမ်း၌ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ကလောမြို့ အင်းပြင်ရေထွက်နှင့် လျှပ်စစ်ထရန်စဖော်မာ ပြုပြင်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား ရေနှင့် လျှပ်စစ်မီးများ အမြန်ဆုံးဖြန့်ဝေပေးနိုင်ရန် အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးကြရန် မှာကြားခဲ့ကာ ကလောမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ ဒေသခံပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များက ရေကြီး၊ ရေလျှံဖြစ်ပွားခဲ့ပြီး ရေပြန်လည်ကျသွား၍ ကျန်ခဲ့သည့် ရွှံ့နွံနှင့်နုန်းမြေများအား လူအင်အား၊ စက်အင်အားများဖြင့် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးသည်။ သန့်ရှင်းရေးဆောင်ရွက်နေသည့် အဖွဲ့များအား စားသောက်ဖွယ်ရာများ လှူဒါန်းပေးခဲ့ကြပြီး ပြည်နယ်ဝန်ကြီးချုပ်က စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ရာတွင် လူအင်အားများ ဖြန့်ခွဲ၍ နေရာကဏ္ဍအလိုက် စနစ်တကျ ဆောင်ရွက်ပေးကြရန် သက်ဆိုင်ရာ တာဝန်ရှိသူများကို မှာကြားခဲ့သည်။

**စုပေါင်းသန့်ရှင်းရေးဆောင်ရွက်**

အဆိုပါ ကလောမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းတွင် စာသင်ခန်းမများထဲသို့ ရေများ ၁၁ ပေ အမြင့်ခန့် ဝင်ရောက်ပြီး ရေပြန်လည်ကျဆင်းသွားရာ ရွှံ့နွံ၊ နုန်းမြေများ ငါးပေခန့် ကျန်ရှိနေသဖြင့် ဘော်နင်းကျေးရွာမှ ဒေသခံပြည်သူ ၆၀၀ ခန့် လာရောက် စုပေါင်း သန့်ရှင်းရေးများ ဆောင်ရွက်ပေးသည်။

၎င်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကလောမြို့ ခရိုင်တရားရုံးရှေ့၊ မြို့တော်ခန်းမ အတွင်းအပြင်၊ ကလောမောမြေဦးပန်းခြံရှေ့၊ ကလောဘူတာလမ်းတို့၌ စက်ယန္တရားဖြင့် ရေစီးရေလာ ကောင်းမွန်ရေးအတွက် ရေနုတ်မြောင်းတူးဖော်နေမှုနှင့် ဒေသခံပြည်သူများက စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးခဲ့ပြီး ရေဘေးဒဏ်ခံရသည့် ပြည်သူများကို နန်းသြကျေးရွာ၊ အင်းခေါင်ကျေးရွာမှ ပြည်သူများက စားသောက်ဖွယ်ရာများ လာရောက်ပါဝင်လှူဒါန်းပေးခဲ့သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကလောမြို့ ဓမ္မစကြာရိပ်သာသို့ သွားရောက်၍ ဆရာတော် အရှင်ကောသလ္လအား ဖူးမြော်ကြည်ညိုကာ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပေးပြီး ဓမ္မစကြာရိပ်သာတွင် ရေဘေးသင့် ပြည်သူများနှင့် စည်ပင်သာယာရေးဌာနမှ ဝန်ထမ်းများကို ပြည်နယ်ဝန်ကြီးချုပ်က စားသောက်ဖွယ်ရာများနှင့် အသုံးအဆောင်ပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့သည်။

သဘာဝဘေးဒဏ်ကြောင့် စက်တင်ဘာ ၁၇ ရက်အထိ ရှမ်းပြည်နယ်အတွင်း လူနေအိမ်ပြိုကျ ၈၇၉ အိမ်၊ ရေမျောပါ ၆၇၅ အိမ်၊ ထိခိုက်ဒဏ်ရာရ ၄၇ ဦး၊ ရေမျောပါ ရှစ်ဦး၊ သေဆုံး ၇၇ ဦး ရှိကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**



# ရေဘေးရှောင်ပြည်သူများနှင့် ကိုယ်ဝန်ဆောင်မိခင်များအား လူသုံးကုန်ပစ္စည်းများနှင့် စားသောက်ဖွယ်ရာများ လှူဒါန်း

**တောင်ငူ စက်တင်ဘာ ၁၉**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ်ရှိ ရေဘေးရှောင်စခန်းများမှ ပြည်သူများနှင့် တောင်ငူခရိုင်အထွေထွေရောဂါကုဆေးရုံကြီးရှိ ရေဘေးရှောင်ကိုယ်ဝန်ဆောင်မိခင်များအား ပဲခူးတိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဝင်များနှင့် ပဲခူးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ဝင်များက စက်တင်ဘာ ၁၇ ရက်က လူသုံးကုန်ပစ္စည်းများနှင့် စားသောက်ဖွယ်ရာများ လှူဒါန်းခဲ့သည်။

ထိုသို့လှူဒါန်းရာတွင် ပဲခူးတိုင်းဒေသကြီး မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်နန်းမြင့်သီတာနှင့် အဖွဲ့ဝင်များ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဝင်များက တောင်ငူမြို့နယ် အမှတ်(၂)ရပ်ကွက် အထက(၃)ကျောင်းရှိ ရေဘေးရှောင်ပြည်သူများနှင့် မွေးဖွားမိခင် ငါးဦးတို့အား လူသုံးကုန်ပစ္စည်းများနှင့် အဝတ်အထည်များ ထောက်ပံ့ပေးအပ်ခဲ့သည်။

ဆက်လက်၍ တောင်ငူခရိုင်ပြည်သူ့ဆေးရုံကြီးရှိ မွေးဖွားမိခင် ၂၂ ဦးတို့အား ငွေကျပ်သုံးသိန်းဖိုးရှိ လူသုံးကုန်ပစ္စည်းများနှင့် စားသောက်ဖွယ်ရာများ၊ kit ထုပ်များ ထောက်ပံ့ပေးအပ်ခဲ့ပြီး ကေတုမတီသီတဂူဗုဒ္ဓတက္ကသိုလ်ရှိ ရေဘေးရှောင်ပြည်သူများအား ငွေကျပ်ရှစ်သိန်းတန်ဖိုးရှိ လူသုံးကုန်ပစ္စည်းများ၊ အဝတ်အထည်များနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဇော်ကိုကို (တောင်ငူ)**



## နေပြည်တော် ရေဘေးသင့်ပြည်သူများအတွက် ဆန်နှင့် ထောက်ပံ့ပစ္စည်းများ လှူဒါန်း

**ရန်ကုန် စက်တင်ဘာ ၁၉**

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ငါးထပ်ကြီးမြောက်ရပ်ကွက် လိပ်ပြာကန်ကျောင်းတိုက် နန္ဒာအောင်မြေကျောင်းဆရာတော် ဒေါက်တာ ဘဒ္ဒန္တနိမလ ဦးဆောင်၍ သမ္မတဖောင်ဒေးရှင်းနှင့် အလှူရှင်တို့က တောင်ငူမြို့နယ်၊ ပျဉ်းမနားမြို့နယ်၊ တပ်ကုန်းမြို့နယ်၊ ရမည်းသင်းမြို့နယ်တို့ရှိ ရေဘေးသင့်ပြည်သူများအတွက် အလှူငွေနှင့် ပစ္စည်းများ လှူဒါန်းခြင်းကို စက်တင်ဘာ ၁၆ ရက်ညနေပိုင်းက ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရေတာရှည်လမ်းဟောင်း သမ္မတသက်န်းတိုက်၌ ပြုလုပ်သည်။

နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ရေဘေးသင့်ပြည်သူများအတွက် သမ္မတဖောင်ဒေးရှင်း၊ မြန်မာနိုင်ငံဟိုတယ်လုပ်ငန်းရှင်များအသင်း အလှူရှင်များက အမျိုးသား၊ အမျိုးသမီးအဝတ်အထည်မျိုးစုံ၊ စောင်နှင့်ဆန်အိတ်များ၊နန္ဒာအောင်မြေဖောင်ဒေးရှင်း ဦးဆောင်နာယကဆရာတော်၊ ကြာနီကန်ကျောင်းဆရာတော်၊ အာသောကဓမ္မရိပ်သာကျောင်းဆရာတော်၊ ချင်းတွင်းကျောင်းဆရာတော်တို့က သံဃာ့အသုံးအဆောင်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများ စုစုပေါင်းကျပ်သိန်း ၁၀၀၀ ခန့်ရှိ အလှူပစ္စည်းများကို ရုပ်ရှင်သရုပ်ဆောင် အကယ်ဒမီ နေအောင်အား ပေးအပ်ကြသည်။ အဆိုပါအလှူပစ္စည်းများကို ရုပ်ရှင်သရုပ်ဆောင် အကယ်ဒမီ နေအောင်က သွားရောက်လှူဒါန်းမည်ဖြစ်ကြောင်း သိရသည်။

**ကြေးမုံ**



နှစ် (၆၀) ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ဘုရားတောင်အမြန်လမ်းမကြီးရဲစခန်းမှ စခန်းမှူး ရဲအုပ်စိုးနိုင်ထွန်း ဦးစီး၍ တပ်ဖွဲ့ဝင်များ စက်တင်ဘာ ၁၉ ရက် နံနက်ပိုင်းက နေပြည်တော် ဥတ္တရသီရိမြို့နယ် ဘုရားတောင်ကျေးရွာ ရွှေလရောင်ဘုန်းတော်ကြီးကျောင်းဝင်းအတွင်း သန့်ရှင်းသာယာလှပရေးအတွက် ပေါင်းမြက်များ စုပေါင်းရှင်းလင်းစဉ်။ ကိုလွင်(ဆွာ)



ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ် မြို့နယ်သမဝါယမအသင်းစုလီမိတက်၏ ၂၀၂၃/၂၀၂၄ ဘဏ္ဍာနှစ် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို စက်တင်ဘာ ၁၉ ရက် မွန်းလွဲ ၁ နာရီခွဲက မြို့နယ်သမဝါယမအသင်းစုလီမိတက်ရုံးခန်း၌ ကျင်းပရာ သဘာပတိအဖြစ် အသင်းဥက္ကဋ္ဌ ဦးဝင်းတင်က ဆောင်ရွက်ပြီး တိုင်းဒေသကြီးသမဝါယမဦးစီးဌာနရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်စွာသိမ်း သမဝါယမလုပ်ငန်းဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းပြောကြားစဉ်။

သျှင်ဝင်းသျှင်

# ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် ရေသောက်စနစ်များ ရာသီချိန်မီ အသုံးပြုနိုင်ရေး ဒေသအလိုက် ကွင်းဆင်းဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၁၉**



စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့တွင် ရာဂီမုန်တိုင်း အကြွင်းအကျန် လေပွေလှိုင်းအရှိန်ဖြင့် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ဖြစ်ပေါ်ခဲ့သည့် ရေကြီးရေလျှံမှုတွင် ထိခိုက်ပျက်စီးခဲ့သော ဆည်တမံရေပေးမြောင်း၊ ရေသောက်မြောင်းများ၊ မြစ်ရေတင်လုပ်ငန်းများ၊ ဆိုလာစနစ်မြေအောက်ရေတင်လုပ်ငန်းများ အချိန်မီ ပြန်လည်အသုံးပြုနိုင်ရေးအတွက် ဒေသအလိုက် ကွင်းဆင်းဆောင်ရွက်သည်။

**ကြည့်ရှုစစ်ဆေး**

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ညနေပိုင်းတွင် နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ဘဲကုန်းကျေးရွာ မိုးစပါးစိုက်ကွင်းတွင် စိုက်ပျိုးရေးဦးစီးဌာနက သက်တမ်းတိုစပါးမျိုးများ ပျိုးထောင်နေမှုကို ကြည့်ရှုစစ်ဆေးပြီး မိုးစပါးထိခိုက်ပျက်စီးခဲ့သည့် လုပ်ကွက်ငယ်တောင်သူများ ရာသီအချိန်မီ ပြန်လည်စိုက်ပျိုးနိုင်ရေးအတွက် သက်တမ်းတို ရက် ၉၀ မျိုးစပါးများ၊ အသင့်ပျိုးထောင်ပြီး ပျိုးပင်များ ထောက်ပံ့ပေးနိုင်ရေး၊ မိုးစပါးပြန်လည် စိုက်ပျိုးခြင်းအတွက် စက်မှုလယ်ယာဦးစီးဌာနက ထွန်ယက်ပေးရေး၊ ကောက်စိုက်စက်အသုံးပြုစိုက်ပျိုးနိုင်ရေးနှင့် လိုအပ်ချက်များ ကူညီပံ့ပိုးပေးနိုင်ရေး တာဝန်ရှိသူများအား ဆွေးနွေးမှာကြားသည်။

ထို့နောက် ဇေယျာသီရိမြို့နယ် ရှားစေးဖိုကျေးရွာရှိ ဆင်သေ ရေတင်စက်ရုံ ပြန်လည်ပြုပြင်အသုံးပြုနိုင်ရေးနှင့် လက်ယာ (၁) မြောင်းမကြီး ပြုပြင်နေမှုကိုလည်းကောင်း၊ ဇေယျာသီရိမြို့နယ်နှင့် ပျဉ်းမနားမြို့နယ်တို့ရှိ ရေဆင်း ဆည်ရေသောက်မြောင်းများပြုပြင်နေမှုကိုလည်းကောင်း၊ တပ်ကုန်းမြို့နယ်ရှိ ဆိုလာစနစ်မြေအောက် ရေတင်စက်များ ပြန်လည်အသုံးပြုနိုင်ရန် မွမ်းမံပြင်ဆင်မှုလုပ်ငန်းများကို လည်းကောင်း ကွင်းဆင်းစစ်ဆေးပြီး ဒေသခံတောင်သူများ၏ တင်ပြချက်များကို ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ထို့အတူ မိတ္ထီလာလွင်ပြင်ရှိ ဆည်တမံများ ရေသောက်စနစ်များ ထိခိုက်ပျက်စီးမှုကို အမြန်ဆုံးပြုပြင်အသုံးပြုနိုင်ရန် ကွင်းဆင်းဆောင်ရွက်လျက်ရှိသော ဒုတိယဝန်ကြီး ဦးဖိုလ်ဖိုလ်ကျော်နှင့်အဖွဲ့သည် ပျော်ဘွယ်မြို့နယ်ရှိ မင်းသားကြီးကန် မြေသားပေါင်ထိခိုက်ပျက်စီးခဲ့မှုကို လည်းကောင်း၊ သာစည်မြို့နယ်ရှိ စမုံရေထိန်းတမံတွင် ရေတိုက်စားမှုကြောင့် ထိခိုက်ပျက်စီးမှုများကို စက်ယန္တရားများ အသုံးပြု၍ ပြန်လည်ပြုပြင်ဆောင်ရွက်နေမှုကိုလည်းကောင်း စစ်ဆေးပြီး စနစ်တကျပြန်လည်ပြုပြင်စီမံ၍ ရာသီချိန်အမီ ရေသိုလှောင်နိုင်ရေးနှင့် မူလရေသောက်ဧရိယာ ၂၁၆ ဧကကို စိုက်ပျိုးရေ ပြန်လည်ပေးဝေနိုင်ရေး တာဝန်ရှိသူများအား ဆွေးနွေးမှာကြားသည်။

**ဆွေးနွေးမှာကြား**

ယင်းနောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် မြစ်သားမြို့နယ်ရှိ ကင်းတား လက်ဝဲမြောင်းမကြီး ရေငုပ်ပြွန်နှင့် စမုံရော်ဘာတမံ ရေကျော်၍ထိခိုက်ပျက်စီးခဲ့မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ပြန်လည်ပြုပြင်ရမည့် လုပ်ငန်းစဉ်များ၊ ရေသောက်စနစ်အတွင်း ပုံမှန် ရေပေးဝေနိုင်ရေးအတွက် ရေတင်ပန့် တပ်ဆင်အသုံးပြုနိုင်ရေး နည်းလမ်းများရှာဖွေဖော်ထုတ်ဆောင်ရွက်ရန်၊ ကြီးမားသော ထိခိုက်မှုမရှိခဲ့သည့် ဇော်ဂျီရေသောက်၊ ကင်းတားရေသောက်စနစ်များတွင် စိုက်ပျိုးထုတ်လုပ်မှု အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာဌာနများ ပူးပေါင်းကြိုးပမ်းကြရန် တာဝန်ရှိသူများအား ဆွေးနွေးမှာကြားသည်။

ထို့နောက် ဒေသခံတောင်သူများနှင့်တွေ့ဆုံပြီး သီးနှံထိခိုက်ပျက်စီးမှုများအား ပြန်လည်ကုစားနိုင်မည့် နည်းလမ်းများနှင့် လိုအပ်သည့်အကူအညီများကို သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်ရယူပြီး ဒေသ၏ လယ်ယာကုန်ထုတ်စွမ်းအား ကျဆင်းမသွားစေရေး ဝိုင်းဝန်း ကြိုးပမ်းပေးကြရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ရေဘေးသင့်ပြည်သူများအား အလှူငွေနှင့် အလှူပစ္စည်းများ လှူဒါန်း

**တောင်ငူ စက်တင်ဘာ ၁၉**



ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ သာသနာ့ဗိမာန်တော်ကြီး၌ ဖွင့်လှစ်ထားသည့် တောင်ငူခရိုင်ဘေးအန္တရာယ်ဆိုင်ရာ စီမံကွပ်ကဲမှုအဖွဲ့ရုံး၌ မြန်မာနိုင်ငံလုံးဆိုင်ရာ အစ္စလာမ်ဘာသာရေးအဖွဲ့ကြီး၊ သဘာဝဘေးသင့်ပြည်သူများပံ့ပိုးကူညီရေးကော်မတီနှင့် ချယ်ရီဦးနာရီလုပ်ငန်းစု၊ ဘားလမ်းမွတ်စလင်မ်ကုသိုလ်ဖြစ် ဆေးရုံတို့က ရေဘေးသင့်ပြည်သူများအား ငွေကျပ်သိန်း ၁၁၀ နှင့် ကျပ်သိန်း ၂၀၀ တန်ဖိုးရှိ လူသုံးကုန်ပစ္စည်းများ ပံ့ပိုးကူညီလှူဒါန်းခြင်းအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက ကျင်းပသည်။

ဦးစွာ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် အောင်ခိုင်ချိုက ကျေးဇူးတင်အမှာစကားပြောကြားသည်။ ထို့နောက် မြန်မာနိုင်ငံလုံးဆိုင်ရာ အစ္စလာမ်ဘာသာရေးအဖွဲ့ကြီး၊ သဘာဝဘေးသင့်ပြည်သူများ ပံ့ပိုးကူညီရေးကော်မတီဥက္ကဋ္ဌ ဦးကျော်နိုင်ဦးနှင့်အဖွဲ့ဝင်များက ငွေကျပ်သိန်း ၁၀၀ နှင့် အိမ်ထောင်စု ၁၀၀ အတွက် ကျပ်သိန်း ၁၀၀ တန်ဖိုးရှိ ဆန်၊ ဆီ၊ ကြက်သွန်၊ ငါးသေတ္တာ၊ ခေါက်ဆွဲ၊ လက်ဖက်နှင့် လူသုံးကုန်ပစ္စည်းများ၊ ချယ်ရီဦးလုပ်ငန်းစုမှ CEO ဦးကျော်ကျော်မိုးက အိမ်ထောင်စု ၁၀၀ အတွက် ကျပ်သိန်း ၁၀၀ တန်ဖိုးရှိ လူသုံးကုန်ပစ္စည်းများ၊ ဘားလမ်း မွတ်စလင်မ်ကုသိုလ်ဖြစ်ဆေးရုံက ငွေကျပ် ၁၀ သိန်းကို လှူဒါန်းရာ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် အောင်ခိုင်ချိုက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

## ထူးခြားသည့်အခြေအနေ

**နေပြည်တော် စက်တင်ဘာ ၁၉**

ယနေ့ညနေ ၄ နာရီခွဲ တိုင်းထွာချက်များအရ တောင်တရုတ်ပင်လယ်ပြင်တွင် ဖြစ်ပေါ်နေသော အပူပိုင်းမုန်တိုင်း "ဆိုးလစ်ခ်(SOULIK)"သည် အနောက်ဘက်သို့ရွေ့လျားခဲ့ပြီး ဗီယက်နမ်နိုင်ငံကမ်းခြေကို ဒါနန်းမြို့ (Da Nang)၏မြောက်ဘက်မှ ဖြတ်ကျော်လျက်ရှိသည်။ အဆိုပါ အပူပိုင်းမုန်တိုင်း "ဆိုးလစ်ခ်(SOULIK)"သည် ဗီယက်နမ်နိုင်ငံ ကုန်းတွင်းပိုင်းဒေသများကို ဆက်လက်ဖြတ်ကျော်နိုင်ကာ ၂၀၂၅ ခုနှစ် စက်တင်ဘာ ၂၀ ရက်တွင် အပူပိုင်းမုန်တိုင်း "ဆိုးလစ်ခ် (SOULIK)"၏ အကြွင်းအကျန်တိမ်တိုက်များနှင့် လေပွေလှိုင်းသည် မြန်မာနိုင်ငံအရှေ့တောင်ပိုင်းဒေသများသို့ စတင်ဖြတ်ကျော်ပြီးနောက် အနောက်-အနောက်တောင်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ပြီး ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်းအဖြစ်သို့ ပြန်လည်အစပျိုး အားကောင်းလာနိုင်သည်။

**မိုး/ဇလ**

## အလှူရှင်များသို့ တိုက်တွန်းပန်ကြားချက်

**၂၀၂၄ ခုနှစ် စက်တင်ဘာလ ၁၉ ရက်**

၁။ နိုင်ငံအတွင်း လတ်တလောဖြစ်ပွားခဲ့သော ရေကြီးရေလျှံမှုများကြောင့် ယာယီကယ်ဆယ်ရေးစခန်းများတွင် ခေတ္တလာရောက်နေထိုင်နေသူများနှင့် ရေဘေးသင့်ကျေးရွာ၊ ရပ်ကွက်များရှိ မိမိတို့၏ နေအိမ်များတွင် နေထိုင်လျက်ရှိသည့် ပြည်သူများအတွက် အလှူရှင်များက စေတနာသဒ္ဓါတရား ထက်သန်စွာဖြင့် အစားအသောက်များ လာရောက်လှူဒါန်းနေမှုများအား ဝမ်းမြောက်ဝမ်းသာစွာ တွေ့ရှိရပါသည်။

၂။ သို့ရာတွင် ပတ်ဝန်းကျင်ရာသီဥတု အခြေအနေအရ အလှူရှင်များမှ ပြင်ဆင်ချက်ပြုတ်လာသော အစားအသောက်များအား ချက်ချင်းစားသုံးခြင်းမပြုဘဲ သိုလှောင်သိမ်းဆည်းထားစဉ် အစာအဆိပ်သင့်ဖြစ်ပွားစေသော ရောဂါပိုးများ ပေါက်ပွားရှင်သန်စေမှုဖြစ်စေနိုင်ခြင်း၊ စားသုံးရန်မသင့်သည့် အခြေအနေများသို့ ရောက်ရှိစေနိုင်ခြင်းနှင့် အဆိုပါ အစားအသောက်များအား စားသောက်မိပါက အော့အန်ခြင်း၊ ဝမ်းပျက်ဝမ်းလျှောဖြစ်ခြင်း စသည့်ကျန်းမာရေးဆိုင်ရာ နောက်ဆက်တွဲရောဂါများ ဖြစ်ပေါ်နေမှုများကြောင့် ရေဘေးသင့်ပြည်သူများအတွက် ကျန်းမာရေးကို ထိခိုက်စေကြောင်း တွေ့ရှိရပါသည်။

၃။ သို့ပါ၍ အလှူရှင်များအနေဖြင့် အစားအသောက်များ လာရောက်လှူဒါန်းရာတွင် ပြင်ဆင်ချက်ပြုတ်ထားသော အစားအစာများဖြင့် လှူဒါန်းခြင်းမျိုးမပြုဘဲ စခန်းများတွင် နေထိုင်သူများအား ပူပူနွေးနွေး ချက်ပြုတ်ကျွေးမွေးနိုင်ရန် ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ငါးခြောက်၊ ကြက်ဥ၊ ဘဲဥနှင့် ချက်ပြုတ်ရန် လတ်ဆတ်သော အသား၊ ငါး စသည်တို့ကို ပေးပို့လှူဒါန်းခြင်း၊ ပေးပို့လှူဒါန်းရာတွင် မြို့နယ်အလိုက် မြို့နယ်အုပ်ချုပ်ရေးမှူးရုံးရှိ ကြီးကြပ်ရေးအဖွဲ့၊ စီမံခန့်ခွဲမှုအဖွဲ့များမှတစ်ဆင့်သာ ပေးပို့လှူဒါန်းခြင်းနှင့် ယာယီကယ်ဆယ်ရေးစခန်းများတွင် တာဝန်ယူဆောင်ရွက်နေကြသော စီမံခန့်ခွဲမှုအဖွဲ့နှင့် ကျန်းမာရေးဝန်ထမ်းများက စခန်းများတွင် လှူဒါန်းကြသော အစားအသောက်များအား ကျန်းမာရေးနှင့် ညီညွတ်စေရန်နှင့် သန့်ရှင်းမှုရှိစေရန် ကြီးကြပ်စစ်ဆေးခြင်းတို့ကို ဆောင်ရွက်ပေးကြပါရန် တိုက်တွန်းနှိုးဆော် ပန်ကြားအပ်ပါသည်။

**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ**
**စီမံခန့်ခွဲမှုကော်မတီ**

## ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် အုတ်တွင်းမြို့နယ် ဝက်ဖြူကုန်းကျေးရွာတွင် အစာအဆိပ်သင့်မှုဖြစ်ပွား အထူးကုဆရာဝန်ကြီးများက အနီးကပ်ကြည့်ရှုကုသမှုပေးခဲ့သည့်အတွက် လူနာများ အခြေအနေသက်သာကောင်းမွန်လျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၁၉**

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ် ဝက်ဖြူကုန်းကျေးရွာ ရွှေဖြူရတနာစာသင်တိုက်တွင် ယာယီရေဘေးရှောင် ရွာသူရွာသားများ ယမန်နေ့က အစာအဆိပ်သင့်မှုဖြစ်ပွားခဲ့ပြီး သတင်းရလျှင်ရချင်း ကျန်းမာရေးဝန်ကြီးဌာနမှ ကွင်းဆင်း၍ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဖြစ်စဉ်မှာ ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ် ဝါးတီးကျေးလက်ကျန်းမာရေးဌာန အပိုင်၊ ဝက်ဖြူကုန်းကျေးရွာ ရွှေဖြူရတနာစာသင်တိုက်၌ ယာယီရေဘေးရှောင် ရွာသူရွာသားများ ယမန်နေ့ နံနက်ပိုင်းတွင် အလှူရှင်များက လာရောက်လှူဒါန်းသော ကြာဆံကြော်၊ အချဉ်နှင့် ထမင်း၊ ကြက်ဥ မကျည်းမှည့်ချက်များကို စားသုံးပြီး ည ၈ နာရီတွင် ဗိုက်နာခြင်း၊ အော့အန်ခြင်းနှင့် ဝမ်းလျှောခြင်းစသည့် အစာအဆိပ်သင့် ရောဂါလက္ခဏာများဖြစ်ပွား၍ တောင်ငူမြို့ရှိပြည်သူ့ဆေးရုံကြီးသို့ ပြင်ပလူနာအဖြစ် ၆၈ ဦး၊ အတွင်းလူနာအဖြစ် ၆၅ ဦး လာရောက်ကုသမှုခံယူခဲ့ရာ ပြည်သူ့ဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများက အနီးကပ်ကြည့်ရှုကုသမှုပေးခဲ့သည့်အတွက် လူနာများအခြေအနေသည် သက်သာကောင်းမွန်လျက်ရှိကြောင်း သိရသည်။



အဆိုပါဖြစ်စဉ် သတင်းရရှိသည်နှင့် ယမန်နေ့ ညနေပိုင်းတွင် ရောဂါဖြစ်ပွားရာ ဝက်ဖြူကုန်းကျေးရွာ ရွှေဖြူရတနာစာသင်တိုက်သို့ ပဲခူးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး၊ အုတ်တွင်းမြို့နယ် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူးနှင့် ကျန်းမာရေးဝန်ထမ်းများပါဝင်သော ကွင်းဆင်းအဖွဲ့နှင့် ညောင်လေးပင်မြို့နယ် ဆရာဝန်ဦးဆောင်သော ဆေးအဖွဲ့တို့က ကွင်းဆင်း၍ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ဆေးရုံတက်လူနာများအနက် အတွင်းလူနာ ၄၁ ဦးသည် ရောဂါသက်သာကောင်းမွန်သဖြင့် ယနေ့ နံနက်ပိုင်းတွင် ဆေးရုံမှ ဆင်းခွင့်ပြုပြီးဖြစ်သည်။

အလှူရှင်များအနေဖြင့် သဘာဝဘေးဒဏ်ခံစားရသော ပြည်သူများအား အစားအသောက်များ လှူဒါန်းရာတွင် ပူပူနွေးနွေး ပြင်ဆင်ထားသည့် သန့်ရှင်းသောအစားသောက်များကို မြို့နယ်အလိုက် မြို့နယ်အုပ်ချုပ်ရေးမှူးရုံးရှိ ကြီးကြပ်ရေးအဖွဲ့၊ စီမံခန့်ခွဲမှုအဖွဲ့များမှတစ်ဆင့် ပေးပို့လှူဒါန်းကြရန်၊ ယာယီကယ်ဆယ်ရေးစခန်းများတွင် တာဝန်ယူဆောင်ရွက်နေကြသော စီမံခန့်ခွဲမှုအဖွဲ့နှင့် ကျန်းမာရေးဝန်ထမ်းများမှ စခန်းများတွင် လှူဒါန်းကြသော အစားအသောက်များအား ကျန်းမာရေးနှင့် ညီညွတ်စေရန်နှင့် သန့်ရှင်းမှုရှိစေရန် ကြီးကြပ်ဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်ပေးကြရန် ကျန်းမာရေးဝန်ကြီးဌာနက တိုက်တွန်းနှိုးဆော်ထားကြောင်း သိရသည်။

**သတင်းစဉ်**

## ကမ္ဘာ့ကျန်းမာရေးအဖွဲ့က လှူဒါန်းသည့် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါကာကွယ်ဆေး(OCV) ၂ ဒသမ ၄၅ သန်း doses ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိ

**ရန်ကုန် စက်တင်ဘာ ၁၉**

ကျန်းမာရေး ဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိသော ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ တုံ့ပြန်ဆောင်ရွက်ရေးနှင့် ကာကွယ်၊ ထိန်းချုပ်ရေး လုပ်ငန်းများတွင် အထောက်အကူဖြစ်စေရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)မှ လှူဒါန်းသည့် အမေရိကန်ဒေါ်လာ ၄ ဒသမ ၀၅ သန်း တန်ဖိုးရှိ ပြင်းထန် ဝမ်းပျက်ဝမ်းလျှော ရောဂါ ကာကွယ်ဆေး (Oral Cholera Vaccine-OCV) ၂ ဒသမ ၄၅ သန်း doses သည် စက်တင်ဘာ ၁၇ ရက်နှင့် ၁၉ ရက်တို့တွက် လေယာဉ်အမှတ် WW211 ဖြင့် ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိပြီး တာဝန်ရှိသူများက မြန်မာနိုင်ငံသို့ လွှဲပြောင်းပေးအပ်သည်။



**လက်ခံရယူ**

ထိုသို့ လွှဲပြောင်းပေးအပ်ရာတွင် ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာနန္ဒဝင်းနှင့် တာဝန်ရှိသူများက လက်ခံရယူခဲ့ပြီး ဇဟို ကာကွယ်ဆေး အအေးခန်း (ရန်ကုန်)သို့ အအေးလမ်းကြောင်းမပြတ် ပို့ဆောင်ခဲ့သည်။

အဆိုပါ ကာကွယ်ဆေးများကို ပြင်းထန် ဝမ်းပျက်ဝမ်းလျှော ရောဂါ ကူးစက်ဖြစ်ပွားခဲ့သော မြို့နယ်၊ ရပ်ကွက်များရှိ စာသင်ကျောင်းများ၊ သင်တန်းကျောင်းများ၊ ဘော်ဒါဆောင်များ၊ ဘုန်းတော်ကြီး ပညာသင်ကျောင်းများ၊ သီလရှင်ကျောင်းများ၊ ပရဟိတဂေဟာ ကျောင်းများ၊ ဘာသာရေးကျောင်းများ၊ မိဘမဲ့ကျောင်းများ၊ ဘိုးဘွားရိပ်သာများ၊ ကယ်ဆယ်ရေးစခန်းများ၊ ဈေးများ၊ အစားအသောက်ဆိုင်တန်းများ၊ စက်ရုံ၊ အလုပ်ရုံများ၊ အကျဉ်းထောင်များ၊ လူနေထူထပ်ပြီး သန့်ရှင်းသောသောက်သုံးရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းမှု အားနည်းသော နေရာများတွင် တုံ့ပြန်ကာကွယ်ဆေး တိုက်ကျွေးခြင်းလုပ်ငန်းများကို ဦးတည်အုပ်စုများအလိုက် ဦးစားပေး တိုက်ကျွေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ရွှေပြည်သာမြို့နယ်၌ နေ့သစ်ရောင်းဝယ်ရေး သမဝါယမအသင်း အစည်းအဝေးကျင်းပ

**ရွှေပြည်သာ စက်တင်ဘာ ၁၉**

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်၌ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွက် နေ့သစ်ရောင်းဝယ်ရေး သမဝါယမအသင်း၏ နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာအစည်းအဝေး၊ အမှုဆောင် ရွေးချယ်တင်မြှောက်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၁၇ ရက် မွန်းလွဲပိုင်းက မြို့နယ်သမဝါယမ အသင်းစုရုံးခန်းမ၌ ကျင်းပခဲ့သည်။

အစည်းအဝေးတွင် ရွှေပြည်သာမြို့နယ် ဖွံ့စည်းရေးကော်မတီ ဥက္ကဋ္ဌ ဦးစီးအရာရှိ ဒေါ်ကျော့ကေဟန်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်အဆင့်ဖွံ့စည်းရေးကော်မတီက အမှုဆောင်ရွေးချယ်တင်မြှောက်ပေး၍ အသင်းဥက္ကဋ္ဌသစ်က ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးပြောကြားသည်။

ထို့နောက် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်း စာမေးပွဲတွင် ငါးဘာသာဂုဏ်ထူးရရှိသည့် ကျောင်းသားတစ်ဦးအား မြို့နယ်ဖွံ့စည်းရေးကော်မတီဥက္ကဋ္ဌက ဂုဏ်ပြုချီးမြှင့်ငွေများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ Naypyitaw State Academy ကျောင်းသား ကျောင်းသူများ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ဒုတိယပညာသင်ကာလ စာမေးပွဲအေးချမ်းစွာဖြေဆိုနေမှု ကြည့်ရှုအားပေး





**နေပြည်တော် စက်တင်ဘာ ၁၉**

ပညာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့် ဒေါက်တာမိုးဇော်ထွန်း၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက် ၉ နာရီတွင် Naypyitaw State Academy ၏ ကျောင်းသား ကျောင်းသူများ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ဒုတိယ ပညာသင်ကာလ စာမေးပွဲ အေးချမ်းစွာ ဖြေဆိုနေမှုများကို ကြည့်ရှုအားပေးသည်။

**ကြည့်ရှုစစ်ဆေး**

ထိုသို့ကြည့်ရှုစဉ် ပြည်ထောင်စုဝန်ကြီးက Naypyitaw State Academy ၏ ဒုတိယ ပညာသင်ကာလ စာမေးပွဲကို ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ဖြေဆိုနိုင်ရေး၊ ပညာသင်ယူမှု အခွင့်အလမ်း အပြည့်အဝရရှိစေရေးအတွက် လိုအပ်သည်များကို ပံ့ပိုးဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း၊ ဆရာ ဆရာမများအနေဖြင့် အရည်အသွေးပြည့်ဝသည့် သင်ကြားသင်ယူ လေ့ကျင့်မှုများမှတစ်ဆင့် အသုံးချသုတေသနနှင့် တီထွင်ဆန်းသစ်မှုကို အားပေးသင်ကြားကြရန်၊ ဗလငါးတန်နှင့် ပြည့်စုံပြီး ကျောင်း၏ဂုဏ်ကို ဆောင်နိုင်သူ၊ ဘာသာရပ်၏ဂုဏ်ကိုဆောင်နိုင်သူ၊ စည်းကမ်းလိုက်နာပြီး ထူးချွန်ထက်မြက်အောင်မြင်သည့် ပညာရှင်များဖြစ်အောင် ပြုစု ပျိုးထောင်ပေးကြရန် ပြောကြားပြီး Naypyitaw State Academy အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

**ရည်မှန်းထား**

Naypyitaw State Academy ကို ထိပ်တန်းတက္ကသိုလ်တစ်ခုအဖြစ် ဖော်ဆောင်ရာတွင် Comprehensive University အနေဖြင့် ရည်မှန်းထားသည့်အတွက် ဝိဇ္ဇာပညာမဟာဌာန၊ သိပ္ပံပညာ မဟာဌာန၊ ဥပဒေပညာမဟာဌာန၊ စီးပွားရေးပညာ မဟာဌာန၊ ဆေးပညာမဟာဌာန၊ လူမှုရေးပညာမဟာဌာနနှင့် အားကစားပညာမဟာဌာနဟူ၍ မဟာဌာနကြီးခုနစ်ခုဖြင့် ဖွဲ့စည်းတည်ထောင်ဖွင့်လှစ်ထားကြောင်း သိရသည်။

**သတင်းစဉ်**

# သမဝါယမလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းဆောင်ရွက်မှုနှင့် ချေးငွေလုပ်ငန်းကြီးကြပ်မှုဗဟိုကော်မတီ အစည်းအဝေးကျင်းပ



**နေပြည်တော် စက်တင်ဘာ ၁၉**

သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းဆောင်ရွက်မှုနှင့် ချေးငွေလုပ်ငန်းကြီးကြပ်မှု ဗဟိုကော်မတီအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ဒုတိယဝန်ကြီး ဦးမြင့်စိုး၊ သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာများ၊ ဗဟိုသမဝါယမအသင်းမှတာဝန်ရှိသူများ၊ တိုင်းဒေသကြီး၊ ပြည်နယ်သမဝါယမဦးစီးမှူးများ၊ သမဝါယမအသင်းစုချုပ် ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ပန်းတိုင်အထွက်နှုန်းရရှိအောင်ရည်မှန်း**

ဦးစွာ ဒုတိယဝန်ကြီးက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် မိုးစပါးအတွက် နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်များအနေဖြင့် မိုးစပါးစိုက်ဧက ၁၆၀၅၅ ဧကအတွက် ငွေကျပ် ၃၁ ဒသမ ၀၁၂ ဘီလီယံ၊ ဝါသီးနှံစိုက်ဧက ၉၆၀၀၀ အတွက် ငွေကျပ် ၁၉ ဒသမ ၂ ဘီလီယံ၊ ဆီထွက်သီးနှံ(နေကြာ) စိုက် ဧက ၁၃၇၀၀၀ အတွက် ငွေကျပ် ၂၇ ဒသမ ၄ ဘီလီယံတို့ကို နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ၊ ဘတ်ဂျက်ငွေနှင့် အသင်းပိုင်ငွေတို့ဖြင့် ဆောင်ရွက်ရမည်ဖြစ်သည့်အတွက် ပန်းတိုင်အထွက်နှုန်းရရှိအောင် ရည်မှန်းချက်ထား ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

သဘာဝဘေးကြောင့်ပျက်စီးသွားသည့် တိုင်းဒေသကြီး၊ ပြည်နယ်ငါးခု၊ မြို့နယ် ၂၁ ခု၊ သမဝါယမအသင်း ၁၅၄ သင်း၊ အသင်းသား ၃၉၈၇ ဦး၏ မိုးစပါးလယ်ဧက ၇၂၆ ဧက အတွက် ထိုင်းနံ့ကောက်၊ GW-11 စသည့် မျိုးထုတ်လုပ်သည့် ကုမ္ပဏီများနှင့် ချိတ်ဆက်၍ တိုင်းဒေသကြီး၊ ပြည်နယ်ဦးစီးမှူးများက အခြေခံသမဝါယမအသင်း BOD များကိုပေးပြီး BOD များမှတစ်ဆင့် အသင်းသားများကို သီးနှံပေါ်ပေးစနစ်ဖြင့် စက်တင်ဘာလအတွင်း ပြီးပြတ်အောင် မျိုးများ မြန်မြန် ဖြန့်ဝေပေးသွားကြရန် တိုက်တွန်းမှာကြားသည်။

ထို့နောက် သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်သူရက သမဝါယမလုပ်ငန်းဆောင်ရွက်နေမှုများကိုလည်းကောင်း၊ ဗဟိုသမဝါယမအသင်းမှ တာဝန်ရှိသူနှင့် အစည်းအဝေးသို့တက်ရောက်လာကြသည့် တိုင်းဒေသကြီး၊ ပြည်နယ်သမဝါယမဦးစီးမှူးများ၊ သမဝါယမအသင်းစုချုပ် ဥက္ကဋ္ဌများက အကောင်အထည်ဖော်ဆောင်ရွက်နေသည့် သမဝါယမလုပ်ငန်းများကိုလည်းကောင်း ဆွေးနွေးတင်ပြကြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဖြေရှင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးဝင်းရှိန် Knowledge Management and Dedication (KMD) Training Center တွင် IT ပိုင်းဆိုင်ရာသင်တန်းများ ဖွင့်လှစ်ပို့ချနေမှု ကြည့်ရှု

**ရန်ကုန် စက်တင်ဘာ ၁၉**

အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်သည် ယနေ့မွန်းလွဲပိုင်းတွင် အလုပ်သမားညွှန်ကြားရေးဦးစီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးရှိ အလုပ်သမားရေးရာ တာဝန်ရှိသူများနှင့်အတူ ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ် ပြည်လမ်း အမှတ် (၃၃၁) ရှိ Knowledge Management and Dedication (KMD) Training Center ၌ IT ပိုင်းဆိုင်ရာ နည်းပညာသင်တန်းများ ဖွင့်လှစ်သင်ကြားနေမှုကို ကြည့်ရှုအားပေးသည်။



**စတင်တည်ထောင်**

ထိုသို့ကြည့်ရှုစဉ် သင်တန်းကျောင်းတာဝန်ခံက Knowledge Management and Dedication (KMD) Company Limited ကို ၁၉၈၆ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်း စမ်းချောင်းမြို့နယ်၊ ကမာရွတ်မြို့နယ်နှင့် ကျောက်တံတားမြို့နယ်တို့ရှိ KMD Training Center သုံးခုသည် အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၏ အသိအမှတ်ပြုသင်တန်းကျောင်းအဖြစ် အသိအမှတ်ပြုလက်မှတ်ရရှိထားမှု၊ စမ်းချောင်းမြို့နယ်ရှိ KMD Training Center ကို ၂၅-၁၀-၂၀၂၅ ရက်နေ့ထိ သက်တမ်းတိုးထားမှု၊ သင်တန်းကျောင်းတွင် Office Course (Basic Computer)၊ Graphic Design Course၊ Excel in Business Application၊ Practical A+၊ Software Engineering နှင့် Java Programming သင်တန်းများပို့ချပေးနေမှု၊ KMD သင်တန်းကျောင်းအနေဖြင့် အဝေးသင်တက္ကသိုလ်နှင့် ပူးပေါင်း၍ Network Diploma၊ Web Design Diploma နှင့် Business Diploma များ သင်ကြားပေးနေမှု၊ University of Greenwich၊ NCC Education စသည့် အင်္ဂလန်နိုင်ငံမှ တက္ကသိုလ်များ၊ ၂၀၂၄ ခုနှစ်အတွင်း သင်တန်းသားဦးရေ ၁၀၀၀ ကျော် မွေးထုတ်ပေးနိုင်ခဲ့မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဝန်ကြီးက KMD Training Center တွင် သင်ကြားလျက်ရှိသည့် သင်တန်းများသည် လူငယ်များကို ပြည်တွင်း၊ ပြည်ပအလုပ်အကိုင်ရရှိစေရေး အထောက်အကူပြုသည့် သင်တန်းများဖြစ်ပြီး အချိန်တို၊ ကာလတိုအတွင်း တက်ရောက်နိုင်သည့် သက်မွေးပညာသင်တန်းများဖြစ်၍ သင်တန်းသားများအတွက် အကျိုးကျေးဇူးများစွာရရှိစေနိုင်သဖြင့် လူငယ်လူရွယ်များကို IT ပညာရပ်များဖြင့် ပြည်တွင်း၊ ပြည်ပ အလုပ်အကိုင် အခွင့်အလမ်းများ ရရှိစေရေး အလေးထားဆောင်ရွက်ရန်နှင့် သင်တန်းသားများ ပညာရေးဆုံးခန်းတိုင်ပြီးဆုံးစေရန် ပေါင်းကူးချိတ်ဆက်ပေးနိုင်မည့် နည်းလမ်းများဖြင့် ဌာနဆိုင်ရာများနှင့် ပူးပေါင်းညှိနှိုင်း၍ ပံ့ပိုးကူညီပေးရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အမှန်တကယ်လိုအပ်နေတဲ့ ပြည်သူတွေကို လှူဒါန်းရတဲ့အတွက် အလှူရှင်တွေလည်း ကုသိုလ်ရသလို ကျွန်တော်တို့လည်း ဝမ်းသာပီတိ ဖြစ်ရပါတယ်။ အများပြည်သူတွေရဲ့ အခက်အခဲ အဆင်ပြေသွားတယ်ဆိုရင် ကျွန်တော်တို့ ပင်ပန်းရကျိုးနပ်ပါတယ်

ဦးကျော်စွာဦး

ရာဂီတိုင်ဖွန်း မုန်တိုင်း၏ သက်ရောက်မှုကြောင့် ရေကြီးရေလျှံမှုများဖြစ်ပွားကာ ပြည်သူများသည် သဘာဝဘေးဒဏ်ကို ထိခိုက်ခံစားခဲ့ကြရသည်။ ထိုသို့ သဘာဝဘေးဒဏ်ခံ ပြည်သူများအတွက် နိုင်ငံတော်အစိုးရက ထိခိုက်ဒဏ်ရာ ခံစားခဲ့ရမှုအခြေအနေနှင့် အိုးအိမ်များ ပျက်စီးဆုံးရှုံးမှု အခြေအနေများအပေါ် မူတည်ကာ လိုအပ်သည့် ထောက်ပံ့ကူညီမှုများကို ဆောင်ရွက်ပေးသွားရန် စီစဉ်လျက်ရှိသည်။

နိုင်ငံတော် အစိုးရနှင့်အတူ မြန်မာနိုင်ငံအရပ်ရပ်မှ ပြည်သူများက သဘာဝဘေးဒဏ်ခံ ပြည်သူများအတွက် ကူညီထောက်ပံ့မှုများကို အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်လျက်ရှိသည်။ ထို့အတူ ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ ရေဘေးဒဏ်ခံ ပြည်သူများအတွက် မြန်မာနိုင်ငံ အရပ်ရပ်မှ ပြည်သူများက လာရောက်လှူဒါန်းလျက်ရှိရာ ကူညီထောက်ပံ့ လှူဒါန်းပေးကြသူများ၏ စကားသံများကို ဖော်ပြအပ်ပါသည်။



နန်းဦးဆရာတော် ဘဒ္ဒန္တပုညဝန္တ



ဒေါ်ကောမလသိဂီ



ဦးထင်ကျော်



ဦးကျော်စွာဦး



မမေဇင်




**နန်းဦးဆရာတော် ဘဒ္ဒန္တပုညဝန္တ**
**ဒလမြို့**

ဘုန်းဘုန်းတို့က အေလာလေယာဉ်ကွင်းအနီးက ရွာသစ်ကလေးကျေးရွာကို သွားရောက်လှူဒါန်းမှာ ဖြစ်ပါတယ်။ မိသားစုတစ်အိမ်ထောင်စာ အတွက် လိုအပ်တဲ့ပစ္စည်းတွေ စုပေါင်းထုပ်ပိုးထားပါတယ်။ အိမ်ထောင်စု ၂၅၀ စာနဲ့ ငွေကျပ် တစ်သိန်းစီ လှူဒါန်းသွားမှာ ဖြစ်ပါတယ်။ ကူမဲမြို့မှာလည်း ဝမ်းရောဂါဖြစ်ပွားတဲ့အတွက် ငွေကျပ် ၁၀ သိန်း လှူဒါန်းထားပါတယ်။ ရွာသစ်ကလေး ကျေးရွာအတွက် လှူဒါန်းငွေ စုစုပေါင်း သိန်း ၃၀၀ ကျော် လှူဒါန်းသွားမှာဖြစ်ပါတယ်။ ပြည်သူတွေ ဝတ်စရာ၊ စားစရာ လိုအပ်နေတဲ့အတွက် ပါဝင်ဖြည့်ဆည်းတာဖြစ်ပါတယ်။ ရဟန်း၊ သံဃာတွေလိုအပ်တဲ့အခါ ဒါယကာ၊ ဒါယိကာမတွေက ကြည့်ရှုထောက်ပံ့ လှူဒါန်းကြပါတယ်။ အခုလို ရေကြီးရေလျှံဖြစ်တော့ ဘုန်းဘုန်းတို့က ဒါယကာ၊ ဒါယိကာမတွေကို ပြန်ပြီးကြည့်ရှုထောက်ပံ့လှူဒါန်းတာပဲ ဖြစ်ပါတယ်။

**ဒေါ်ကောမလသိဂီ**
**ဇယရံသီ သီလရှင်စာသင်တိုက်**
**ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်**

ဆရာလေးက ဇယရံသီ သီလရှင် စာသင်တိုက်ကနေ လာရောက်လှူဒါန်းတာ ဖြစ်ပါတယ်။ ခုနစ်ရက်သားသမီးတွေ လှူဒါန်းထားတဲ့ ဝတ္ထုငွေ၊ အဝတ်အထည်နဲ့ မီးဖိုချောင်သုံး ပစ္စည်းတွေကို အလှူရှင်တွေ ဝမ်းမြောက်အောင် ကိုယ်တိုင်လာရောက် လှူဒါန်းခြင်းဖြစ်ပါတယ်။ အလှူရှင်တွေ သွားရောက်လှူဒါန်းမှု နည်းပါးတဲ့ နေရာဒေသတွေကို သွားရောက်ပြီး လှူဒါန်းမှာဖြစ်ပါတယ်။ ဒီလိုရေကြီးရေလျှံမှုမျိုး တစ်ခါမှ မကြုံဖူးတဲ့အတွက် ကိုယ်ချင်းစာတဲ့စိတ်နဲ့ လှူဒါန်းတာဖြစ်ပါတယ်။ ရေဘေးသင့် ဒါယကာ၊ ဒါယိကာမတွေအတွက် ဒီလိုရေကြီးရေလျှံမှုမျိုး နောင်မှာ ထပ်မဖြစ်ပါစေနဲ့လို့ ဆုတောင်းပေးပါတယ်၊ ခုနစ်ရက်သားသမီးတွေလည်း အန္တရာယ်ကင်းဝေးအောင် အမြဲဆုတောင်းပေးပါတယ်။ အခုလို လှူဒါန်းရတဲ့အတွက် ဝမ်းသာပီတိဖြစ်မိပါတယ်။ တခြားသူတွေလို သိန်းပေါင်းထောင်ချီ မလှူဒါန်းနိုင်ပေမယ့် ကိုယ့်ရဲ့ ဒါယကာ၊ ဒါယိကာမတွေရဲ့ ဝိုင်းဝန်းပံ့ပိုးစုပေါင်း လှူဒါန်းမှုတွေကြောင့် အားတက်သရော ကိုယ်တိုင်လာရောက် ပါဝင်လှူဒါန်းခြင်း ဖြစ်ပါတယ်။

**ဦးထင်ကျော်**
**ဝေါမြို့ ပဲခူးတိုင်းဒေသကြီး**

ကျွန်တော်တို့က တပ်ကုန်းနဲ့ ရမည်းသင်း မြို့တွေကို သွားရောက်လှူဒါန်းမှာ ဖြစ်ပါတယ်။ သွားရောက်လှူဒါန်းမယ့် ပစ္စည်းတွေကတော့ ဆန်၊ ဆီ၊ ခေါက်ဆွဲခြောက်၊ ရေသန့်၊ အဝတ်အစားတွေ ဖြစ်ပါတယ်။ အရင်က တခြားနေရာတွေမှာ ရေကြီးရေလျှံ ဖြစ်ရင်လည်း တတ်အားသမျှ အမြဲကူညီဖြစ်ပါတယ်။ အခုလည်း ကျွန်တော်တို့က ဂုံမင်းကန်ကျေးရွာ၊ မြစ်ကျိုးကျေးရွာနဲ့ ဝေါမြို့တွေမှာရှိတဲ့ ဇလီသုံးခုနဲ့ ဘာသာပေါင်းစုံ စုပေါင်းပြီး လာရောက်လှူဒါန်းခြင်းဖြစ်ပါတယ်။ မုဒုံမောင်မောင်က ဆန်ခြောက်ပြည်အိတ် ၁၅၀၊ လမ်းခရီးအတွက် အောင်စိုးမိုး ဓာတ်ဆီဆိုင်က ဓာတ်ဆီနဲ့ ပဲခူးကိုဖိုးကျော်က ဆန် ၂၄ ပြည်အိတ် ၁၀ အိတ် လှူဒါန်းပါတယ်။ အခြား ခုနစ်ရက်သားသမီး လှူဒါန်းပစ္စည်း၊ ငွေသားတွေလည်း ပါပါတယ်။ နောက်ထပ်လည်း သဘာဝဘေးအန္တရာယ်ဖြစ်ပွားတဲ့ ဘယ်အရပ်ဒေသမဆို သွားရောက်လှူဒါန်းသွားမှာ ဖြစ်ပါတယ်။ သဘာဝဘေးကြုံရတယ်ဆိုတော့ အားလုံး စိတ်မကောင်းဖြစ်ကြရပါတယ်။ ဒီတစ်ခါ ရေကြီးရေလျှံမှုက အများကြီး ဒုက္ခရောက်ခံစားကြရတဲ့အတွက် ပိုပြီးစိတ်မကောင်းဖြစ်မိပါတယ်။

**ဦးကျော်စွာဦး**
**ဥက္ကဋ္ဌ ရွှေတောင်လူမှုကယ်ဆယ်ရေးမောင်နှံအသင်း မွန်ပြည်နယ်**

ကျွန်တော်တို့ အသင်းက နေပြည်တော်၊ တပ်ကုန်း၊ ရမည်းသင်း သုံးနေရာကို သွားရောက်လှူဒါန်းမှာဖြစ်ပါတယ်။ ကျွန်တော်တို့ဆီကို ကယ်ဆယ်ရေးစခန်းတွေက အကူအညီတောင်းထားတာတွေလည်းရှိပါတယ်။ အမှန်တကယ်လိုအပ်နေတဲ့ နေရာတွေကို လှူသွားမယ်။ လှူတဲ့အခါ စီမံခန့်ခွဲတဲ့အဖွဲ့တွေဆီ ပေးအပ်လှူဒါန်းသွားမှာရှိသလို လက်ဝယ်အရောက်လည်း လှူဒါန်းသွားဖို့ရှိပါတယ်။ ခုနစ်ရက်သားသမီး စုပေါင်း လှူဒါန်းပစ္စည်းတွေကတော့ ကုန်ခြောက်ပစ္စည်း၊ ဆန်၊ ဆီ၊ အသင့်စား ခေါက်ဆွဲခြောက်၊ မုန့်၊ ငါးသေတ္တာ၊ ငါးပိထောင်း၊ ငါးခြောက်ကြော်၊ လက်ဖက်၊ အမျိုးသား၊ အမျိုးသမီး၊ ကလေး အဝတ်အထည်၊ အမျိုးသမီး အသုံးအဆောင်ပစ္စည်း၊ ဆေးပစ္စည်းတွေ ဖြစ်ပါတယ်။ သဘာဝဘေးကြုံတဲ့အခါ ပြည်သူကနေ ပြည်သူကို ကူညီထောက်ပံ့တာမျိုးဖြစ်ပါတယ်။ လှူဒါန်းပစ္စည်းတွေ ထပ်မံရရှိတဲ့အခါမှာလည်း လာရောက် လှူဒါန်းသွားဦးမှာ ဖြစ်ပါတယ်။ အမှန်တကယ်လိုအပ်နေတဲ့ ပြည်သူတွေကို လှူဒါန်းရတဲ့အတွက် အလှူရှင်တွေလည်း ကုသိုလ်ရသလို ကျွန်တော်တို့လည်း ဝမ်းသာပီတိဖြစ်ရပါတယ်။ အများပြည်သူတွေရဲ့ အခက်အခဲ အဆင်ပြေသွားတယ်ဆိုရင် ကျွန်တော်တို့ ပင်ပန်းရကျိုးနပ်ပါတယ်။

**မမေဇင်**
**တုသိတာ လူမှုကူညီရေးအသင်း ပြင်ဦးလွင်မြို့**

ကျွန်မတို့အသင်းက ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး(၁၇)က ဖြစ်ပါတယ်။ ရေကြီးရေလျှံမှုခံစားရတဲ့ တောင်ငူ၊ အုတ်တွင်း၊ ထန်းတပင်ဘက်က လိုအပ်နေတဲ့သူတွေဆီကို သွားရောက်လှူဒါန်းပြီး ပြန်လာတာဖြစ်ပါတယ်။ လှူဒါန်းပစ္စည်းကတော့ အဝတ်အထည်၊ ဆေးဝါး၊ စားသောက်ကုန်နဲ့ အလှူငွေတွေ သွားရောက်လှူဒါန်းတာ ဖြစ်ပါတယ်။ ရေဘေးသင့်ပြည်သူတွေကို လှူဒါန်းချင်တဲ့ ပြည်သူတွေရဲ့ကိုယ်စား လှူဒါန်းပေးတာဖြစ်ပါတယ်။ ရေကြီးရေလျှံမှုကြောင့် ဆုံးရှုံးမှုတွေကို မြင်တွေ့ရတာ ထိခိုက်ခံစားပြီး မျက်ရည်ကျရတယ်၊ စိတ်မကောင်းဖြစ်ရပါတယ်။ အမြန်ဆုံး အဆင်ပြေပြေဖြစ်စေဖို့ ဆုတောင်းပေးနေမိပါတယ်။ ဒီလို ကိုယ်တိုင် သွားရောက် လှူဒါန်းတဲ့အခါ ကယ်ဆယ်ရေးအတွက် လှေတွေ လိုအပ်နေတာကို တွေ့ခဲ့ရပါတယ်။ ပစ္စည်းတွေ၊ စားသောက်စရာတွေ လှူဒါန်းကြပေမယ့် လှေက မလုံလောက်တဲ့အတွက် လှေကို စောင့်နေရင်း မိုးရွာတဲ့အခါမှာ ထမင်းထုပ်တွေ၊ ပစ္စည်းတွေ ပျက်စီးတာရှိပါတယ်။ အခုအချိန်က စားသောက်ဖို့နဲ့ အဝတ်အထည်တွေ လိုအပ်နေပေမယ့် ပြန်လည်ထူထောင်ရေး အတွက်လည်း လိုအပ်မှုတွေ ရှိနေပါသေးတယ်။ အခုလို သွားရောက်လှူဒါန်းတဲ့အခါ တစ်ခုတွေ့မြင်ခဲ့တာက အသင်းအဖွဲ့တွေအတွက် လိုအပ်ချက်ဖြစ်ပါတယ်။ အသင်းအဖွဲ့တွေဆီ ပြည်သူတွေက စုပေါင်းပြီး တစ်ဆင့်လှူဒါန်းတာရှိပါတယ်။ ပြည်သူတွေဆီ လှူဒါန်းတာဖြစ်တဲ့အတွက် လှူဒါန်းတဲ့ပစ္စည်း၊ ငွေကြေးက ပြည်သူတွေဆီပဲ ပေးအပ်လှူဒါန်း ကြရပါတယ်။ သွားရောက် လှူဒါန်းပေးတဲ့ အသင်းအဖွဲ့အစည်းတွေ၊ ကူညီကယ်ဆယ်ရေး အဖွဲ့တွေအတွက် အစားအစာနဲ့ သွားလာစရိတ် အခက်အခဲဖြစ်နေတာ တွေ့ရပါတယ်။ အဲဒါကြောင့် လှူဒါန်းတဲ့အခါ အသင်းအဖွဲ့အစည်းတွေ အတွက် ခရီးသွားစရိတ်နဲ့ အစားအစာအတွက်ပါ လှူဒါန်းပေးကြဖို့ အကြံပြုလိုပါတယ်။

လှူဒါန်းမှုနှင့် ပတ်သက်ပြီး သက်ဆိုင်ရာ တာဝန်ရှိသူများက အစာအဆိပ်သင့်မှု မဖြစ်စေရေး၊ သန့်ရှင်းလတ်ဆတ်သော အစားအစာများဖြစ်စေရေး၊ လိုအပ်သည့် ပြည်သူများထံသို့ လက်ဝယ်ရောက်ရှိစေရေး ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**မျိုးဆက်သစ်**
**ဓာတ်ပုံ-ဖိုးပြည့်စုံ**

## မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

နေပြည်တော် စက်တင်ဘာ ၁၉

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာကွက်ကျား၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေပြည်တော်၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မိုး/ဇလ

# ရေဘေးသင့်ပြည်သူများအတွက် အလှူငွေလက်ခံမည့်အစီအစဉ်များ အသိပေးကြေညာခြင်း

မုန်တိုင်းရာဂီ၏ သက်ရောက်မှုနှင့် ဘင်္ဂလားပင်လယ်အော်တွင် ဖြစ်ပေါ်ခဲ့သော လေဖိအားနည်းရပ်ဝန်းတို့၏အရှိန်ကြောင့် ဖြစ်ပေါ်ခဲ့သည့် ရေကြီးရေလျှံမှုများတွင် ရေဘေးသင့်ခဲ့ရသည့် ပြည်သူလူထုအား ကူညီထောက်ပံ့နိုင်ရန်အတွက် လှူဒါန်းငွေများကို ၂၁-၉-၂၀၂၄ ရက်(စနေနေ့) မွန်းလွဲ(၂)နာရီတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့၌ လှူဒါန်းမှုများကို အခမ်းအနားဖြင့် လက်ခံသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လှူဒါန်းလိုသူများအနေဖြင့် သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များနှင့် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ အောက်ပါပုဂ္ဂိုလ်များသို့ ဆက်သွယ်စာရင်းပေးသွင်းလှူဒါန်းနိုင်ပါကြောင်း ဖော်ပြအပ်ပါသည်-

(၁) ဒေါ်လဲ့လဲ့အေး၊ ညွှန်ကြားရေးမှူးချုပ်၊ ဖုန်းနံပါတ် ၀၉-၂၀၂၁၄၉၁

(၂) ဦးဝင်းရွှေ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ဖုန်းနံပါတ် ၀၉-၂၅၄၁၇၀၀၁၁

(၃) ဒေါ်စုစုထွန်း၊ ညွှန်ကြားရေးမှူး၊ ဖုန်းနံပါတ် ၀၉-၄၃၀၀၈၂၉၁

**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ**

## ရွှေတိဂုံစေတီတော်မြတ်ကြီး လုံးတော်ပြည့်ရွှေသင်္ကန်းတော် ကပ်လှူပူဇော်ရန် ငြမ်းစေတီတည်ဆောက်ခြင်းနှင့် အန္တရာယ်ကင်းပရိတ်တရားတော်နာ မင်္ဂလာအခမ်းအနား ကျင်းပ

**ရန်ကုန် စက်တင်ဘာ ၁၉**

၂၀၂၄-၂၀၂၅ ခုနှစ် ရွှေတိဂုံစေတီတော်မြတ်ကြီး လုံးတော်ပြည့်ရွှေသင်္ကန်းတော် ကပ်လှူပူဇော်ရန် ငြမ်းစေတီတည်ဆောက်ခြင်းနှင့် အန္တရာယ်ကင်းပရိတ်တရားတော်နာ မင်္ဂလာအခမ်းအနားကို ယနေ့ နံနက် ၅ နာရီတွင် စေတီတော်မြတ်ကြီးရှိ သတ်မှတ်နေရာများ၌ ကျင်းပသည်။



အခမ်းအနားများသို့ ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၏ ဩဝါဒါစရိယဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့်တာဝန်ရှိသူများ၊ ပါဝင်ကုသိုလ်ယူဆောင်ရွက်ကြမည့် ဝန်ထမ်းများ၊ ဗုဒ္ဓဝေယျာဝစ္စအသင်းအဖွဲ့များနှင့် ငြမ်းစေတီတည်ဆောက်မည့်လုပ်သားများ တက်ရောက်ကြည်ညိုကြသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးလူမှုရေးရာဝန်ကြီး ဦးငွေအောင်၊ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး သာသနာရေးမှူး ဦးဇော်ဦးတို့က နတ်ဒေဝါများအား ကန်တော့ပွဲ၊ ထီး၊ တံခွန်၊ ကုက္ကားများဖြင့်ပင့်ဖိတ်ပူဇော်၍ အမွှေးနံ့သာများပက်ဖျန်းကာ ရွှေသင်္ကန်းတော်ကပ်လှူပူဇော်ခြင်းလုပ်ငန်းကာလတစ်လျှောက် ဘေးဥပါဒ်အန္တရာယ်များကင်းဝေးပါစေကြောင်း တိုင်တည်ဆုတောင်းကြပြီး ဩဝါဒါစရိယဆရာတော်ကြီးများအား ရေးဟောင်းဗုဒ္ဓရုပ်ပွားတော်များတန်ဆောင်း၌ အရဏ်ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၏ ဩဝါဒါစရိယ ရန်ကုန်တိုင်း သံဃနာယကအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒွိပိဋကဓရ ဘဒ္ဒန္တ အဂ္ဂသာမိထံမှ ဩဇ္ဇပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြပြီး ဩဝါဒါစရိယ ဆရာတော်ကြီးများ ရွတ်ပွားတော်မူသည့် အန္တရာယ်ကင်းပရိတ်တရားတော်ကို နာယူကြည်ညိုကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့က ဩဝါဒါစရိယ ဆရာတော်ကြီးများအား လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကြပြီး ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့၏ ဩဝါဒါစရိယဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒွိပိဋကဓရ ဝိနယ+ဒီဃနိကာယ ပါဠိပါရဂူ ရွှေပြည်သာပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တ နာဂိတထံမှ အနုမောဒနာတရားနာယူ၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

အခမ်းအနားပြီးတွင် ဩဝါဒါစရိယဆရာတော်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ငြမ်းစေတီတည်ဆောက်ရာတွင် အသုံးပြုမည့် ငြမ်းဝါး၊ အုန်းဆံကြိုးနှင့် ပစ္စည်းကိရိယာများအား အမွှေးနံ့သာရည်များပက်ဖျန်း၍ ဆုတောင်းမေတ္တာပို့သပေးကြသည်။ **ဇော်မင်းလတ်(MNA)**

## ကယားပြည်နယ်အစိုးရအဖွဲ့က ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ငွေပေးအပ်

**ဘောလခဲ စက်တင်ဘာ ၁၉**

ကယားပြည်နယ် ဘောလခဲမြို့နယ် အထက(ခန်းမ)၌ ယမန်နေ့နံနက်ပိုင်းက ကယားပြည်နယ်အစိုးရအဖွဲ့က ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ငွေပေးအပ်ခြင်းအခမ်းအနားကို ကျင်းပသည်။



**ရှင်းလင်းပြောကြား**

ဦးစွာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီး အောင်ဇော်လွင်နှင့် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌ ဒုတိယရဲမှူးကြီးထက်စံတို့က ရေဘေးသင့်ပြည်သူများအား အားပေးစကားပြောကြားပြီး ခေတ္တခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်ထွန်းအောင်က ဘောလခဲမြို့နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူ ၃၇၄ ဦး၊ အိမ်ထောင်စု ၁၈၃ စုအတွက် ထောက်ပံ့ငွေပေးအပ်မှုနှင့်စပ်လျဉ်း၍ အသေးစိတ် ရှင်းလင်းပြောကြားပြီး စိုက်ပျိုးရေးလုပ်ငန်း ပျက်စီးမှုများအတွက် ပြန်လည်အစားထိုးစိုက်ပျိုးနိုင်ရန် ဆောင်းသီးနှံများ အချိန်မီစိုက်ပျိုးနိုင်ရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ တာဝန်ရှိသူများက ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ငွေနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းခရိုင် တန့်ယန်းမြို့နယ်တွင် နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ခရိုင်နှင့် မြို့နယ်ရဲတပ်ဖွဲ့ဝင်များ စုပေါင်းသွေးလှူဒါန်းခြင်းကို စက်တင်ဘာ ၁၉ ရက် နံနက်ပိုင်းက အမှတ်(၃) တပ်မတော်ဆေးရုံ (ခုတင်-၂၅)၌ ပြုလုပ်ရာ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မြင့်အောင်နှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်စိုးတို့က ကြည့်ရှုအားပေးစဉ်။

**မင်းလွင်ဦး(တန့်ယန်း)**

## မင်္ဂလာဒုံမြို့နယ်၌ မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အထိမ်းအမှတ် စုပေါင်းသွေးလှူဒါန်းပွဲ ကျင်းပ

**ရန်ကုန် စက်တင်ဘာ ၁၉**

နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် (မှော်ဘီ၊ လှည်းကူး၊ မင်္ဂလာဒုံ၊ အင်းစိန်)ခရိုင်အတွင်းရှိ ရဲတပ်ဖွဲ့ဝင် ၄၂ ဦး တို့က သွေးလှူဒါန်းပွဲကို ယနေ့ နံနက် ၈ နာရီတွင် မင်္ဂလာဒုံမြို့နယ် တပ်မတော်အရိုးရောဂါအထူးကု ဆေးရုံကြီး (ခုတင်-၅၀၀)၌ ကျင်းပသည်။

အဆိုပါ စုပေါင်းသွေးလှူဒါန်းပွဲသို့ မင်္ဂလာဒုံမြို့နယ် တပ်မတော်အရိုးရောဂါ အထူးကုဆေးရုံကြီး (ခုတင်-၅၀၀) တပ်မှူး ဗိုလ်မှူးချုပ်ကျော်ဇင်ညွန့်၊ ဒုတိယတပ်မှူး ဗိုလ်မှူးကြီး ခင်ဇော်ဟိန်း၊ ဒုတိယဗိုလ်မှူးကြီး ဝင်းမြတ်နှင့် တပ်ဖွဲ့ဝင်များ၊ မင်္ဂလာဒုံခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ဝင်းကိုကို၊ အင်းစိန် ခေတ္တခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူး သိန်းဝင်း၊ မှော်ဘီခရိုင် ဒုတိယခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူး တင်အေး၊ မင်္ဂလာဒုံမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး စိုးလင်းနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးပြီး သွေးလှူဒါန်းသည့်တပ်ဖွဲ့ဝင်များအား အာဟာရဖြည့်စွက်စာများ ပေးအပ်ခဲ့ကြောင်း သိရသည်။



**ဉာဏ်ဟိန်း**

## ရွှေကျင်မြစ်ရေ ရွှေကျင်မြို့၌ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်

**နေပြည်တော် စက်တင်ဘာ ၁၉**

ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် တစ်ပေခန့်တွင် ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် နောက် တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ရွှေကျင်မြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ကြိုတင်သတိပြုနိုင်ပါရန်နှင့် မြစ်ရေမြင့်တက်လာပါက အချိန်မီရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

# လက်ဘနွန်နိုင်ငံ၌ လက်ကိုင်ဆက်သွယ်ရေးကိရိယာများ ပေါက်ကွဲမှုကြောင့် ပြည်သူများ သေဆုံးမှုအပေါ် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယို ဂူတာရက်စ် ရှုတ်ချ



ဘေရွတ် စက်တင်ဘာ ၁၉

လက်ဘနွန်နိုင်ငံ၌ လက်ကိုင်ဆက်သွယ်ရေးကိရိယာများ ပေါက်ကွဲမှုကြောင့် ပြည်သူများ သေဆုံးမှုအပေါ် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယို ဂူတာရက်စ်က ရှုတ်ချကြောင်း ယနေ့ ပြောကြားသည်။

တိုက်ခိုက်မှုများတွင် ယင်းကဲ့သို့သော ကိရိယာများအသုံးပြုမှုအပေါ် ပြင်းထန်စွာ ရှုတ်ချပြီး အရပ်သားများ၏ အသက်အန္တရာယ်အတွက် စိုးရိမ်မိပါကြောင်း ဂူတာရက်စ်က ပြောသည်။

စက်တင်ဘာ ၁၈ ရက်က မြို့တော် ဘေရွတ်နှင့် အခြားနေရာများတွင် ခရီးဆောင်ဆက်သွယ်ရေး ကိရိယာများ ပေါက်ကွဲခဲ့ရာ ၂၀ သေဆုံးပြီး ၄၅၀ ကျော် ထိခိုက်ဒဏ်ရာရခဲ့ကြောင်း လက်ဘနွန်ကျန်းမာရေးဝန်ကြီးဌာနက အတည်ပြုပြောကြားသည်။

အလားတူ စက်တင်ဘာ ၁၇ ရက်တွင် လက်ဘနွန်နိုင်ငံတစ်ဝန်း၌ ဆက်သွယ်ရေးကိရိယာများ ပေါက်ကွဲမှုများဖြစ်ပွားခဲ့ရာ ၁၂ ဦးသေဆုံးပြီး ၂၇၀၀ ကျော် ထိခိုက်ဒဏ်ရာရခဲ့ကြောင်း သိရသည်။

လက်ဘနွန်အခြေစိုက် ဟစ်ဇ်ဘိုလာအဖွဲ့က အဆိုပါတိုက်ခိုက်မှုအတွက် အစ္စရေးကို စွပ်စွဲပြစ်တင်ခဲ့ပြီး လက်တုံ့ပြန်မည်ဖြစ်ကြောင်း ပြောကြားသည်။

အစ္စရေးအစိုးရက အဆိုပါ ဖြစ်ရပ်နှင့်ပတ်သက်၍ မှတ်ချက်ပေးခြင်း မရှိပေ။

သို့သော် အစ္စရေးကာကွယ်ရေးဝန်ကြီး ယို့ဗ်ဂေါလန့်က ၎င်းတို့သည် တိုက်ခိုက်မှုဆိုင်ရာ အဆင့်သစ်တစ်ခုဆီသို့ ဝင်ရောက်နေပြီဖြစ်ကြောင်း စက်တင်ဘာ ၁၈ ရက်တွင် ကြေညာခဲ့သည်။ လက်ဘနွန်နိုင်ငံမြောက်ပိုင်း နယ်စပ်တစ်လျှောက်တွင် အစ္စရေးတပ်ဖွဲ့ဝင်များ ပိုမိုဖြန့်ကြက်ထားရန် ရည်ရွယ်ထားကြောင်း ၎င်းက ပြောကြားသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**

**ဘာသာပြန် - အောင်ကျော်ကျော်**

# အမေရိကန်နည်းပညာကုမ္ပဏီ မီတာက အင်စတာဂရမ်တွင် ဆယ်ကျော်သက် အသုံးပြုသူများအတွက် ကိုယ်ရေးကိုယ်တာထိန်းချုပ်မှုပုံစံသစ်တစ်ခု စတင်မိတ်ဆက်

ဝါရှင်တန် စက်တင်ဘာ ၁၉

အမေရိကန်နည်းပညာကုမ္ပဏီ မီတာသည် အင်စတာဂရမ်တွင် ဆယ်ကျော်သက်အသုံးပြုသူများကို ကာကွယ်ပေးရန်အတွက် ပိုမိုကောင်းမွန်သော ကိုယ်ရေးကိုယ်တာထိန်းချုပ်မှု ပုံစံသစ်တစ်ခုကို စက်တင်ဘာ ၁၆ ရက်တွင် စတင်မိတ်ဆက်ခဲ့ကြောင်း သိရသည်။




အသက် ၁၈ နှစ်အောက် အသုံးပြုသူများ၏ အကောင့်များတွင် အလိုအလျောက်ကာကွယ်ပေးမှုပုံစံများ ထည့်သွင်းထား၍ ၎င်းတို့ ချိတ်ဆက်ထားပြီး ဖြစ်သည့် အကောင့်များမှ စာတိုများပေးပို့မှုကိုသာ လက်ခံရရှိနိုင်မည်ဖြစ်ကြောင်း မီတာကုမ္ပဏီက ပြောသည်။

ထို့ပြင် ဆယ်ကျော်သက်များသည် နေ့စဉ် မိနစ် ၆၀ ခန့် အကောင့်ဝင်ရောက်အသုံးပြုပြီးနောက် အသုံးပြုမှုကို ရပ်တန့်ပစ်ရန် ၎င်းတို့အား အသိပေးချက်များကိုလည်း လက်ခံရရှိမည်ဖြစ်သည်။

ရိုင်းစိုင်းသည့်စကားလုံးများကိုလည်းအသုံးပြုရာတွင် တွေ့မြင်ရမည်မဟုတ်ကြောင်းနှင့် အသက် ၁၆ နှစ်အောက် အသုံးပြုသူများသည် ၎င်းတို့၏ မိဘများထံမှ ခွင့်ပြုချက်မရှိဘဲ ယခုစတင်မိတ်ဆက်သည့် ကိုယ်ရေးကိုယ်တာထိန်းချုပ်မှုပုံစံမှ ထွက်ခွာနိုင်မည် မဟုတ်ကြောင်း သိရသည်။

ကိုယ်ရေးကိုယ်တာ ထိန်းချုပ်မှုပုံစံသစ်ကို အမေရိကန်၊ ကနေဒါနှင့် ဗြိတိန်ရှိ အကောင့်ရှိပြီးသား ဆယ်ကျော်သက်များ အတွက် ရက် ၆၀ အတွင်း ထိန်းချုပ်မှုများ စတင်မည်ဖြစ်ပြီး အခြားနိုင်ငံမှ ဆယ်ကျော်သက်များအတွက် လာမည့်နှစ် ဇန်နဝါရီလတွင် စတင်ရန် စီစဉ်ထားကြောင်း သိရသည်။

လူမှုမီဒီယာ ကုမ္ပဏီများသည် ၎င်းတို့၏ ပလက်ဖောင်းပေါ်ရှိ ကလေးများအား အနိုင်ကျင့်မှု၊ လိင်ပိုင်းဆိုင်ရာ ငွေညှစ်ခြင်းနှင့် အခြားအန္တရာယ်များမှ ပိုမိုကောင်းမွန်စွာ ကာကွယ်ပေးရန် ဖိအားများ မြင့်တက်လျက်ရှိစဉ် မီတာကုမ္ပဏီက ယခုနည်းပညာသစ်ကို စတင်မိတ်ဆက်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**

**ဘာသာပြန် - အောင်ကျော်ကျော်**

# လာအိုနိုင်ငံ၌ ရာဂီမုန်တိုင်းနှင့် သဘာဝဘေးများကြောင့် ဒေသခံများ ထိခိုက်ခံစားခဲ့ရ

ဗီယင်ကျန်း စက်တင်ဘာ ၁၉

လာအိုနိုင်ငံတွင် ရာဂီမုန်တိုင်းဝင်ရောက်တိုက်ခတ်မှုအပါအဝင် အခြားသဘာဝဘေးများကြောင့် ပြည်နယ် ၁၅ ခုရှိ ဒေသခံ ၁၇၆၀၀၀ ကျော် ထိခိုက်ခံစားခဲ့ရကြောင်း ယနေ့ဆင်ဟွာသတင်းအရ သိရသည်။

နိုင်ငံအတွင်း ရာသီဥတုဆိုင်ရာဖြစ်စဉ်များ၏ အကျိုးသက်ရောက်မှုများကြောင့် ကျေးရွာ ၁၁၄၄ ရွာနှင့် အိမ်ထောင်စု ၄၅၆၆၁ စု ထိခိုက်ခံစားခဲ့ရသည်။ နိုင်ငံအတွင်း မုန်တိုင်းများ တိုက်ခတ်ပြီး မိုးသည်းထန်စွာရွာသွန်းမှုများကြောင့် ရေကြီးရေလျှံမှုများဖြစ်ပွားကာ စိုက်ပျိုးမြေဟက်တာ ၁၃၀၀၀၊ လမ်း ၂၆၂ ခု၊ တံတား ၁၂ စင်း၊ ငါးမွေးကန် ၃၃၄ ကန် နှင့် တိရစ္ဆာန်ကောင်ရေ ၁၃၄၇၈ ကောင် ထိခိုက်သေဆုံးခဲ့သည်။

ရေကြီးရေလျှံမှုများအတွင်း အိမ်ထောင်စု ၁၈၂ စုအား ပြန်လည်နေရာချထားပေးခဲ့ပြီး အိမ်ခြေ ၁၆၉ လုံး ထိခိုက်ပျက်စီးခဲ့ကြောင်း အလုပ်သမားနှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး လီပေါင်ယန်က ပြောကြားသည်။

လာအိုအစိုးရသည် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးကော်မတီနှင့်ပူးပေါင်း၍ တပ်မတော်သားများ၊ ဒေသဆိုင်ရာတာဝန်ရှိသူများနှင့် စေတနာ့ဝန်ထမ်းများအား ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် တာဝန်ပေးအပ်ခဲ့ပြီး မုန်တိုင်းဒဏ်သင့်ပြည်သူများအား အစားအစာ၊ ဆေးဝါးနှင့် ယာယီအဆောက်အအုံများ ရရှိရေးအတွက် ဆောင်ရွက်ပေးခဲ့သည်။

**ကိုးကား - ဆင်ဟွာ**

**ဘာသာပြန် - စိုးသူရ**

# ဩဂုတ်လအတွင်း ဂျပန်နိုင်ငံသို့ လာရောက်လည်ပတ်သည့် နိုင်ငံခြားသားခရီးသည်ပေါင်း ၂၉၃၃၀၀၀ ရှိ

တိုကျို စက်တင်ဘာ ၁၉

ဩဂုတ်လအတွင်း ဂျပန်နိုင်ငံသို့ လာရောက်လည်ပတ်သည့် နိုင်ငံခြားသား ခရီးသည်ပေါင်း ၂၉၃၃၀၀၀ ရှိပြီး ယခင်နှစ်ကထက် ၃၆ ရာခိုင်နှုန်း မြင့်တက်ကာ လအလိုက် စံချိန်တင်ခဲ့ကြောင်း ဂျပန်အစိုးရ၏ အချက်အလက်များအရ သိရသည်။

အဆိုပါ အရေအတွက်သည် ကိုဗစ် - ၁၉ ကူးစက်ရောဂါ မဖြစ်ပွားမီ ၂၀၁၉ ခုနှစ် ဩဂုတ်လတွင် နိုင်ငံအတွင်းသို့ အလည်အပတ် လာရောက်သည့် နိုင်ငံခြားသား ခရီးသည်အရေအတွက်ထက် ၁၆ ဒသမ ၄ ရာခိုင်နှုန်း ပိုမိုများပြားကြောင်း ဂျပန်အမျိုးသားခရီးသွားလုပ်ငန်းအဖွဲ့က ပြောကြားသည်။

လာရောက်လည်ပတ်သည့် ခရီးသွားများအနက် တရုတ်နိုင်ငံသည် ခရီးသည် ၇၄၅၈၀၀ ဖြင့် အများဆုံးနေရာတွင် ရပ်တည်ပြီး တောင်ကိုရီးယားသည် ခရီးသည် ၆၁၂၁၀၀ ဖြင့် ဒုတိယအများဆုံး နေရာတွင်ရှိသည်။

ဇန်နဝါရီလမှ ဩဂုတ်လအတွင်း ပြည်ပမှ လာရောက်လည်ပတ်သူဦးရေ ၂၄ သန်းကျော်ရှိပြီး ယမန်နှစ် အလားတူကာလထက် ၅၈ ရာခိုင်နှုန်း တိုးလာကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**

**ဘာသာပြန် - အောင်ကျော်ကျော်**

# ဗီယက်နမ်နိုင်ငံအလယ်ပိုင်း၌ ဆိုးလစ်ခ်မုန်တိုင်းဝင်ရောက်တိုက်ခတ်၊ မြေပြိုမှု ရေကြီးရေလျှံမှုများဖြစ်ပွား

ဟန်နွိုင်း စက်တင်ဘာ ၁၉

ဗီယက်နမ်နိုင်ငံအလယ်ပိုင်း ကွန်ဗင်းနှင့် ကွန်ထရီပြည်နယ်အကြားရှိဒေသများတွင် စက်တင်ဘာ ၁၉ ရက် မွန်းလွဲ ၃ နာရီက ဆိုးလစ်ခ်မုန်တိုင်း ဝင်ရောက်တိုက်ခတ်မှုကြောင့် မြေပြိုမှုများဖြစ်ပွားကြောင်း ဗွီအင်န်အိပ်စ်ပရက်သတင်းဌာန သတင်းအရ သိရသည်။

အဆိုပါမုန်တိုင်းသည် အနောက်တောင်ဘက်နှင့် အနောက်ဘက်သို့ လေတိုက်နှုန်း တစ်နာရီလျှင် ၂၅ ကီလိုမီတာဖြင့် ရွေ့လျားနေပြီး လာအို နိုင်ငံသို့ စက်တင်ဘာ ၂၀ ရက် နံနက် ၁ နာရီတွင် ဝင်ရောက်မည်ဟု ခန့်မှန်းထားကြောင်း အမျိုးသားမိုးလေဝသခန့်မှန်းရေးစင်တာက ပြောကြားသည်။ ဗီယက်နမ်နိုင်ငံ ကွန်ထရီ၊ ဟာတင်းနှင့် ကွန်ဗင်းပြည်နယ်တို့တွင် စက်တင်ဘာ ၁၉ ရက် နံနက်ပိုင်းမှစတင်၍ လေပြင်းများ တိုက်ခတ်ကာ သွာသီယန်ဟူးပြည်နယ်နှင့် ဒါနန်းမြို့တို့တွင်စက်တင်ဘာ ၁၈ ရက် ညပိုင်းမှစတင်၍ မိုးသည်းထန်စွာ ရွာသွန်းခဲ့သည်။

ဆိုးလစ်ခ်မုန်တိုင်းဝင်ရောက်တိုက်ခတ်မှု၏ အကျိုးဆက်အဖြစ် နိုင်ငံအလယ်ပိုင်း၊ မြောက်ပိုင်းဒေသများအပါအဝင် ကုန်းမြင့်ဒေသများ၌ မိုးသည်းထန်စွာရွာသွန်းနိုင်ကြောင်း ၎င်းစင်တာမှ ညွှန်ကြားရေးမှူး မိုက်ဗန်ခမ်က ပြောကြားသည်။ သဘာဝဘေးကြိုတင်ကာကွယ်ရေးအဖြစ် ကမ်းရိုးတန်းဒေသတွင် နေထိုင်သူ ဒေသခံများက လှေများ



အား ကုန်းမြင့်ပေါ်သို့ ရွှေ့ပြောင်းခဲ့ပြီး နေအိမ်များကို မုန်တိုင်းဒဏ်ခံနိုင်ရန် ကြိုတင်ပြင်ဆင်ခဲ့သည်။ ကွန်ဗင်းပြည်နယ် မင်ဟိုအာခရိုင်ရှိ မြစ်ချောင်းများတွင် ရေများမြင့်တက်လာမှုကြောင့် ရေကြီးရေလျှံမှုများ ဖြစ်ပွားကာ ယာဉ်များသွားလာမှုရပ်ဆိုင်းထားခဲ့ရပြီး ဒေသခံများ အန္တရာယ်ကင်းရှင်းရေးအတွက် နယ်ခြားစောင့်တပ်ဖွဲ့ဝင်များက ဆောင်ရွက်ခဲ့သည်။ ကာဇန်နှင့် ဒွန်ယာမိုင်းဒေသတို့ရှိ နယ်ခြားစောင့်တပ်ဖွဲ့ဝင်များသည် ဒေသဆိုင်ရာတာဝန်ရှိသူများနှင့် ပူးပေါင်း၍ မုန်တိုင်းဝင်ရောက်နိုင်မည့်ဒေသများရှိ ဒေသခံများအား ရွှေ့ပြောင်းပေးခဲ့သည်။ ကွန်နင်းဒေသတွင် လက်ရှိအချိန်၌ ဆိုးလစ်ခ်မုန်တိုင်းအတွက် သဘာဝဘေးကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များနှင့် စေတနာ့ဝန်ထမ်းစုစုပေါင်း ၁၄၀၀ ခန့်အား တာဝန်ချထားပြီး သဘာဝဘေးဆိုင်ရာ ရိက္ခာအဖြစ် ဆန်၊ ခေါက်ဆွဲခြောက်နှင့် အခြားလူသုံးကုန်ပစ္စည်းများကို ပြင်ဆင်ထားရှိကြောင်း သိရသည်။

ကွမ်ဒန်းခရိုင် ဆီအေမြစ်ရှိ မြစ်ရေထိန်းနံရံအား ရေတိုက်စားခံရမှုကြောင့် တပ်မတော်သားများက ကျောက်တုံးများ အသုံးပြု၍ ပြန်လည်ပြုပြင်တည်ဆောက်ခဲ့ရသည်။

ထို့ပြင်နိုင်ငံအတွင်းရှိ ဒေသများတွင် ဆိုးလစ်ခ်မုန်တိုင်း၏ အကျိုးဆက်အဖြစ် မိုးကြိုးမုန်တိုင်းများကျရောက်နိုင်ပြီး သစ်ပင်များကျိုးကျခြင်း၊ အိမ်ခေါင်မိုးများပျက်စီးခြင်းတို့ကြောင့် နိုင်ငံသားများအတွက် အန္တရာယ်ရှိနိုင်ကြောင်း မိုးလေဝသပညာရှင်များက သတိပေးထားသည်။

ဆိုးလစ်ခ်မုန်တိုင်းသည် တောင်တရုတ်ပင်လယ်သို့ ယခုနှစ်အတွင်း စတုတ္ထမြောက် တိုက်ခတ်ခဲ့သည့်တိုင်ဖွန်းမုန်တိုင်းဖြစ်သည်။ မကြာသေးမီက ဝင်ရောက်တိုက်ခတ်ခဲ့သည့် တိုင်ဖွန်းမုန်တိုင်းရာဂီကြောင့် နိုင်ငံမြောက်ပိုင်းရှိ ကွန်နင်းပြည်နယ်တွင် မြေပြိုမှုများဖြစ်ပွား၍ ဒေသခံ ၃၀၀ ကျော် သေဆုံးကာ ၃၅ ဦး ပျောက်ဆုံးကာ စီးပွားရေးပျက်စီးဆုံးရှုံးမှုတန်ဖိုး ဒေါ်လာ ၅၀ ထရီလီယံအထိရှိခဲ့သည်။

**ကိုးကား - ဗွီအင်န်အိပ်စ်ပရက်**

**ဘာသာပြန် - စိုးသူရ**

# ပြည်ကြီးတံခွန် ရွာသစ်ကလေးကျေးရွာတွင် တပ်မတော်က တပ်သားသစ်စုဆောင်းမှုအဖြစ် ပေါ်တာဆွဲဖမ်းဆီးခဲ့ကြောင်း သတင်းအမှားများ မဟုတ်မမှန် ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၁၉**

မန္တလေးတိုင်း ဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် ရွာသစ်ကလေးကျေးရွာမှ အမျိုးသား ၂၀ ကျော်ကို စက်တင်ဘာ ၁၆ ရက် နံနက် ၅ နာရီတွင် တပ်မတော်နှင့် ကျေးရွာအုပ်ချုပ်ရေး ပူးပေါင်းအဖွဲ့က ဝင်ရောက်ဖမ်းဆီးခဲ့ကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာများမှ သတင်းအမှားများ မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိကြောင်း တွေ့ရှိရသည်။

အဆိုပါသတင်းသည် တရားမဝင် ပြည်ဖျက်မီဒီယာများနှင့် နိုင်ငံကိုအလုံးစုံ ပျက်သုဉ်းလိုသည့် PDF အမည်ခံအကြမ်းဖက်သမားများ၏ လူမဆန်သည့် လုပ်ရပ်များကို လက်မခံနိုင်သော မျိုးချစ်လူငယ်များအနေဖြင့် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို အမြဲတမ်းထမ်းဆောင်လိုသည့်အတွက် တပ်မတော်ထဲသို့ လာရောက်ဝင်ရောက်လျက်ရှိပြီး ပြည်သူ့စစ်မှုထမ်း သင်တန်းများသို့ တက်ရောက်ရန်အတွက် လည်း မိမိဆန္ဒအလျောက် လာရောက်ဆန္ဒပြုသူများလည်း ရှိကြောင်း၊ လက်ရှိတွင် ပြည်သူ့စစ်မှုထမ်း အမှတ်စဉ်(၅) အထိ အောင်မြင်စွာ ဖွင့်လှစ်သင်ကြားပေးလျက်ရှိပြီး




သင်တန်းဆင်းပြီးသော နိုင်ငံ့သားကောင်း ပြည်သူ့စစ်မှုထမ်းစစ်သည်များသည်လည်း တာဝန်ကျရာ တပ်ရင်း/ တပ်ဖွဲ့အသီးသီးတွင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်လျက်ရှိကြောင်း၊ အဆိုပါမြို့နယ်မှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရှိရသည်။ ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်ပတ်သက်၍ ပြည်သူများ သိရှိစေရန်အတွက် နိုင်ငံပိုင်မီဒီယာများမှ စဉ်ဆက်မပြတ် ဖော်ပြပေးလျက်ရှိကာ ဆက်သွယ်မေးမြန်းနိုင်သည့် ဖုန်းနံပါတ်များသို့လည်း စုံစမ်းမေးမြန်းနိုင်ကြောင်းနှင့် ပြည်သူများ စိုးရိမ်ပူပန်မှုမြင့်တက်စေရန်နှင့် လူငယ်များ လမ်းမှားရောက်စေရန် ရည်ရွယ်ပြီး အကြမ်းဖက်အားပေး ပြည်ဖျက်မီဒီယာများက ဝါဒဖြန့်ထုတ်လွှင့်နေခြင်းသာဖြစ်သည်။ **သတင်းစဉ်**

# အမျိုးသမီးတစ်ဦးကို တရုတ်မယားအဖြစ် ပို့ဆောင်ရောင်းစားကာ ငွေကြေးအကျိုးအမြတ်ရယူခဲ့သူကို လူကုန်ကူးမှုဖြင့် ထောင်ဒဏ်ချမှတ်

**နေပြည်တော် စက်တင်ဘာ ၁၉**

အမျိုးသမီးတစ်ဦးကို တရုတ်မယားအဖြစ် ပို့ဆောင်ရောင်းစားကာ ငွေကြေးအကျိုးအမြတ် ရယူခဲ့သူကို လူကုန်ကူးမှုဖြင့် ထောင်ဒဏ်(၁၀) နှစ် ချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ကချင်ပြည်နယ် မိုးညှင်းမြို့နယ်နေ မချယ်ရီမင်းမင်း(ခ)ချယ်ရီနှင့် နန်းမားကျေးရွာနေ မကေသီစိုး(ခ)ချီချီတို့က ရှမ်းပြည်နယ် သီပေါမြို့နယ်နေ မ---၊ ၁၈ နှစ်ကို တရုတ်နိုင်ငံတွင် တရုတ်ယောကျ်ားယူရမည့်အလုပ်လုပ်ပါက ယွမ် ၁၅၀၀၀ ရရှိမည်ဟု ပြောဆိုစည်းရုံးကာ တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစား၍ ငွေကြေးအကျိုးအမြတ်များ ရယူခဲ့သဖြင့် မူဆယ်မြို့မ ရဲစခန်း (ပ)၉၇/၂၀၂၄၊ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၈(က)/၄၄ ဖြင့် အမှုရေးဖွင့်တရားစွဲတင်ခဲ့ပြီး စက်တင်ဘာ ၁၈ ရက်တွင် မူဆယ်ခရိုင်တရားရုံးမှ တရားခံ မကေသီစိုး(ခ)ချီချီကို လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅ အရ အလုပ်နှင့် ထောင်ဒဏ်(၁၀)နှစ် ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ယူအေအီးနိုင်ငံ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသူတစ်ဦးအား အမိနိုင်ငံသို့ ပြန်လည်ပို့ဆောင်

**ရန်ကုန် စက်တင်ဘာ ၁၉**

နိုင်ငံတော်အစိုးရ အနေဖြင့် ပြည်ပတွင် ရောက်ရှိနေသည့် အမိနိုင်ငံသားများ အခက်အခဲကြုံတွေ့ရပါက နိုင်ငံသားများ အပေါ် အလေးအနက်တန်ဖိုးထားသည့်အနေဖြင့် မည်သို့သောအခြေအနေနှင့် တွေ့ကြုံရသည်ဖြစ်စေ မြန်မာ ကောင်စစ်ဝန်ချုပ်ရုံးနှင့် မြန်မာသံရုံးသည် သက်ဆိုင်ရာ သံရုံးများနှင့်ချိတ်ဆက်၍ အမိနိုင်ငံသားများ မြန်မာနိုင်ငံသို့ အမြန်ဆုံး အေးချမ်းလုံခြုံစွာ ပြန်လည်ရောက်ရှိနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။




ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယူအေအီးနိုင်ငံ ဒူဘိုင်းမြို့တွင် အလုပ်လုပ်ကိုင်စဉ် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသူ မခင်ခင်လွင်အောင်အား အမိနိုင်ငံသို့ အမြန်ဆုံးပြန်လည်ပို့ဆောင်နိုင်ရန် မြန်မာကောင်စစ်ဝန်ချုပ်ရုံးအနေဖြင့် ယူအေအီးနိုင်ငံမှ သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဆောင်ရွက်မှုဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်နိုင်ခဲ့ပြီး မခင်ခင်လွင်အောင်သည် စက်တင်ဘာ ၁၈ ရက် ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီတွင် ဒူဘိုင်း - ရန်ကုန် လေကြောင်းခရီးစဉ်ဖြင့် ထွက်ခွာခဲ့ရာ ရန်ကုန်မြို့သို့ ည ၁၀ နာရီ ၁၅ မိနစ်တွင် ရောက်ရှိခဲ့သည်။

နိုင်ငံတော်အစိုးရ အနေဖြင့် ပြည်ပ၌ အလုပ်လုပ်ကိုင်စဉ် အခက်အခဲကြုံတွေ့ရသည့် မြန်မာနိုင်ငံသားများကို မြန်မာကောင်စစ်ဝန်ချုပ်ရုံးနှင့် မြန်မာသံရုံးတို့မှ ညှိနှိုင်းကူညီဆောင်ရွက်မှုဖြင့် အမိနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ပေးလျက်ရှိရာ ယခုကဲ့သို့ အမိနိုင်ငံသားများ အတိဒုက္ခကြုံတွေ့နေရစဉ် ကူညီကယ်တင်ပေးမှုအား အလုပ်သမားနှင့် မိဘဆွေမျိုးများက နိုင်ငံတော်အစိုးရ၊ မြန်မာကောင်စစ်ဝန်ချုပ်ရုံးနှင့် မြန်မာသံရုံးတို့အား လှိုက်လှဲစွာ အထူးကျေးဇူးတင်လျက်ရှိကြောင်း သိရသည်။

**ညိမ်းသူ(သတင်းစဉ်)**
**ဓာတ်ပုံ - ကနူး**

# ကလေးမြို့၌ မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်းပွဲ ကျင်းပ



**ကလေး စက်တင်ဘာ ၁၉**

စစ်ကိုင်း တိုင်းဒေသကြီး ကလေးမြို့၌ နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်းပွဲကို ကလေးခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးကြည်ဝင်း ဦးဆောင်၍ ကလေးခရိုင်နှင့် မြို့နယ်မှ ရဲတပ်ဖွဲ့ဝင်များ၊ အမှတ်(၁၀၈) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ တပ်ဖွဲ့ဝင်များ၊ အမှတ်(၅) မူးယစ်တပ်ဖွဲ့စုမှ တပ်ဖွဲ့ဝင်များ၊ အရာရှိရှစ်ဦး၊ အခြားအဆင့် ကိုးဦး၊ စုစုပေါင်း ၁၇ ဦးက ကလေးမြို့ ခုတင်(၃၀၀)ဆံ့ အထွေထွေရောဂါကုဆေးရုံကြီးတွင် စုပေါင်းသွေးလှူဒါန်းကြသည်။ အဆိုပါသွေးလှူဒါန်းပွဲသို့ ကလေးခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်စိုးတင့်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များနှင့် စာရေးဝန်ထမ်းများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

## မြန်မာ့ပင်လယ်ပြင် အခြေအနေ

**နေပြည်တော် စက်တင်ဘာ ၁၉**

မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရှစ်ပေမှ ၁၀ ပေခန့် ရှိနိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၀-၉-၂၀၂၄ သောကြာနေ့

### MRTV HD

၀၆:၀၀ မင်းကွန်းဆရာတော်ဘုရားကြီး၏ ပရိတ်တရားတော်(အာဋာနာဋိယသုတ်)
၀၇:၀၀ နံနက်ခင်းသတင်း
၀၈:၄၀ နိုင်ငံ့ဖွံ့ဖြိုးရေး သန်းခေါင်စာရင်းမှာ ပူးပေါင်းပါဝင်ပေး
၀၉:၁၅ ရိက္ခာပြည့်ဖြိုးဝင်ငွေတိုး ပုလုံကြွယ်ဝသားငါး ကဏ္ဍမှသည် **'မရုမ်းဖွဲ့ဘာပုစွန်ဂုန်ဘိ'**
၀၉:၄၅ Soccer View
၁၀:၄၅ လူမှုစီးပွားသတင်းများ
၁၂:၄၅ မြန်မာဇာတ်လမ်းတွဲ **'လျှို့ဝှက်အချစ်ရဲ့ကတားကွက်'** (အပိုင်း-၁၁)
၁၃:၃၀ MRTV National News
၁၄:၀၅ နိုင်ငံခြားဇာတ်လမ်းတွဲ **'ယုံကြည်ရာလမ်း'** (အပိုင်း-၁)
၁၅:၂၅ လူငယ်ရေးရာအစီအစဉ်
၁၆:၅၀ မျိုးဂုဏ်တင့်စေဆိုကရေးတီးအငွေ
၁၇:၂၀ Weekly Sports Info
၁၈:၀၀ ပြည်တွင်းသတင်း
၁၈:၄၅ ပြည်ချစ်သားမွန်တေးသဝဏ်
၁၉:၄၅ မြန်မာဇာတ်လမ်းတွဲ **'လျှို့ဝှက်အချစ်ရဲ့ကတားကွက်'** (အပိုင်း-၁၃)
၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
၂၃:၀၀ **'ချစ်သူတို့ရွာ'** ကျေးလက်ရနံ့တေးဂီတ ဖျော်ဖြေပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်

### mitv

07:01 Evergreen Classic: Dhamma Set Taw (Sein Lei Lei)
07:08 Chef Life: Ce'dric Davoine (French Chef)
07:33 Lisu Village Resort
07:43 Kyaukse Cement Plant
08:01 News
08:26 Asia Updates: Excellent horseback riders on the grassland
08:33 Taungoo City Travelogue
09:01 Listening Pleasure, Instrumental Music (Myanmar Harp) Tint Tint Tal Tal
09:11 Commercial Farming to GDP Growth, Pomelo Grower
09:41 Myanmar Traditional Brass Embossed Painting
10:01 News
10:26 Lifestyle & Entertainment (Weekly Updates)

### MRTV NRC

**ဝ (၀၆:၀၀ မှ ၀၈:၀၀)** ဝဘာသာစကားပြောကြရအောင် (အသီးအနှံဆိုင်ရာဝေါဟာရများ)
**ကချင် (၀၈:၀၀ မှ ၁၀:၀၀)** အာလူးထောင်းကြော်
**ကယား (၁၀:၀၀ မှ ၁၂:၀၀)** ဒဏ္ဍာရီဆန်တဲ့ကြတ်ဂူဆီသို့
**စကောကရင် (၁၂:၀၀ မှ ၁၃:၀၀)** ရှုမြင်ခံစားအလှတရားများ
**အနောက်ပိုးကရင် (၁၃:၀၀ မှ ၁၄:၀၀)** သဘာဝမိကျောင်းများ ပျော်စံရာမိန်းမလှကျွန်း
**အရှေ့ပိုးကရင် (၁၄:၀၀ မှ ၁၅:၀၀)** ပန်းလိုမွှေး၍စွမ်းသည့်ဆေး
**ချင်း (လိုင်ဇိုး) (၁၅:၀၀ မှ ၁၆:၀၀)** မြင်းခွာရွက်ရဲ့အစွမ်း
**ချင်း (ချိုး) (၁၆:၀၀ မှ ၁၇:၀၀)** ချင်းရိုးရာပုံပြင်(အပိုင်း-၂) ချင်းရိုးရာပုတီးနှင့် အမျိုးသားများ၏ လည်စလုတ်
**မွန် (၁၇:၀၀ မှ ၁၉:၀၀)** သစ်တိုသီးဝက်သားချက်နှင့် မျှစ်ဟင်းရည်
**ရခိုင် (၁၉:၀၀ မှ ၂၁:၀၀)** ရခိုင်တိုင်းရင်းသားတို့ရဲ့ချစ်စရာ ရိုးရာအိမ်ကလေး
**ရှမ်း (၂၁:၀၀ မှ ၂၃:၀၀)** ရေခြားမြေကွာ အခက်အခဲများစွာကြားမှ ကျရာတာဝန်ကျေပွန်ကြသူများ(အပိုင်း-၂)

### MRTV NEWS

၀၆:၀၀ အဖွင့်၊ တေးသီချင်း
၀၆:၄၀ အားကစားသတင်း
၀၇:၄၅ အသိပညာနှင့်အမှန်တရား
၀၈:၃၀ နိုင်ငံတကာသတင်း(LIVE)
၀၉:၀၀ ပြည်တွင်းသတင်း(LIVE)
၁၀:၄၅ Soccer View
၁၁:၀၀ ပြည်တွင်းသတင်း(LIVE)
၁၂:၃၀ နိုင်ငံတကာသတင်း(LIVE)
၁၄:၀၀ MRTV National News
၁၆:၀၀ သတင်းမှန်ကဏ္ဍ(LIVE)
၂၀:၀၀ ပြည်တွင်းသတင်း(LIVE)
၂၀:၃၀ နိုင်ငံတကာသတင်း(LIVE)

### MRTV PARLIAMENT

၀၉:၀၀ အဖွင့်၊ အလံ
၀၉:၁၅ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်း သိကောင်းစရာများ **'ကိုရီးယားနိုင်ငံ'**
၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို **'ပကောင်းဆိုးဝါး'**
၁၀:၀၀ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်း သိကောင်းစရာများ **'စင်ကာပူနိုင်ငံ'**
၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း **'ကိုရီးယားနိုင်ငံ'** (အပိုင်း-၁)
၁၁:၃၀ ရှေ့သို့ချီမည်ပန်းတိုင်ဆီ (အပိုင်း-၅၀)
၁၈:၀၀ Economic Review

### MRTV FARMERS' Channel

၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း
၀၆:၁၅ တောင်သူများနဲ့ပျော် ၂၀၂၄ မျိုးစေ့ပြပွဲတော်
၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
၁၈:၀၀ News Flash
၁၈:၃၀ ပကြွေပါနဲ့ဆာကူရာ (ဇာတ်လမ်း)
၂၂:၀၀ Barbie (နိုင်ငံခြားဇာတ်လမ်း)

### MRTV SPORTS

၀၆:၀၀ အဖွင့်
၀၆:၂၀ လူငယ်တို့အတွက် လမ်းပြကြယ်
၀၆:၄၅ Football Highlight
၁၇:၄၀ Soccer View
၁၁:၁၀ အားကစားသတင်း
၁၅:၄၅ မြန်မာနေရှင်နယ်လိဂ် ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (Yadanarbon FC Vs Shan United FC)

Scan Here
MRTV MRTV MRTV Radio MRTV Radio

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။




## "ချစ်သူတို့ရွာ" ကျေးလက်ရနံ့ တေးဂီတဖျော်ဖြေပွဲ မြန်မာ့ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသမည်

နေပြည်တော် စက်တင်ဘာ ၁၉

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအနေဖြင့် ပြည်သူများ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များရရှိနိုင်ရန် ရည်ရွယ်ပြီး Friday Night Live Show တေးဂီတဖျော်ဖြေပွဲများကို ဆန်းသစ်တင်ဆက်လျက်ရှိရာ စက်တင်ဘာ ၂၀ ရက် သောကြာနေ့ ည ၉ နာရီခန့်တွင် "ချစ်သူတို့ရွာ" ကျေးလက်ရနံ့ တေးဂီတဖျော်ဖြေပွဲကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV–HD Channel မှ တိုက်ရိုက် (Live) ထုတ်လွှင့်ပြသမည်ဖြစ်သည်။

အဆိုပါ တေးဂီတဖျော်ဖြေပွဲကို မြန်မာ့အသံတေးဂီတအဖွဲ့၏ တီးခတ်မှုနှင့်အတူ နာမည်ကျော် တေးသံရှင်များဖြစ်ကြသည့် သန်းထွန်းလေး၊ ဒုံချပ်၊ စိုးထက်အောင်၊ စောမြတ်နိုး၊ ဇင်သူဇာထွန်း၊ ဇင်သူသူထွန်း၊ ချိုမီမီဇော်၊ မြရာ၊ မြနန္ဒာနှင့် ရတုချိုတို့က သာယာလှပပြီး အေးချမ်းသည့် ကျေးလက်ရှုခင်းများ၊သတိရတမ်းတလွမ်းမောဖွယ်ရာ ကျေးလက်ပုံရိပ်များ၊ ကျေးလက်ရနံ့ ထုံမွမ်းနေသည့် တေးသံသာများနှင့် သီဆိုဖျော်ဖြေတင်ဆက်ကြမည်ဖြစ်သည်။

ယင်းအစီအစဉ်ကို MRTV App ၏ Entertainment Sector နှင့် MRTV Telegram တို့တွင်လည်း လွှင့်တင်ထားမည်ဖြစ်၍ ဝင်ရောက်ကြည့်ရှုနိုင်မည်ဖြစ်သည့်အပြင် စက်တင်ဘာ ၂၂ ရက် တနင်္ဂနွေနေ့ နံနက် ၁၀ နာရီခွဲတွင်လည်း Replay ထပ်မံပြသမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရန်ကုန်တိုင်းဒေသကြီး သဃ်္ဃန်းကျွန်းမြို့နယ် သုဝဏ္ဏမြို့ဦးဆုတောင်းပြည့်စေတီတော်ဝင်း၌ စက်တင်ဘာ ၁၉ ရက် နံနက် ၇ နာရီက သဃ်္ဃန်းကျွန်းခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး လှသိန်း ဦးဆောင်၍ သဃ်္ဃန်းကျွန်းခရိုင် ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များ၊ သဃ်္ဃန်းကျွန်းမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး စောမြိုင်အုံးနှင့် တပ်ဖွဲ့ဝင်များ၊ တောင်ဥက္ကလာပမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းအောင်နှင့် တပ်ဖွဲ့ဝင်များ၊ ရန်ကင်းမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ဇော်မင်းဆွေနှင့် တပ်ဖွဲ့ဝင်များ၊ တာမွေမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး ခင်မောင်ထွန်းနှင့် တပ်ဖွဲ့ဝင်များ၊ အမှတ်(၃၈)ယာဉ်ထိန်းတပ်ဖွဲ့စုမှူး ဒုရဲမှူး ရဲမြင့်နှင့် တပ်ဖွဲ့ဝင်များ စုစုပေါင်း ၁၃၆ ဦးတို့က စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။

ပြည့်ဖြိုးအောင်(သဃ်္ဃန်းကျွန်း)

## ရေကြည်မြို့နယ်၌ သမဝါယမအသင်းစုလီမိတက် အစည်းအဝေးကျင်းပ

ရေကြည် စက်တင်ဘာ ၁၉

ရောဝတီတိုင်း ဒေသကြီး ရေကြည်မြို့နယ်တွင် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကျင်းပဆောင်ရွက်ခြင်းကို ယနေ့နံနက် ၁၀ နာရီတွင် မြို့နယ်သမဝါယမဦးစီးဌာနရုံး၌ ကျင်းပသည်။



အခမ်းအနားတွင် သဘာပတိက အဖွင့်အမှာစကားပြောကြားပြီး ရောဝတီတိုင်းဒေသကြီး သမဝါယမဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးဇော်မျိုးဦးက သမဝါယမ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် ရှေ့လုပ်ငန်းစဉ်များ၊ အသင်း၏ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များ၊ လုပ်ငန်းဆောင်ရွက်ချက်များ၊ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွက် အစီရင်ခံစာနှင့် ဘဏ္ဍာရေး ရှင်းတမ်းများ၏ အတည်ပြုချက်များကို ဆောင်ရွက်သည်။

ထို့နောက် မြို့နယ်သမဝါယမဦးစီးအရာရှိ ဦးအောင်ကြီးက အသင်းဆိုင်ရာ ကိစ္စရပ်များ၊ ရှေ့လုပ်ငန်းစဉ်များ၊ အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကျင်းပရခြင်း ရည်ရွယ်ချက်နှင့် ငွေစုငွေချေး သမဝါယမအသင်း ရေရှည်တည်တံ့ရေးဆိုင်ရာ စည်းကမ်းချက်တို့ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးမှူး ဒေါ်စမ်းစမ်းအေးက မြို့နယ်သမဝါယမ အသင်းစုလီမိတက်၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် နှစ်ချုပ်ဘဏ္ဍာရေး စာရင်းရှင်းတမ်းကို ရှင်းလင်းဖတ်ကြား တင်ပြခဲ့ရာ တက်ရောက်လာသူများက သိရှိလိုသည့် ဆွေးနွေးမေးမြန်းချက်များကို တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၀-၉-၂၀၂၄ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၀၆၀ | ၃၁၄၀ | ၃၁၁၅ | ၃၀၇၀ | ၃၁၄၅ | ၃၁၅၅ | ၃၁၇၀ | ၃၁၂၀ | ၃၂၅၀ | ၃၂၈၀ | ၃၁၃၀ | ၃၁၄၅ | ၃၁၈၀ | ၃၁၆၅ | ၃၁၈၀ | ၃၅၈၅ | ၄၈၀၀ |
| 95 Ron | ၃၂၁၅ | ၃၂၉၅ | ၃၂၇၀ | ၃၂၂၅ | ၃၂၉၅ | ၃၃၁၀ | ၃၃၂၀ | ၃၂၇၅ | ၃၄၀၀ | ၃၄၃၀ | ၃၂၈၅ | ၃၃၀၀ | ၃၃၃၀ | ၃၃၂၀ | ၃၃၃၀ | ၃၇၃၅ | ၅၀၀၀ |
| HSD (500 ppm) | ၂၅၇၅ | ၂၆၅၅ | ၂၆၃၀ | ၂၅၈၅ | ၂၆၅၅ | ၂၆၇၀ | ၂၆၈၀ | ၂၆၃၅ | ၂၇၆၀ | ၂၇၉၀ | ၂၆၄၅ | ၂၆၆၀ | ၂၆၉၀ | ၂၆၈၀ | ၂၆၉၅ | ၃၀၉၅ | ၄၈၀၀ |
| HSD (50 ppm) | ၃၂၃၅ | ၃၃၁၅ | ၃၂၉၀ | ၃၂၄၅ | ၃၃၂၀ | ၃၃၃၀ | ၃၃၄၅ | ၃၃၀၀ | ၃၄၂၅ | ၃၄၅၅ | ၃၃၀၅ | ၃၃၂၀ | ၃၃၅၅ | ၃၃၄၀ | ၃၃၅၅ | ၃၇၆၀ | ၄၈၀၀ |
| HSD (10 ppm) | ၃၂၃၅ | ၃၃၁၅ | ၃၂၉၀ | ၃၂၄၅ | ၃၃၂၀ | ၃၃၃၀ | ၃၃၄၅ | ၃၃၀၀ | ၃၄၂၅ | ၃၄၅၅ | ၃၃၀၅ | ၃၃၂၀ | ၃၃၅၅ | ၃၃၄၀ | ၃၃၅၅ | ၃၇၆၀ | ၄၈၀၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၉၀၂ | ၂၉၉၃ |
| 95 Ron | ၃၀၅၀ | ၃၁၄၅ |
| HSD (500 ppm) | ၂၄၃၁ | ၂၅၀၉ |
| HSD (50 ppm) | ၃၀၇၂ | ၃၁၆၃ |
| HSD (10 ppm) | ၃၀၇၂ | ၃၁၆၃ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် စက်တင်ဘာ ၁၉

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း စက်တင်ဘာ ၁၈ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "Koaung Koaung" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် ကျောက်ဖြူကုန်းကျေးရွာနေ အောင်လွင်ဦးအား ညနေ ၅ နာရီ ၅ မိနစ်တွင်လည်းကောင်း၊ "မီးအိမ်ရှင်" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ဒေဝကျေးရွာနေ မြမြနှင်းအား ည ၇ နာရီ ၅ မိနစ်တွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# လေးမျက်နှာ၊ သီတာကုန်းပြင်နှင့် မဒေါ့ပင်

မြင့်စိုး(နတလ)



လေးမျက်နှာမြို့နယ် ခုံကြီး-ခတ္တာလမ်းပေါ်၌ တံတားတည်ဆောက်မှုကို ကြည့်ရှုစဉ်။

### ကျေးဇူးတင်ပါသည် မြစ်ချောင်းဖြိုး

သည်တစ်ကြိမ် မွေးရပ်မြေ ဧရာဝတီတိုင်းဒေသကြီး ခရီးသွားရသည့် ရည်ရွယ်ချက်က များပြားသလိုဖြစ်ချင်သည့် ရင်တွင်းဆန္ဒများက အတောမသတ်နိုင်တာကိုလည်း ကိုယ့်ကိုယ်ကိုယ် သတိထားမိသည်။ သည်နှစ် နိုင်ငံတစ်ဝန်း တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့မှာ ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့သည်။ မိမိတို့မွေးရပ်မြေ ဧရာဝတီတိုင်းဒေသကြီးလည်း ပါဝင်နေသလို ဝဝန်မြစ်ရေကြီးမှုကြောင့် လေးမျက်နှာမြို့နယ်အတွင်း ကျေးရွာအချို့မှာ လူနေအိမ်များအပြင် စပါးစိုက်ခင်းများပါ နစ်မြုပ်ခဲ့သည်။ မြစ်ရေမြင့်တက်မှု ရက်ရှည်ကြာလာသည်နှင့်အမျှ တောင်သူများ၏ စပါးစိုက်ခင်းများအတွက် စိတ်ပူပန်လာမိသည်။ ထိုထက်မက ပူပန်ရသည့် အကြောင်းခြင်းရာတစ်ခုလည်း ရှိနေပါသေးသည်။ လေးမျက်နှာမြို့မှာ သမိုင်းဝင် စတုမုခထူပါရုံစေတီတော်မြတ်ကြီး၏ ကမ်းထိန်းလုပ်ငန်းများ အဆင်ပြေမှုပြေပါ့မလား၊ ခတ္တာကျေးရွာက မြတ်စိုးအောင်တို့ ပရဟိတ လူငယ်အဖွဲ့ နေ့စဉ်တင်နေသော ငဝန်မြစ်ရေအခြေအနေနှင့် ဘုရားပရိဝုဏ်အတွင်း ရေဝင်ရောက်နေမှုများကိုကြည့်ရင်း မမျှော်လင့်သောနေရာမှ ကမ်းပြိုမှုတွေထပ်ဖြစ်လာလေမလား စသည့် အတွေးများဖြင့် စိတ်မအေးနိုင်ခဲ့ပါ။

သည်စေတီတော်မြတ်ကြီးကို သမိုင်းဝင်ဟု ကျွန်တော်ဝိဂြိုဟ်ပြုရခြင်းမှာ သက္ကရာဇ် ၄၂၀ ပြည့်နှစ်တွင် ပုဂံပြည့်ရှင်အနော်ရထာမင်းကြီး စတင်တည်ထားကိုးကွယ်ခဲ့သောကြောင့်ပါတည်း။ မြို့အတွက်တစ်ခုတည်းသာ ကျန်ရစ်တော့သော၊ ဘာနှင့်မျှမလဲနိုင်သော ဘာသာ သာသနာ ထွန်းလင်းတောက်ပခဲ့မှု၏ ပြယုဂ်သမိုင်းအမွေအနှစ်လည်း ဖြစ်နေပါသည်။ ကျွန်တော် မကြာခဏရေးပြခဲ့ဖူးသလို မူလလေးမျက်နှာမြို့ဟောင်းသည် စတုမုခထူပါရုံ စေတီတော်မြတ်ကြီးတည်ရှိရာ ငဝန်မြစ်အနောက်ဘက်ကမ်းတွင် တောင်မြောက်အလျားလိုက်တန်း၍ ခုံကြီးရပ်ကွက်၊ မြို့မရပ်ကွက်၊ ခတ္တာရပ်ကွက်တို့ဖြင့် ဖွဲ့စည်းထားပြီး အစိုးရရုံးများ၊ ဆေးရုံ၊ ကျောင်း၊ တိုက်ဈေးကြီး၊ မြို့နယ်အားကစားကွင်း၊ ပန်းခြံ၊ ဗိုလ်အောင်ဖေ ရုပ်ရှင်ရုံတို့ဖြင့် သူ့နေရာနှင့်သူ နှစ်ပေါင်းများစွာ ဟန်ကျပန်ကျ တွေ့မြင်လာခဲ့ကြရသည်။ မြို့ကသေးသေးလေး ဆိုသော်ငြားလည်း အနီလေးမျက်နှာမြို့နယ်အတွင်းမှနေ၍ တိုင်းသိပြည်သိ ထင်ရှားကျော်ကြားခဲ့ကြသော သာသနာ့အာဇာနည်များ၊ လူပုဂ္ဂိုလ်အကျော်အမော်များ များစွာ ပေါ်ထွန်းခဲ့ဖူးသည်။ ဘကြီးတော်မင်းနှင့် မိဖုရားခေါင်ကြီးတို့ ကိုးကွယ်တော်မူခဲ့သည့် ပထမထွဋ်ခေါင် ဆရာတော်ကြီး၊ ရွှေဟသာ်ဆရာတော်ကြီး၊ သခင်ပညာလောကအမည်ဖြင့် နယ်ချဲ့အင်္ဂလိပ်ကို ဆန့်ကျင်ခဲ့သည့် ဆရာတော် ဦးပညာလောက၊ ဦးဇောတိပါလနှင့် အောင်ဆန်းဆရာတော်ကြီးတို့သည်လည်းကောင်း၊ ဝိဓူရသခင်ချစ်မောင်၊ စာပေဘက်တွင် ကျောက်စာဝန် ဦးမြနှင့် ကဗျာဆရာကြီး စောရန်နောင်တို့သည်လည်းကောင်း၊ အနုပညာလောကတွင် ဝဏ္ဏကျော်ထင် ဦးစိန်အောင်မင်း၊ မင်းသမီးကြီး အကယ်ဒမီ ဒေါ်ကြည်ကြည်ဌေးနှင့်တွဲ၍ အောက်ချင်းဖို၊ အောက်ချင်းမ ကဇာတ်ဖြင့်နာမည်ကျော်ကြားခဲ့သော မင်းသားကြီး အောင်ဝိဇ္ဇာ ဦးခင်မောင်၊ ရုပ်ရှင်ဘက်မှာ သရုပ်ဆောင် အကယ်ဒမီ မော့စ်၊ ဂီတဘက်မှာလည်း ဂီတစာဆိုအလင်္ကာကျော်စွာ ဟသ်ာတဦးမြင့်ငွေ၊ စန္ဒရားလူမော်တို့သည်လည်းကောင်း၊ ရှားရှားပါးပါး ဆပ်ကပ်အနုပညာရှင်အဖြစ် ဆိုဗီယက်ပြန် အာဇာနည် စန်းစန်း၊ ဘောလုံးအားကစားလောက၌ အာရှနှင့်ကျွန်းဆွယ်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင်ခဲ့သော ဦးလှဌေး၊ သည်ဘက်ခေတ် အမျိုးသမီးလက်ရွေးစင်ဘောလုံးအသင်းတွင် ဂိုးသမားဖြစ်ခဲ့သူ မေခင်ယမင်းတို့သည်လည်းကောင်း လေးမျက်နှာဇာတိဖွားများဖြစ်ကြသည်။ အခြားသော ထူးချွန်ထင်ရှားပုဂ္ဂိုလ်များကျန်ကောင်းကျန်နိုင်ပါသေးသည်၊ စာရေးသူ မှတ်မိသမျှကိုသာ အခွင့်ကြုံ၍ တင်ပြလိုက်ခြင်းရယ်သာ။

မြစ်ချောင်းဖြိုးဟု အတိုကောက်ခေါ်နေသည့် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ဘုရားပရိဝုဏ်အတွင်း၌ နေထိုင်လျက် မပြတ်စောင့်ကြည့်၍ လိုအပ်သော ကာကွယ်ထိန်းသိမ်းမှုလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်ပေးနေသောကြောင့် ကျေးဇူးအထူးတင်ရှိခဲ့ရသည်။ အဆိုပါဌာနမှ တာဝန်ရှိသူများသည် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်တို့၏ ညွှန်ကြားမှုကို ခံယူလျက် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်မှစ၍ ဆောင်ရွက်လျက်ရှိရာ ယခုနှစ်တွင် မြစ်ကြမ်းပြင်ကာကွယ်ထိန်းသိမ်းခြင်းအတွက် ကျောက်စီရေကာတာများ ဆောင်ရွက်ခြင်း၊ စေတီတော်ရင်ပြင်ချဲ့ခြင်း၊ Bored Pile အခြေပြုသံကူကွန်ကရစ်နံရံပြုလုပ်ခြင်း စသည့်လုပ်ငန်းများကို တာဝန်ရှိသူအဆင့်ဆင့်က စနစ်တကျ ကြပ်မတ်ဆောင်ရွက်လျက်ရှိပါသည်။ ကျွန်တော်တို့က အဝေးမှ စိတ်ပူရုံမျှသာ၊ တကယ့်မြေပြင်မှာ ဖြစ်ပေါ်နေသော အခြေအနေများ ထူးလျှင်ထူးသလို အရင်ဆုံးရောက်သွားတတ်သူမှာ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း ဖြစ်ပါသည်။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်းတို့၏ ခရီးစဉ်များအတွင်း လိုအပ်သည်များ စီမံဖြည့်ဆည်းဆောင်ရွက်ပေးမှုများအတွက်လည်း မြို့နယ်သူမြို့နယ်သားများကိုယ်စား ကျေးဇူးစကားဆိုပါရစေ။

### နယ်မြေဒေသတည်ငြိမ်အေးချမ်းရေး ဝိုင်းဝန်းကြိုးပမ်းပေး

ဧရာဝတီတိုင်းဒေသကြီး ခရီးစဉ်ထဲက လေးမျက်နှာမြို့နယ်သို့ သွားရောက်ရသည့် အခြားရည်ရွယ်ချက်တစ်ခုမှာ နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးအတွက် ဖြစ်သည်။ မိမိတို့ မြို့နယ်သည် အနောက်ရိုးမနှင့် အနီးဆုံးနေရာမှာ ရှိနေသည်။ ရခိုင်ပြည်နယ်နှင့် နယ်မြေချင်း ထိစပ်နေသည်။ ရခိုင်ပြည်နယ်အတွင်း နယ်မြေဒေသတည်ငြိမ်အေးချမ်းမှု ပျက်ပြားနေသည့် ဂယက်က မိမိတို့ဒေသကိုပါ လာရောက်ရိုက်ခတ်နိုင်သည်။ ကျေးရွာတိုင်းမှာ တာဝန်ရှိနေသလို တာဝန်သိရန်လည်း လိုပါသည်။ ကျွန်တော်တို့ သုံးတန်း၊ လေးတန်းအရွယ်ကပင် အနောက်ရိုးမနှင့် ဧရာဝတီတိုင်းဒေသကြီးမှာ ဖြတ်(၄)ဖြတ် စစ်ဆင်ရေးဖြင့် ဗကပကို တိုက်ထုတ်ခဲ့တာ မြင်ဖူးကြုံဖူးခဲ့သည်။ ၁၉၇၂/ ၇၃ မှာ ဗကပ အမြစ်ပြတ်ပြီး ဧရာဝတီတိုင်းတစ်ခုလုံး အဖြူရောင်နယ်မြေဖြစ်ခဲ့သည်။ သည်ကာလတုန်းက ဒေသတွင်း ဘယ်နေရာတွေမှာ တိုက်ပွဲတွေ အဖြစ်များသည်၊ ချင်းလယ်ကြောနှင့် လဲခုံကြီး၊ လဲခုံလေးရွာတွေ၏ အနောက်ဘက်က ဘယ်နေရာတွေမှာ ခိုအောင်းနိုင်သည်၊ ချုံတောင်လို နေရာမျိုးတွေမှာ ဂရုပြုရမည် စတာတွေကို ငယ်စဉ်ကပင် နားရည်ဝခဲ့သည်။ ယနေ့အချိန်မှာလည်း ကျေးရွာအုပ်ချုပ်ရေးမှူးများသည် မိမိတို့ဒေသ တည်ငြိမ်အေးချမ်းရေးအတွက် အဓိကတာဝန်ရှိနေသည်။ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် လက်တွဲဆောင်ရွက်ရမည်။ လေးမျက်နှာမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးမှာ တစ်နယ်လုံးက အုပ်ချုပ်ရေးမှူးများနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေး၊ ဆီထွက်သီးနှံ စိုက်ပျိုးရေး၊ နယ်မြေတည်ငြိမ်အေးချမ်းရေး ကိစ္စရပ်များကို ရင်းရင်းနှီးနှီး ဆွေးနွေးမှာကြားခဲ့သည်။ ရင်းရင်းနှီးနှီးဟု ပြောရခြင်းမှာ ကျေးရွာအုပ်ချုပ်ရေးမှူးများထဲမှာ တစ်ဝက်ကျော်ကျော်လောက်က ကျွန်တော်နှင့် သူငယ်ချင်းဖြစ်ခဲ့သူများ၊ သိကျွမ်းခဲ့သူများ၊ မျက်မှန်းတန်းခဲ့သူများ ပါဝင်နေ၍ပါတည်း။

### ပန်းတောကြီးက သဘာဝမြေဩဇာ ထုတ်လုပ်ရေးလုပ်ငန်း

ကျွန်တော့်မိတ်ဆွေ ဦးကျော်ဝင်းနိုင်၊ အမှန်ကသူ့အစ်မဖြစ်သူ ရီရီသန်းနှင့်မှ ကျွန်တော်က အတန်းတူမို့ ညီတော်မောင် ကိုကျော်ဝင်းနိုင်ဟု ခေါ်လျှင် ပို၍မှန်ပါလိမ့်မည်။ ၂၀၂၂ ခုနှစ် ကုန်ခါနီးမှာ သူနေပြည်တော်သို့ ရောက်ရှိလာစဉ် သဘာဝမြေဩဇာထုတ်လုပ်သည့်လုပ်ငန်း ဆောင်ရွက်ရန် တိုက်တွန်း၍ လေ့လာသင့်သည့် နေရာများကို ပို့ဆောင်ပေးခဲ့သည်။ ယခုတစ်ခေါက် ဧရာဝတီခရီးစဉ်မှာ သူက သိန်းငှက်အမှတ်တံဆိပ်ဖြင့် သဘာဝမြေဩဇာများ ထုတ်လုပ်ဖြန့်ချိနေပြီဖြစ်သည်။ ထုတ်လုပ်ခွင့်မှတ်ပုံတင်လည်း ရထားပြီးပြီ။ ပါဝင်ပစ္စည်းများကလည်း နွားချေး၊ ကြက်ချေး၊ စက်ဖွဲပြာ၊ ပဲဖတ်၊ မြေနီမှုန့်၊ ဖွဲနု၊ ဆန်နုတ်၊ ငါးအမိုင်နို၊ ဒိုက်ချေး(ထူချေး)၊ EM ဖျော်ရည် စသည်ဖြင့် အမည်စုံလှသည်။ အဆိုပါ ကုန်ကြမ်းပစ္စည်းများအတွက်လည်း အခက်အခဲမရှိ အနီးပတ်ဝန်းကျင်မှာပင် ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။ ကျွန်တော်တို့ သွားရောက်ကြည့်ရှုချိန်မှာ အိတ်ရေ ၂၀၀၀ ခန့် ထုပ်ပိုးရန် အသင့်ရှိနေကြောင်း တွေ့ခဲ့ရ၏။ စမ်းသပ်အသုံးပြုနေကြသည့် ဒေသခံတောင်သူများကလည်း ကြိုက်နှစ်သက်ကြကြောင်း၊ ကောင်းမွန်ကြောင်း ထောက်ခံချက်များပေးကြသည်။ ကျွန်တော်ကိုယ်တိုင်ကလည်း နွားချေးနံ့တသင်းသင်းကြားမှာ ကြီးပြင်းလာသူမို့ သဘာဝမြေဩဇာဆိုသည့် အသံကို ကြားသည်နှင့် မည်သည့်ဒေသ၊ မည်သည့်နေရာသို့မဆို အရောက်သွား၍ ဂုဏ်ပြုစကားဆိုခဲ့သည်သာ။ ရှမ်းပြည်နယ်(တောင်ပိုင်း)က ညောင်ရွှေမြို့နယ်နှင့် ရပ်စောက်မြို့နယ်တို့မှာ၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ် နောင်တရားမှာ၊ ဆီဆိုင်မြို့နယ် ဆိုက်ခေါင်ကျေးရွာမှာ၊ မန္တလေးတိုင်းဒေသကြီးထဲက ပျော်ဘွယ်မြို့နယ်မှာ သဘာဝမြေဩဇာထုတ်လုပ်နေမှုများကို သွားရောက်ကြည့်ရှုအားပေးခဲ့သည်။

### သီတာချောင်းအနောက်က ဆင်ဖိုးထွန်း၏ အမျိုးများ

ငယ်စဉ်က မြန်မာစကားပြေစာအုပ်ထဲတွင် သင်ကြားခဲ့ရဖူးသော ဆင်ဖိုးထွန်း၊ ထိုစဉ်ကတော့ ဆင်ဖိုးထွန်းဆိုသည်မှာ မုဆိုးကျော်တစ်ဦးအဖြစ်လည်းကောင်း၊ ဆင်များ၏ အလေ့အထကို ကျွမ်းကျင်သူ၊ ရဲစွမ်းသတ္တိရှိသူတစ်ဦးဟူ၍လည်းကောင်း နားလည်ခဲ့သည်။ သင်ယူလေ့လာခဲ့ရသည်။ လေးမျက်နှာမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် ၁၉၈၃ ခုနှစ်မှစ၍ တာဝန်ထမ်းဆောင်ခဲ့သူ ဦးဌေးလွင်ဦး ရေးသားပြုစုထားသော သံသရာငြိမ်းအေးစတုမုခ ဇေယျာသိဒ္ဓိ စေတီတော်မြတ်ကြီး၏ သမိုင်းမှတ်တမ်းစာအုပ်ထဲတွင် ဆင်ဖိုးထွန်းအကြောင်း တစ်ပိုင်းတစ်စပါလာသည်ကတော့ ဆင်ဖိုးထွန်းသည် ဝံသာနုမျိုးချစ်ပုဂ္ဂိုလ်တစ်ဦးဖြစ်ကြောင်း၊ မော်ကွန်းဝင် (ပထမအဆင့်) ချီးမြှင့်ခြင်းခံရကြောင်း၊ သူ၏ဇာတိဖြစ်သော ဖက်စလက်ရွာသည် ယခင်လေးမျက်နှာမြို့နယ်အတွင်း ထည့်သွင်းဖွဲ့စည်းထားရာမှ ၁၉၇၀ ပြည့်နှစ် ဖွဲ့စည်းပုံအရ ရေကြည်မြို့နယ်ထဲသို့ ပါဝင်သွားကြောင်း လေ့လာသိရှိရသည်။ (ဆက်လက်ဖော်ပြပါမည်)

> ❝ ပန်းတောကြီးမှ ပုသိမ်သို့အသွားခရီးလမ်းတွင် မဖြစ်မနေဝင်ရမည့် ကျေးရွာတစ်ရွာရှိနေပါသည်။ ရေကြည်မြို့နယ်ထဲက ပန်းပုကွင်းကျေးရွာဖြစ်၏။ ဆရာတော် ဦးဝိလာသ၊ ဦးဇနိန္ဒနှင့် ရွာသူ ရွာသားများက ရွာအနီးက သီတာချောင်းကူးတံတား တည်ဆောက်ပေးပါရန် ၂၀၂၃ ခုနှစ်ကတည်းက မေတ္တာရပ်ခံထားတာရှိနေသည်။ ချောင်းအနောက်ဘက်ရှိ ကျေးရွာအုပ်စုလေးခုအတွင်း၌လည်း ကျေးရွာပေါင်း ၇၀ ကျော်ရှိနေကြောင်း သိရှိရသည်။ သည်နေရာ၌ တံတားတစ်စင်း ပေါ်ပေါက်လာရန် သူတို့မျှော်လင့်ထားသည်မှာ ဆယ်စုနှစ်ပေါင်းများစွာ ကြာခဲ့ပြီဟုဆိုကြ၏။ အကယ်၍သာ တံတားတစ်စင်းပေါ်ပေါက်လာပါက သူတို့အတွက် အိပ်မက်တံတားဖြစ်နေပေလိမ့်မည်။ သမ/ကျေးလက်ပြည်သူ့အတွက်မို့ ဆေးစက်ကျရာတိုင်းမှာ အရုပ်ထင်စေဖို့ အလိုလိုတာဝန် ရှိနေချေပြီ ❞

# ရေဘေးသင့်ပြည်သူများအတွက် ပြည်တွင်း/ ပြည်ပ စေတနာရှင်ပြည်သူများက အလှူငွေနှင့် အလှူပစ္စည်းများ လှူဒါန်းနိုင်ရေး အသိပေးကြေညာခြင်း

၁။ မြန်မာနိုင်ငံတွင် ရာဂီမုန်တိုင်းနှင့်ဆက်စပ်၍ ရေဘေးများဖြစ်ပွားလျက်ရှိရာ ရေဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းလိုသော စေတနာရှင်ပြည်သူများအနေဖြင့် အလှူငွေနှင့် အလှူပစ္စည်းများအား ပါဝင်လှူဒါန်းနိုင်ပါသည်။

၂။ အလှူငွေများကို မိုဘိုင်းငွေပေးချေမှုစနစ်ဖြင့် လှူဒါန်းလိုပါက KBZ Pay QR Code နံပါတ် 70157401001 သို့လည်းကောင်း၊ KBZ Pay QR ကို Scan ဖတ်၍လည်းကောင်း၊ CB Pay၊ OK$ နှင့် AYA Pay များ၏ QR ကို Scan ဖတ်၍လည်းကောင်း၊ Wave Money ဖုန်းနံပါတ်(၀၉-၂၅၅၀၀၁၅၄၂) နှင့် (၀၉-၂၅၅၀၀၁၅၄၃) တို့သို့ တိုက်ရိုက်ပေးသွင်း၍လည်းကောင်း၊ Wave Money QR များကို Scan ဖတ်၍လည်းကောင်း လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။




\\server2\e\npe\18-9-2024\01\036\Announcement(18-9-24)Final.docx

၃။ ဘဏ်များမှလှူဒါန်းလိုပါက မြန်မာကျပ်ငွေကို မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်တွင် ငွေစာရင်းအမှတ် OA-011834 ကို ဖွင့်လှစ်ထားပြီး အောက်ပါနည်းလမ်းများဖြင့် လှူဒါန်းနိုင်ပါသည်-

(က) မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်ဘဏ်ခွဲတွင် တိုက်ရိုက်ဖြစ်စေ၊ အခြားမြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲများနှင့် ပုဂ္ဂလိကဘဏ်၊ ဘဏ်ခွဲများအားလုံးတို့မှ တစ်ဆင့်ဖြစ်စေ ငွေသားဖြင့် ပေးသွင်းလှူဒါန်းနိုင်ပါသည်၊

(ခ) ပြည်တွင်းရှိ နိုင်ငံပိုင်၊ ပုဂ္ဂလိကပိုင်ဘဏ်များတွင် ဖွင့်လှစ်ထားသော ကျပ်ငွေစာရင်းများမှ စာရင်းပြောင်း(Account Transfer)နည်းလမ်းဖြင့် လှူဒါန်းနိုင်ပါသည်။

၄။ နိုင်ငံခြားငွေဖြင့်လှူဒါန်းလိုပါက မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်၊ ရန်ကုန်မြို့တွင် ငွေစာရင်းအမှတ် (0111284000000063)ကို ဖွင့်လှစ်ထားပြီး အောက်ပါနည်းလမ်းများဖြင့် လှူဒါန်းနိုင်ပါသည်-

(က) မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်တွင် အမေရိကန်ဒေါ်လာ၊ ယူရို၊ စင်ကာပူဒေါ်လာ ငွေသားတို့ဖြင့် တိုက်ရိုက်ပေးသွင်းလှူဒါန်းနိုင်ပါသည်၊

(ခ) ပြည်တွင်း/ပြည်ပမှ နိုင်ငံခြားငွေဖြင့် လှူဒါန်းလိုသူများအနေဖြင့်-
- SWIFT CODE/BIC – MFTBMMMY
- Beneficiary Name – Natural Disaster Management Fund
- Beneficiary A/C No – 0111284000000063 သို့ လှူဒါန်းနိုင်ပါသည်။

၅။ ၎င်းအပြင် နိုင်ငံခြားငွေဖြင့်လှူဒါန်းလိုသူများသည် မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်တွင် ဖွင့်လှစ်ထားသည့် နိုင်ငံခြားငွေစာရင်းအမှတ်(EDN-600018)သို့လည်း အောက်ပါနည်းလမ်းများဖြင့် လှူဒါန်းနိုင်ပါသည်-

(က) မြန်မာ့စီးပွားရေးဘဏ်တွင် အမေရိကန်ဒေါ်လာ၊ ယူရို၊ စင်ကာပူဒေါ်လာ ငွေသားတို့ဖြင့် တိုက်ရိုက်ပေးသွင်းလှူဒါန်းနိုင်ပါသည်။

(ခ) မြန်မာ့စီးပွားရေးဘဏ်တွင် နိုင်ငံခြားငွေစာရင်းရှိသူများမှ စာရင်းပြောင်း (Account Transfer) နည်းလမ်းဖြင့် လှူဒါန်းနိုင်ပါသည်။

(ဂ) ပြည်တွင်း/ပြည်ပမှ နိုင်ငံခြားငွေဖြင့် လှူဒါန်းလိုသူများအနေဖြင့်-
- SWIFT CODE – MYEBMMMY
- Beneficiary Name – Natural Disaster Management Fund
- Beneficiary A/C No – EDN-600018 သို့ လှူဒါန်းနိုင်ပါသည်။

၆။ အလှူငွေနှင့် အလှူပစ္စည်းများ လှူဒါန်းလိုသူများအနေဖြင့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ အောက်ပါပုဂ္ဂိုလ်များသို့ ဆက်သွယ်မေးမြန်း လှူဒါန်းနိုင်ပါသည်-

| နေပြည်တော် | ရန်ကုန်မြို့ | မန္တလေးမြို့ |
|---|---|---|
| ဒေါ်လဲ့လဲ့အေး<br>ညွှန်ကြားရေးမှူးချုပ်<br>၀၆၇-၃၄၀၄၀၅၀<br>၀၉-၂၀၂၁၄၉၁ | ဦးသန်းစိုး<br>ညွှန်ကြားရေးမှူး<br>ရန်ကုန်တိုင်းဒေသကြီး<br>ဦးစီးမှူးရုံး<br>၀၉-၂၅၀၁၂၃၈၈၅<br>၀၉-၄၂၀၇၄၀၁၆၀ | ဦးအေးမင်းသူ<br>ညွှန်ကြားရေးမှူး<br>မန္တလေးတိုင်းဒေသကြီး<br>ဦးစီးမှူးရုံး<br>၀၉-၄၂၀၇၀၈၈၂၇ |
| ဦးဝင်းရွှေ<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>၀၆၇-၃၄၀၄၀၄၈<br>၀၉-၂၅၄၁၇၀၀၁၁ | ဒေါ်သန်းသန်းဝင်း<br>ဒုတိယညွှန်ကြားရေးမှူး<br>ရန်ကုန်တိုင်းဒေသကြီး<br>ဦးစီးမှူးရုံး<br>၀၉-၄၂၀၇၄၀၁၆၀ | ဒေါ်သက်သက်အေး<br>ဒုတိယညွှန်ကြားရေးမှူး<br>မန္တလေးတိုင်းဒေသကြီး<br>ဦးစီးမှူးရုံး<br>၀၉-၄၀၀၅၀၂၀၅၆ |
| ဒေါ်ဖြူဖြူဝင်း၊ညွှန်ကြားရေးမှူး<br>၀၆၇-၃၄၀၄၃၁၆<br>၀၉-၄၃၀၅၄၈၄၄ | | |

၇။ အလှူပစ္စည်းများကို အောက်ပါအတိုင်း ဆက်သွယ်ပေးပို့လှူဒါန်းနိုင်ပါသည်-

(က) သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များသို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

(ခ) ရုံးအမှတ်(၂၃)၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ နေပြည်တော်။

(ဂ) ဗဟိုသိုလှောင်ရုံ(ရန်ကုန်မြို့)၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ အမှတ်(၃) ရပ်ကွက်၊ ကျိုက်ဝိုင်းဘုရားလမ်း၊ ရန်ကုန်မြို့။

(ဃ) ဗဟိုသိုလှောင်ရုံ(မန္တလေးမြို့)၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ (၆၅)လမ်း၊ ၃၄ x ၃၅ ကြား၊ ပြည်ကြီးမျက်ရှင်ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ**

## ဆဌမအကြိမ် အာဆီယံတိုင်းရင်းဆေးဝါးနှင့် ကျန်းမာရေးဖြည့်စွက်စာဆိုင်ရာ ကောင်းမွန်သော ထုတ်လုပ်မှုကျင့်စဉ် သင်တန်းဖွင့်လှစ်



**နေပြည်တော် စက်တင်ဘာ ၁၉**

ဆဌမအကြိမ် အာဆီယံတိုင်းရင်းဆေးဝါးနှင့် ကျန်းမာရေးဖြည့်စွက်စာဆိုင်ရာ ကောင်းမွန်သော ထုတ်လုပ်မှုကျင့်စဉ် သင်တန်းဖွင့်ပွဲကို စက်တင်ဘာ ၁၇ ရက်က ကျန်းမာရေးဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာန၊ အမျိုးသားပရဆေးဥယျာဉ် နေပြည်တော်၌ ကျင်းပသည်။

အဆိုပါသင်တန်းဖွင့်ပွဲသို့ တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မူပိုင်ခွင့်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီ၊ မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း (ဗဟို)နှင့် မြန်မာနိုင်ငံတိုင်းရင်းဆေးဝါးထုတ်လုပ်သူများနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်းတို့မှ ဥက္ကဋ္ဌများ၊ သင်တန်းနည်းပြများ၊ သင်တန်းသားသင်တန်းသူများ တက်ရောက်ကြသည်။

သင်တန်းကို တိုင်းရင်းဆေးပညာဦးစီးဌာနကဦးစီး၍ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ ဆေးဝါးစက်ရုံ(အင်းစိန်) တို့နှင့် ပူးပေါင်းဖွင့်လှစ်ခြင်းဖြစ်ပြီး တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှ ပုဂ္ဂလိကတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး ၂၂ ခုတို့မှ လုပ်ငန်းရှင်များ၊ တိုင်းဒေသကြီး/ပြည်နယ်ဦးစီးဌာနမှူးများ၊ တိုင်းရင်းဆေးပညာဦးစီးဌာန (ရုံးချုပ်)၊ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးစက်ရုံ(မန္တလေး)နှင့် တိုင်းရင်းဆေးတက္ကသိုလ်တို့မှ ဝန်ထမ်းများ စုစုပေါင်း သင်တန်းသား ၃၅ ဦးတို့ တက်ရောက်ကြပြီး သင်တန်းကို စက်တင်ဘာ ၁၇ ရက်မှ ၂၂ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **တီအမ်**



## လှူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း သင်တန်းဖွင့်လှစ်သင်ကြားနေမှုကို ကွင်းဆင်းကြည့်ရှု

**ရေး စက်တင်ဘာ ၁၉**

ရေးခရိုင် ရေးမြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းတွင် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း( မြို့နယ်အဆင့် ) စာရင်းစစ်၊ စာရင်းကောက်သင်တန်းသို့ သင်တန်းဖွင့်လှစ်ပို့ချသင်ကြားနေမှုကို တာဝန်ရှိသူများက ယနေ့ နံနက်ပိုင်းတွင် ကွင်းဆင်းကြည့်ရှုသည်။

အဆိုပါ သင်တန်းဖွင့်လှစ်သင်ကြားပို့ချနေမှုကို နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးကျော်မျိုးထိုက်နှင့် ဗိုလ်မှူးကြီးကောင်းဇော်မြင့်၊ ခရိုင်သန်းခေါင်စာရင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစန်းမင်းတို့က သင်တန်းဖွင့်လှစ်ပို့ချနေမှုကို ကြည့်ရှုအားပေးခဲ့ပြီး လိုအပ်ချက်များအား သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။ **မြို့နယ်(ပြန်/ဆက်)**

# ရန်ကုန်တိုင်းဒေသကြီး အားကစားပွဲတော်ဖွင့်ပွဲ အခမ်းအနားကျင်းပ



ရန်ကုန် စက်တင်ဘာ ၁၉

၂၀၂၄ ခုနှစ် ရန်ကုန်တိုင်းဒေသကြီး အားကစားပွဲတော် ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့မွန်းလွဲပိုင်းက ရန်ကုန်တိုင်းဒေသကြီး သဃ်္ဃန်းကျွန်းမြို့နယ် အမျိုးသား အားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ ကျင်းပသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာကော်မတီနာယက တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးများက မြန်မာ့သိုင်း၊ တိုက်ကွမ်ဒို၊ Fitness Dance၊ ကျွမ်းဘားအားကစားသမားများ သရုပ်ပြမှုများကို ကြည့်ရှုအားပေးကြပြီး ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်အကြို ရန်ကုန်တိုင်းဒေသကြီး အားကစားပွဲတော်တွင် ကျင်းပသည့် အားကစားနည်းများမှာ ဘောလုံး၊ ဖူဆယ်၊ ဘတ်စကက်ဘော၊ ကြက်တောင်၊ ရိုးရာခြင်းလုံး၊ ဂေါက်သီး၊ ခရစ်ကက်၊ စားပွဲတင်တင်းနစ်၊ ဘော်လီဘော၊ တင်းနစ်၊ ရေကူး၊ ပြေးခုန်ပစ်၊ ကာယဗလနှင့် ကာယကြံ့ခိုင်မှု၊ ဘိလိယက်နှင့်စနူကာ၊ လက်ဝှေ့၊ ဂျူဒို၊ ကရာတေး၊ ပိုက်ကျော်ခြင်း၊ တိုက်ကွမ်ဒို၊ မြန်မာ့သိုင်း/ဗိုဗီနမ်၊ အလေးမ၊ ဝူရှူးနှင့် မသန်စွမ်း စုစုပေါင်း အားကစားနည်း ၂၄ နည်းကို စက်တင်ဘာ ၁၄ ရက်မှ ၂၄ ရက်အထိ ကျင်းပလျက်ရှိသည်။

အဆိုပါပြိုင်ပွဲများတွင် ခရိုင် ၁၄ ခရိုင်မှ ကစားသမား ၂၄၁၇ ဦးနှင့် အုပ်ချုပ်သူနည်းပြ ၅၉၉ ဦး စုစုပေါင်း ၃၀၁၆ ဦးပါဝင်ယှဉ်ပြိုင်လျက်ရှိကြောင်း သိရသည်။ ခရိုင်(ပြန်/ဆက်)

# ဘားအံမြို့နယ်၌ စာရင်းစစ်၊ စာရင်းကောက် ၃၉၀ ဖြင့်သန်းခေါင်စာရင်းကောက်မည်



ဘားအံ စက်တင်ဘာ ၁၉

ကရင်ပြည်နယ် ဘားအံမြို့နယ်၌ အိမ်ထောင်စု စာရင်းကောက်ကွက်ပေါင်း ၈၅၅ ကွက်၊ စာရင်းစစ် ၉၈ ဦး၊ စာရင်းကောက် ၂၉၂ ဦး စုစုပေါင်း စာရင်းစစ်/စာရင်းကောက် ၃၉၀ ဖြင့် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို ကောက်ယူသွားမည်ဖြစ်ကြောင်း စက်တင်ဘာ ၁၇ ရက်က ဘားအံတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည့် မြို့နယ် စာရင်းစစ်၊ စာရင်းကောက် သင်တန်းဖွင့်ပွဲမှ သိရသည်။

သင်တန်းဖွင့်ပွဲတွင် ကရင်ပြည်နယ်သန်းခေါင်စာရင်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ်(ကိုယ်စား) လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မင်းသူကျော်က သင်တန်းမှ သင်ကြားပို့ချမှုများ အပေါ် သေချာစွာလေ့လာမှတ်သားပြီးမှသာ မြေပြင်အရောက် တစ်အိမ်တက်ဆင်း လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရာတွင် အဆင်ပြေချောမွေ့ အောင်မြင်နိုင်မည်ဖြစ်ကြောင်း၊ ပေးအပ်သည့် တာဝန်များကို မိမိတို့၏ အတွေ့အကြုံ စွမ်းဆောင်နိုင်မှု အရည်အသွေး၊ စိတ်စေတနာ ကောင်းများနှင့် ပေါင်းစပ်ပြီး လုပ်ငန်းကိုအောင်မြင်စွာ ဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် သင်တန်းဖွင့်ပွဲသို့ တက်ရောက်လာသူများက ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းဆိုင်ရာ ပညာပေး Video Clip ကို အတူတကွ ကြည့်ရှုခဲ့ကြပြီး ပြည်နယ် သန်းခေါင်စာရင်း ကြီးကြပ်မှုကော်မတီ အတွင်းရေးမှူး (ကိုယ်စား) လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူးက သန်းခေါင်စာရင်းဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းတင်ပြသည်။

အဆိုပါ သင်တန်းတွင် စာရင်းစစ်၊ စာရင်းကောက်ဆိုင်ရာ အကြောင်းအရာများနှင့် သန်းခေါင်စာရင်းဆိုင်ရာ သဘောတရားများကို ခရိုင်အဆင့် နည်းပြသင်တန်းဆင်းများက သင်တန်းသားသင်တန်းသူများအား စက်တင်ဘာ ၁၇ ရက်မှ ၂၇ ရက်အထိ ၁၀ ရက်ကြာ စာတွေ့/လက်တွေ့ သင်ကြားပို့ချပေးသွားမည်ဖြစ်ပြီး အောက်တိုဘာ ၁ ရက်မှ ၁၅ ရက်အထိ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို ကောက်ယူသွားမည် ဖြစ်ကာ Mobile Tablet များဖြင့် ကွန်ပျူတာ အထောက်အကူပြု လူတစ်ဦးချင်း ကောက်ယူသည့် စနစ်ဖြင့် စနစ်တကျ စာရင်းကောက်ယူသွားမည်ဖြစ်ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)

# ကော့သောင်းမြို့၌ သန်းခေါင်စာရင်းအကြောင်း သိကောင်းစရာများဟောပြောပွဲနှင့် နိုင်ငံသား စိစစ်ရေးကတ်ပြား ပေးအပ်ပွဲပြုလုပ်

ကော့သောင်း စက်တင်ဘာ ၁၉

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအကြောင်း သိကောင်းစရာများ ဟောပြောပွဲနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်ပွဲအခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက ကော့သောင်းမြို့ မဉ္ဇူသကခန်းမ၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် တနင်္သာရီတိုင်းဒေသကြီး သန်းခေါင်စာရင်းကြီးကြပ်ရေးကော်မတီ အတွင်းရေးမှူး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးယဉ်ထွေးက ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအကြောင်း သိကောင်းစရာများကို အသိပညာပေး ဟောပြောခဲ့သည်။

ယင်းနောက် နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီး တင်မောင်ကျော်၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးအောင်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူး ဦးကိုကိုနိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဗိုလ်မှူးမောင်ဌေးနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးချမ်းမြေ့ဇေဦးတို့က ပန်းခင်းစီမံချက်(၃)အရ ဆောင်ရွက်ပြီးစီးခဲ့သော နိုင်ငံသားစိစစ်ရေးကတ်ပြားများအား ပြည်သူများထံသို့ လက်ဝယ်အရောက် ပေးအပ်ခဲ့ကြသည်။ ခရိုင်(ပြန်/ဆက်)

# နို့စားနွားတိုးချဲ့မွေးမြူရန်နှင့် တိရစ္ဆာန်အစာပင် စိုက်ပျိုးရန် ဆွေးနွေးခြင်းနှင့် မြေပြင်ကွင်းဆင်းဆောင်ရွက်



ရန်ကုန် စက်တင်ဘာ ၁၉

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်၌ နို့စားနွား တိုးချဲ့မွေးမြူရန်နှင့် တိရစ္ဆာန်အစာပင် စိုက်ပျိုးရာတွင် မြေပြုပြင်၍ စိုက်ပျိုးရန် ဆွေးနွေးခြင်းနှင့် မြေပြင်ကွင်းဆင်းခြင်းကို စက်တင်ဘာ ၁၇ ရက်က တွံတေးမွေးမြူရေးဇုန် ရှင်းလင်းဆောင်၌ ဆွေးနွေးခဲ့ကြသည်။

**ဆွေးနွေး**

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဒေါက်တာအောင်မြင့်ဟန်က နို့စားနွား တိုးချဲ့မွေးမြူခြင်း ရည်ရွယ်ချက်ကို လည်းကောင်း၊ စိုက်ပျိုးရေးဦးစီးဌာန ဒုတိယတိုင်းဒေသကြီး ဦးစီးမှူး ဦးရန်နိုင်ဝင်းက တိရစ္ဆာန်အစာပင်စိုက်ပျိုးရာ၌ မြေပြုပြင်စိုက်ပျိုးရန် နည်းစနစ်များကို လည်းကောင်း၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာနီလာကျော်က လက်ရှိမြန်မာနိုင်ငံ၌ မွေးမြူလျက်ရှိသော နို့စားနွားမျိုးများ၊ နို့စားနွားကို အစာကျွေးမွေးပုံစနစ်၊ အဆောက်အအုံလိုအပ်ချက်၊ နို့စားနွားများပြုစုစောင့်ရှောက်ခြင်း၊ ရောဂါကာကွယ်ထိန်းချုပ်ခြင်း၊ မေထုန်မဲ့သားစပ်ခြင်း၊ ကောင်းမွန်သော နို့ညှစ်နည်းစနစ် အကြောင်းကို လည်းကောင်း၊ မြို့နယ်ဦးစီးအရာရှိ ဒေါက်တာဝင်းနိုင်ထွန်းက တိရစ္ဆာန်အစာပင် မျိုးများ၊ စိုက်ပျိုးပုံနည်းစနစ်နှင့် ကျွေးမွေးသည့်နည်းစနစ်တို့ကို လည်းကောင်း ဆွေးနွေးခဲ့ကြသည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် တိုင်းဒေသကြီး ဦးစီးမှူးနှင့် တာဝန်ရှိသူများသည် တွံတေး မွေးမြူရေးဇုန်တွင် နို့စားနွား ၂၈၈ ကောင် မွေးမြူထားရှိမှု၊ နို့စားနွားမွေးမြူရေးခြံများတွင် တိရစ္ဆာန်အစာပင် ၂၆ ဧက စိုက်ပျိုးထားရှိမှုနှင့် ငုံးမွေးမြူထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)



# မြောင်းမြမြို့၌ နွားမေထုန်မဲ့သားစပ်သင်တန်းဖွင့်ပွဲ ကျင်းပ

မြောင်းမြ စက်တင်ဘာ ၁၉

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့၌ နွားမေထုန်မဲ့သားစပ်သင်တန်းအမှတ်စဉ်(၃/၂၀၂၄/ဧရာ)ဖွင့်ပွဲကို စက်တင်ဘာ ၁၇ ရက်က စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံကျောင်း မြကျွန်းရွှေဝါခန်းမ၌ ကျင်းပသည်။

ဦးစွာ မြောင်းမြခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစန်းဌေးက အဖွင့်အမှာစကားပြောကြားသည်။ ဆက်လက်၍ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဧရာဝတီတိုင်းဒေသကြီး ညွှန်ကြားရေးမှူး ဒေါက်တာဒေါ်မိုးမိုးခိုင်က သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် တက်ရောက်လာကြသော တာဝန်ရှိသူများ၊ တိရစ္ဆာန်ကျန်းမာရေးလုပ်သားများနှင့် ကျောင်းသား ကျောင်းသူများအား နွားမေထုန်မဲ့သားစပ်လုပ်ငန်းများ လက်တွေ့ပြသခဲ့သည်။

အဆိုပါသင်တန်းကို သင်တန်းနည်းပြ ဆရာ ငါးဦးက တိရစ္ဆာန်ကျန်းမာရေးလုပ်သား ၂၂ ဦးအား စက်တင်ဘာ ၁၇ ရက်မှ ၂၁ ရက်အထိ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။ ဇေယျာ(မြောင်းမြ)

# ရေပြန်လည်ကျဆင်းသွားသည့်နေရာများ၌ လိုအပ်သည့်သန့်ရှင်းရေးလုပ်ငန်းများနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးပြီး စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်း



**နေပြည်တော် စက်တင်ဘာ ၁၉**

နေပြည်တော်ကောင်စီနယ်မြေ အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ရေကြီးရေလျှံမှု ဖြစ်ပေါ်ခဲ့သည့် ရပ်ကွက်/ကျေးရွာများတွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အင်တိုက်အားတိုက် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင်လည်း တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် လူမှုဝန်ထမ်းကယ်ဆယ်ရေးအဖွဲ့များက ရေများပြန်လည်ကျဆင်းသွားသည့် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်၊ ပျဉ်းမနားမြို့နယ်၊ တပ်ကုန်းမြို့နယ်၊ လယ်ဝေးမြို့နယ်၊ ပုဗ္ဗသီရိမြို့နယ်တို့တွင်လည်းကောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ်တွင် လည်းကောင်း၊ ကယားပြည်နယ် လွိုင်ကော်မြို့နယ်နှင့် လွိုင်လင်လေးမြို့နယ်တို့တွင် လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်တွင်လည်းကောင်း ရပ်ကွက်၊ ကျေးရွာများမှ ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများ၊ ဆေးရုံ၊ ဆေးခန်းများ၊ ဌာနဆိုင်ရာအဆောက်အအုံများတွင် လိုအပ်သည်များ ကူညီရွှေ့ပြောင်းပေးခြင်းနှင့် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ လမ်း၊ တံတားများ၊ ရပ်ကွက်၊ ကျေးရွာများအတွင်း၌ တင်ကျန်ခဲ့သည့် နုန်းများ၊ သစ်ပင်သစ်ကိုင်းများ ဖယ်ရှားပေးခြင်း အပါအဝင် အခြားလိုအပ်သည်များကို ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ တက်ကြွစွာ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် ယာယီရေဘေးရှောင်စခန်းများ၊ ဘုန်းတော်ကြီးကျောင်းများနှင့် ရပ်ကွက်၊ ကျေးရွာများရှိ ရေဘေးသင့်ပြည်သူများအား ကျန်းမာရေးအဖွဲ့များက လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့် ကျန်းမာရေး အသိပညာပေးဟောပြောဆွေးနွေးခြင်းများ ဆောင်ရွက်ပေးပြီး တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများ၊ ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များနှင့် အလှူရှင်များက ထောက်ပံ့ပစ္စည်းများ၊ အဝတ်အထည်များ၊ အသုံးအဆောင်ပစ္စည်းများ၊ စားသောက်ဖွယ်ရာများနှင့် အလှူငွေများကို အားတက်သရော ပေးအပ်လှူဒါန်းခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ ထိုသို့ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ စားသောက်ဖွယ်ရာများ၊ ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်သည်။

ထို့အပြင် ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များနှင့် အလှူရှင်များကလည်း ရေဘေးသင့်ပြည်သူများအတွက် စားသောက်ဖွယ်ရာများနှင့် အလှူငွေများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၊ တိုင်းစစ်ဌာနချုပ်များသို့ လာရောက်လှူဒါန်းလျက်ရှိရာ ယနေ့တွင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ စေတနာရှင် အလှူရှင်များက စုစုပေါင်းငွေကျပ် ၂၀၉၃၅၀၀၀၀ တန်ဖိုးရှိ စားသောက်ဖွယ်ရာများ၊ အဝတ်အထည်များနှင့် အသုံးအဆောင်ပစ္စည်းများကို လာရောက်လှူဒါန်းကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ရေကြီးမှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် လမ်း/တံတားများကိုလည်း လမ်းပန်းဆက်သွယ်ရေးအမြန်ပြန်လည်ကောင်းမွန်စေရန်အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ပျက်စီးခဲ့သည့် လမ်း/တံတားများကိုလည်း ယာယီသံပေါင် ဘေလီတံတားများ အစားထိုး၍ အမြန်ဆုံးပြန်လည်ပြင်ဆင် ဆောင်ရွက်ခဲ့ပြီး ပြုပြင်ရန်ကျန်ရှိနေသည့် တံတားများကိုလည်း အမြန်ဆုံးပြင်ဆင်နိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

နေပြည်တော်ကောင်စီနယ်မြေ အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ မြို့နယ်များရှိ ရေဝင်ရောက်မှု ဖြစ်ပေါ်ခဲ့သော မြို့နယ် ၅၃ မြို့နယ်တွင်ယနေ့နံနက်၇ နာရီအထိ ရရှိသောစာရင်းများအရ လူနေအိမ် ၄၄၇၁ လုံး ထိခိုက်ပျက်စီးခဲ့ပြီး ၁၆၈၇၀၄ လုံး ရေဝင်နစ်မြုပ်ခဲ့ကြောင်း၊ ပြည်သူ ၂၉၃ ဦးသေဆုံးပြီး ၈၉ ဦး ပျောက်ဆုံးလျက်ရှိကြောင်းနှင့် ရေဘေးကယ်ဆယ်ရေးစခန်း စုစုပေါင်း ၄၂၅ ခု ဖွင့်လှစ်၍ အိမ်ထောင်စု ၄၇၀၁၉ စု၊ လူဦးရေ ၁၆၁၅၉၂ ဦးတို့ကို ကူညီကယ်ဆယ်ရေးနှင့် လိုအပ်သောထောက်ပံ့ကူညီမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထို့အပြင် ရုံး/ဌာန အဆောက်အအုံ ၁၁၃ လုံး၊ စာသင်ကျောင်း ၉၁၉ ကျောင်း၊ ဘာသာရေးအဆောက်အအုံ ၃၃၁ လုံး၊ လမ်း/တံတားအချို့၊ လျှပ်စစ်မီးတိုင်နှင့် ဆက်သွယ်ရေးတိုင်များ ရေဝင်နစ်မြုပ်ခြင်း၊ ထိခိုက်ပျက်စီးခြင်းများဖြစ်ပေါ်ခဲ့ကာ တိရစ္ဆာန်မျိုးစုံ စုစုပေါင်းကောင်ရေ ၁၂၉၁၅၀ သေဆုံးခဲ့ပြီး စပါးနှင့် သီးနှံမျိုးစုံ စိုက်ဧက ၇၆၆၅၈၆ ဧက ရေဝင်နစ်မြုပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ကျောက်တန်းမြို့နယ်၌ အသိပညာပေးဆွေးနွေးပွဲ ကျင်းပ

**ကျောက်တန်း စက်တင်ဘာ ၁၉**

ရန်ကုန်တိုင်းဒေသကြီး သန်လျင်ခရိုင် ကျောက်တန်းမြို့နယ်ရှိ သီလဝါအထူးစီးပွားရေးဇုန်တွင် အလုပ်သမားဥပဒေများ၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာကိစ္စရပ်များအား အသိပညာပေးဆွေးနွေးပွဲကို ယမန်နေ့နံနက်ပိုင်းက အမှတ်(၆၀) မက္ခရာမင်းသားကြီးလမ်း သီလဝါ ပြည်တွင်းစက်မှုဇုန်ရှိ Xin Fa Myanmar Textile Co.,Ltd (ချည်လုံးစက်ရုံ) နှင့် အမှတ် (၄၀၊ ၄၁၊ ၄၂)၊ ကနောင်မင်းသားကြီးလမ်းရှိ Prosperity Knitwear Co.,Ltd (သိုးမွှေးထည်စက်ရုံ)တို့၌ ပြုလုပ်သည်။

အဆိုပါအသိပညာပေးဆွေးနွေးပွဲကို အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန သီလဝါအထူးစီးပွားရေးဇုန်ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အေးမြတ်ဖြိုးနှင့် ဦးစီးအရာရှိ(အလုပ်သမားဥပဒေစစ်ဆေးရေး)ဒေါ်နုနုယဉ်တို့က သင်ထောက်ကူပြုမော်တော်ယာဉ်ဖြင့် လုပ်ငန်းခွင်အရောက် သွားရောက်၍ ဦးစီးဌာနက စည်းကြပ်လျက်ရှိသည့် အလုပ်သမားဥပဒေများ၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာကိစ္စရပ်များကို အသိပညာပေးဟောပြောဆွေးနွေးခဲ့ပြီး အလုပ်သမား ၅၀ တက်ရောက်ခဲ့ကြောင်း သိရသည်။ **သန့်ဇင်ထွန်း(ကျောက်တန်း)**

**■ ကျောဖုံးမှ**

နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက် မိုးကြီးခြင်းများ၊ နေရာကွက်၍ မိုးကြီးခြင်းများနှင့် လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်နိုင်သည်။

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှု အန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီးရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်း သွားလာရေးနှင့် လေကြောင်းပျံသန်းရေးအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ အသိပေးနှိုးဆော်ထားကြောင်း သိရသည်။ **သတင်းစဉ်**

## ကမ်းနီးကမ်းဝေး ငါးဖမ်းရေယာဉ်များ ရာသီဥတုဆိုးရွားချိန်များတွင် ကျွန်းခိုရပ်နားနိုင်သည့်နေရာများ အသိပေးကြေညာ

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနသည် မြန်မာ့ပင်လယ်ငါးလုပ်ငန်းရေပြင်အတွင်း ငါးဖမ်းလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်နေသော နိုင်ငံသားပိုင် ကမ်းဝေး ငါးဖမ်းရေယာဉ်များနှင့် ကမ်းနီးငါးဖမ်းရေယာဉ်များအနေဖြင့် မုတ်သုံရာသီအတွင်း ရာသီဥတုဆိုးရွားချိန်များတွင် လှိုင်းဒဏ်၊ လေဒဏ်များ ခိုလှုံနိုင်ရန်အတွက် အောက်ဖော်ပြပါ တည်နေရာများ၌ ရာသီဥတုခိုလှုံနိုင်ပါကြောင်းကို(၂၀-၅-၂၀၂၁)ရက်စွဲပါ ညွှန်ကြားချက်အမှတ်၊ ၃/၂၀၂၁ ဖြင့် ထုတ်ပြန်ပေးထားပြီး ဖြစ်ပါသည်-

(က) ရခိုင်ပြည်နယ် စစ်တွေမြို့နယ် မင်းဂံချောင်းအတွင်း မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၂၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၅၈ မိနစ်၊

(ခ) ရခိုင်ပြည်နယ် ပေါက်တောမြို့နယ် ဖရုံဂါကျွန်း မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၀၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၀၀ မိနစ်၊

(ဂ) ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ် ငလပွေ့ချောင်း မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၄ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၃ မိနစ်၊

(ဃ) ရခိုင်ပြည်နယ် သံတွဲမြို့နယ် ဆင်ခေါင်းဆိပ်ကမ်း မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၃၁ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၁၃ မိနစ်၊

(င) ရခိုင်ပြည်နယ် သံတွဲမြို့နယ် သဖြူချိုင်(ANDREW BAY) မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၂၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၀ မိနစ်၊

(စ) ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ် သဘော်ဆိပ် မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၁၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၁၃ မိနစ်၊

(ဆ) ရခိုင်ပြည်နယ် ဂွမြို့နယ် တင်းတောကျေးရွာအုပ်စု အမော်ချိုင် မြောက်လတ္တီတွဒ် ၁၇ ဒီဂရီ ၃၇ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၃၄ မိနစ်၊

(ဇ) ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ဟိုင်းကြီးကျွန်း (HAINGYI ISLAND) မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၅၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၀ မိနစ်၊

(ဈ) ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ပြင်ခရိုင်ချောင်းဝကျေးရွာ မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၀၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၄.၄၀ မိနစ်၊

(ည) ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် ကဒုံကနိကျေးရွာ မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၄၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၆ မိနစ်၊

(ဋ) မွန်ပြည်နယ် ရေးမြို့နယ် ဝါးကျွန်း မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၁၁.၃၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၄၄ မိနစ်၊

(ဌ) တနင်္သာရီတိုင်းဒေသကြီး လောင်းလုံမြို့နယ် မောင်းမကန်ဘုတ်ကျွန်း(MIDDLE MOSCOS)မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၄၈ မိနစ်၊

(ဍ) တနင်္သာရီတိုင်းဒေသကြီး လောင်းလုံမြို့နယ် လောင်းလုံဘုတ်ကျွန်း(SOUTH MOSCOS) မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၄၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၅၄ မိနစ်၊

(ဎ) တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် တနင်္သာရီကျွန်း (TANINTHARYI ISLAND) မြောက်လတ္တီတွဒ် ၁၂ ဒီဂရီ ၃၄ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၅၂ မိနစ်၊

(ဏ) တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ် ပြင်စဘုကျွန်း (PYIN SA BU ISLAND) အရှေ့ဘက်ရေပြင် မြောက်လတ္တီတွဒ် ၁၁ ဒီဂရီ ၄၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၈ ဒီဂရီ ၀၅ မိနစ်။

၂။ နိုင်ငံသားပိုင်ကမ်းဝေးငါးဖမ်းရေယာဉ်များအား ရာသီဥတုခိုလှုံခွင့်ပြုရာနေရာ သတ်မှတ်ပေးထားခြင်းမှာ မုတ်သုံရာသီ ရာသီဥတုဆိုးရွားချိန်အတွင်း ငါးဖမ်းရေယာဉ်နှင့် ရေလုပ်သားများ အန္တရာယ်ကင်းရှင်းလုံခြုံစွာ ကျွန်းခိုရပ်နားနိုင်ရန်အတွက် သတ်မှတ်ပေးထားခြင်းဖြစ်ပြီး ရာသီဥတုခိုလှုံသည်ကိုအကြောင်းပြ၍ ကမ်းနီးဒေသအတွင်း ငါး/ပုစွန်ဖမ်းဆီးနေသည်ကို စစ်ဆေးတွေ့ရှိရပါက ထိရောက်စွာ အရေးယူခြင်းခံရမည်ဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**
**ငါးလုပ်ငန်းဦးစီးဌာန**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ဆေးသုတေသနဦးစီးဌာန
## အမှတ်(၅)၊ ဇီဝကလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ဆေးသုတေသနဦးစီးဌာနသည် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် သွေးတွင်းအဆီဓာတ်တိုင်းတာသည့်ပစ္စည်း (Point-of-care test for lipids) ကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် ကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါများကို ခေါ်ယူအပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါစည်းကမ်းအသေးစိတ်နှင့် ပစ္စည်းစာရင်းအသေးစိတ်ကို ကျန်းမာရေးဝန်ကြီးဌာန၊ ဆေးသုတေသနဦးစီးဌာန၊ အမှတ်(၅)၊ ဇီဝကလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့တွင် ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်၍လည်းကောင်း၊ ဖုန်းအမှတ်- ၀၉-၇၈၀၈၂၀၀၁၃၊ ၀၉-၈၈၁၁၁၂၂၀၅ နှင့် ၀၉-၂၆၉၄၄၇၄၁၇ သို့ ဆက်သွယ်၍လည်းကောင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါစည်းကမ်းနှင့် ပစ္စည်းအတွက် ဈေးနှုန်းတင်သွင်းလွှာ-

| | | | |
|---|---|---|---|
| (က) | စတင်ရောင်းချမည့်ရက် | - | ၂၀-၉-၂၀၂၄ (သောကြာနေ့)၊ နံနက် ၁၀:၀၀ နာရီ |
| (ခ) | အိတ်ဖွင့်တင်ဒါပိတ်ရက် | - | ၄-၁၀-၂၀၂၄ (သောကြာနေ့)၊ မွန်းလွဲ ၂:၀၀ နာရီ |
| (ဂ) | ရောင်းချမည့်နေရာ | - | ဆေးသုတေသနဦးစီးဌာန(ရုံးချုပ်)၊ အမှတ်(၅)၊ ဇီဝကလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ |

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ-၂၀)
## လယ်ဝေးမြို့နယ်တရားရုံးတော်
## ၂၀၂၄ ခုနှစ်၊ တရားမကြီးအမှုအမှတ်-၂၄

ဦးနွေဦး နှင့် ဒေါ်သိင်္ဂီထွန်း
**(တရားလို)** **(တရားပြိုင်)**

လယ်ဝေးမြို့နယ်၊ ကျောင်းစုအုပ်စု၊ ကျောင်းစုရွာမကျေးရွာနေ ဒေါ်သိင်္ဂီထွန်း (ဘ) ဦးဇော်ဝင်း (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ အကြောင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၇ ရက် (သီတင်းကျွတ်လဆန်း ၅ ရက်နေ့) နံနက် (၁၀) နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာရွက်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ (၁၉) ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ခင်သန္တာဦး)**
**ဒုတိယမြို့နယ်တရားသူကြီး(၁)**
**လယ်ဝေးမြို့နယ်တရားရုံး**

## ကြော်ငြာစာ
## ( အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၂၈၃ )
## ကမာရွတ်ခရိုင်တရားရုံးတော်
## ၂၀၂၄ ခုနှစ်၊ တရားမအထွေထွေမှုအမှတ်- ၄၉

**ကွယ်လွန်သူ ဦးစောဖရယ်ဒီ နှင့် ၎င်း၏ဇနီး ဒေါ်နော်အဲလ်ထိုတို့၏ ကျန်ရစ်သော ပစ္စည်းများနှင့်စပ်လျဉ်းသည့်အမှု။**

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗညားဒလလမ်း၊ အမှတ်(၉၅)၌ နေထိုင်ခဲ့သော ကွယ်လွန်သူ ဦးစောဖရယ်ဒီနှင့် ၎င်း၏ဇနီး ဒေါ်နော်အဲလ်ထို တို့၏ ကျန်ရစ်သောပစ္စည်းအပေါ်၌ အမွေထိန်းလက်မှတ်ထုတ်ပေးပါမည့်အကြောင်းနှင့် ဒေါ်နော်ကျင်စီက အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက် (၁၃၈၆ ခုနှစ်၊ တော်သလင်းလဆုတ် ၁၃ ရက်)နေ့တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဦးစောဖရယ်ဒီနှင့် ၎င်း၏ဇနီး ဒေါ်နော်အဲလ်ထိုတို့၏ ကျန်ရစ်သောပစ္စည်းများတွင် အကျိုးစီးပွားသက်ဆိုင်သည် အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့ (လာရောက်ဆိုင်ဆိုရန်သင့်လျော်မည်ဟုထင်မြင်လျှင်) ဆိုခဲ့သော ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက် (၁၃၈၆ ခုနှစ်၊ တော်သလင်းလဆုတ် ၁၃ ရက်)နေ့၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်မထုတ်ပေးမီ မှတ်တမ်းများကိုကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ- ၂၈၃ နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က လျှောက်ထားသူ ဒေါ်နော်ကျင်စီ၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်သည်။

၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၁၇ ရက် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဇော်မင်းထွဋ်)**
**ခရိုင်တရားသူကြီး**
**ကမာရွတ်ခရိုင်တရားရုံး**

## ဖခင်အမည်မှန်

ဒိုက်ဦးမြို့၊ အခြေခံပညာမူလတန်းကျောင်း၊ (ပလစ်) ကျေးရွာ၊ ဒုတိယတန်းမှ မောင်ထက်ဝေယံကျော်၏ ဖခင်အမည်မှန်မှာ ဦးခင်ထွေး [၇/ဒဥန(နိုင်) ၁၀၉၄၁၄] ဖြစ်ပါကြောင်း။ **ဦးခင်ထွေး**

## မိခင်အမည်မှန်

သထုံမြို့နယ်၊ အ.ထ.က(၄) သထုံမှ (၂၀၂၄-၂၀၂၅) ပညာသင်နှစ် (Grade - 11) တန်းခွဲ(B)မှ မောင်ကိုကိုအောင်၏ မိခင်အမည်မှန်မှာ ဒေါ်အုံးမြင့် [၁၀/မလမ(နိုင်) ၃၂၀၉၀၄] ဖြစ်ပါကြောင်း။

**ဒေါ်အုံးမြင့်**
**[၁၀/မလမ(နိုင်)၃၂၀၉၀၄]**

## ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၀)၊ လူနေရပ်ကွက်အမှတ်(ဏ/၁၄)၊ ဝေသန္တရာလမ်း၊ အမှတ်-(၃၈၈/ခ)၊ အကျယ်ပေ (၂၀x ၆၀)ရှိ ဦးမျိုးမြင့် အမည်ပေါက် မြေချပါမစ်ထွက်ရှိထားသည့် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရေမီးအစုံပါ (၁)ထပ်အိမ်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

အထက်ဖော်ပြပါလိပ်စာရှိ အိမ်မြေအား အဆင့်ဆင့်အရပ်ကတိစာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး အရှုပ်အရှင်းကင်းရှင်းကြောင်းနှင့် တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသူ ဦးဇန်ဗျက်ထန် [၅/ကလထ(နိုင်)၁၂၅၂၄၇] ကိုင်ဆောင်သူထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဘိုနိုင် [၁၄/ဘကလ(နိုင်) ၂၁၃၀၄၆] ကိုင်ဆောင်သူမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူမည်ဖြစ်ပါသောကြောင့် ကန့်ကွက်လိုသူ မည်သူမဆို ယနေ့မှစ၍ (၇)ရက်အတွင်း အိမ်မြေပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဦးဘိုနိုင်**
**[၁၄/ဘကလ(နိုင်)၂၁၃၀၄၆]**

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်အေးသန္တာစိုး( LL.B )**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၁၈၀)**
**အမှတ်-၃၇၄(ခ)၊ ကနောင်ပန်းခြံလမ်း၊ (၈)ရပ်ကွက်**
**ရွှေပြည်သာမြို့နယ်။ ဖုန်း- ၀၉-၄၂၀၂၀၄၆၅၄**

## "အများသိစေရန် ကြေညာခြင်း"

ချင်းပြည်နယ်၊ မတူပီမြို့နယ်တွင် မြန်မာနိုင်ငံသား မိဘများဖြစ်သော ဖခင်MR. MAUNG KIT နှင့် မိခင် MRS. SHWE YIN တို့မှ (၁၉၇၇)ခုနှစ်၌ မွေးဖွားသည့် ရှမ်းလူမျိုး၊ ဗုဒ္ဓဘာသာကိုးကွယ်သူ မြန်မာနိုင်ငံသား ယခုလက်ရှိဩစတြေးလျနိုင်ငံသားအဖြစ် ခံယူထားသူ MR. TAUNG MU SHWE, PB 3400677,17, First Avenue, Eastwood,2122, NSW,AUSTRALIA တွင် နေထိုင်သူနှင့် ရှမ်းပြည်နယ် (တောင်ပိုင်း)၊ လင်းခေးမြို့နယ်၊ ဟန်လွိုင်ရွာတွင်နေထိုင်ပြီး ဗုဒ္ဓဘာသာကိုးကွယ်သူ ရှမ်းလူမျိုး (ဘ) ဦးစိုင်းအွန် (အမိ) ဒေါ်နန်းအေးလှိုင်တို့၏ သမီး ဒေါ်နန်းခမ်းခေး [၁၃/လခန(နိုင်) ၃၃၅၉၁၉] ကိုင်ဆောင်သူတို့သည် (၂၀၁၄)ခုနှစ်မှစ၍ တစ်ဦးနှင့်တစ်ဦး စိတ်သဘောထားချင်း တိုက်ဆိုင်ခြင်းမရှိ၍ အကြင်လင်မယားအဖြစ် ဆက်လက်ပေါင်းသင်းနေထိုင်ရန် ဆန္ဒမရှိတော့ဘဲ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ (၁၈-၉-၂၀၂၄)ရက်စွဲပါ **"အကြင်လင်မယားအဖြစ်မှ နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲခြင်း ကတိစာချုပ်"**ဖြင့် အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခဲ့ပြီးဖြစ်သည့်အတွက် နောက်နောင်တွင်လည်း တစ်ဦးနှင့်တစ်ဦး မည်သို့မျှ ဆက်စပ်သက်ဆိုင်ခြင်း လုံးဝမရှိတော့ဘဲ တစ်ဦး၏ လူမှုရေး၊ စီးပွားရေးမှအစပြု၍ အခြားသော ကိုယ်ရေးကိုယ်တာကိစ္စအားလုံးတို့ကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်ခွင့် လုံးဝမရှိတော့ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**MR. TAUNG MU SHWE ၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်အိသီတာစိုး (LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၉၈၇)**
**ဝါးနက်ကုန်းကျေးရွာ၊ လှည်းကူးမြို့။**
**ဖုန်း ၀၉-၄၄၈၄၇၃၉၈၉ ၊ ၀၉-၇၈၉၅၃၃၆၉၃**

## အများသိစေရန်နှင့်ကန့် ကွက်နိုင်ကြောင်းကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ မြေတိုင်းရပ်ကွက် (၁၁/၁)၊ မြေကွက်အမှတ် (၃၀၆) ဟုခေါ်တွင်သော အကျယ်အဝန်း (အလျား ၄၀ပေx အနံ ၆၀ပေ) မြေကွက်သည် ဒုတက စိုးမြင့် အမည်ပေါက် ပါမစ်မြေကွက်ဖြစ်ပြီး အဆိုပါမြေကွက်ကြီးအနက်မှ ခေါင်းရင်းခြမ်း အလျားxအနံ (၂၀x၆၀)ပေ ပါမစ်မူရင်းမြေကွက်အပါအဝင် မြေကွက်နှင့်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဝယ်ယူပိုင်ဆိုင်ထားသူ ဦးဝင်းဦး [၁၂/မရက(နိုင်) ၀၃၇၁၄၆]နှင့် ဒေါ်နှင်းနှင်းခိုင် [၁၄/မမက(နိုင်) ၂၀၃၉၁၅]တို့မှ လက်ရှိပိုင်ဆိုင်ပြီး ရောင်းချခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုလျက် အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကမ်းလှမ်းခြင်းကို ကျွန်ုပ်၏မိတ်ဆွေများဖြစ်သူ ဦးဗိုလ်သူရ [၈/မသန(နိုင်) ၁၄၀၈၈၄]နှင့် ဒေါ်မူယာခိုင် [၈/မသန(နိုင်) ၁၀၈၅၅၉] တို့မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်၍ ကန့်ကွက်ရန်ရှိပါက (၃-၁၀-၂၀၂၄)ရက်နေ့ နောက်ဆုံးထားပြီး ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်း အပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက အထက်ဖော်ပြပါ နှစ်ဦးသဘောတူ မြေကွက်အပြီးအပိုင် အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဗိုလ်သူရ နှင့် ဒေါ်မူယာခိုင်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝင့်ဝင့်ထွန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၈၀၆၉)**
**အမှတ် (၁၂/၁၈၉)၊ ရွှေပေါက်ကံမြို့သစ်၊ မြောက်ဥက္ကလာပမြို့နယ်။**
**ဖုန်း- ၀၉-၂၆၁၁၀၀၁၃၄**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ သဃ်န်းကျွန်းကြီးကျေးရွာ၊ သစ်ဆိပ်ကုန်းရပ်ကွက်၊ မေခ(ခ)မလိခလမ်း၊ ဦးပိုင်အမှတ် (N/၁၉)၊ ကွင်းအမှတ်-၅၃၂/စီ/ဂ၊ မှန်စီစလုပ်ဘောင် ဟုခေါ်တွင်သော အကျယ်အဝန်း (၄၀x၁၆၀) ပေရှိ ဥယျာဉ်ခြံမြေနှင့် ယင်းမြေပေါ်တွင် ဆောက်လုပ်ထားသော အဆောက်အဦများ အပါအဝင် ရေ၊ မီးစုံ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဦးမျိုးဇင်ဝင်း [၁၂/ဗဟန(နိုင်) ၀၀၃၈၈၄] ကိုင်ဆောင်သူမှ တရားဝင်လက်ရှိထားပိုင်ဆိုင်ကာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ထုတ်ဖော်ဝန်ခံကတိပြုပြီး ရောင်းချရန် ကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်မေခိုင် [၁၂/ကမရ(နိုင်) ၀၅၇၃၁၅]မှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ကျွန်ုပ်၏မိတ်ဆွေဘက်မှ အရောင်းအဝယ်ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခင်မေခိုင်၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မော်မော်မြင့် (LL.B, D.B.L, D.I.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၄၃၃)**
**အမှတ် (၈၄၆)၊ သမာဓိလမ်း၊ (၁၃) ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း- ၀၉-၄၅၀၅၉၈၆၂၄၊ ၀၉-၂၅၃၅၆၀၀၇၀**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးများဌာနကွပ်ကဲမှုအောက်ရှိ သပြေကုန်းဈေးမှ RC ဆိုင်ခန်းအမှတ် (မ-၄၄)၊ ဒေါ်တင်မိုးမိုး၊ နိုင်ငံသားစိစစ်ရေးအမှတ် [၉/ပမန(နိုင်)၁၉၂၅၄၃] အမည်ဖြင့် ထုတ်ပေးထားသော **"ဈေးဆိုင်ခန်းအငှားချထားခြင်း လိုင်စင်ကတ်"**မှာ ပျောက်ဆုံးသွားပါသဖြင့် **"ဈေးဆိုင်ခန်း အငှားချထားခြင်းလိုင်စင်ကတ်" (မိတ္တူမှန်)** ထုတ်ယူခွင့်ပြုပါရန် **"ဈေးဆိုင်ခန်းအငှားချထားခြင်း လိုင်စင်ကတ်" (မူရင်း)** ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ(မူရင်း)၊ ရဲစခန်းထောက်ခံချက်(မူရင်း)၊ နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)၊ အိမ်ထောင်စုဇယား(မိတ္တူ)များတင်ပြပြီး **"ဈေးဆိုင်ခန်း အငှားချထားခြင်း လိုင်စင်ကတ်" (မိတ္တူမှန်)** လျှောက်ထားလာပါ၍ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ခိုင်လုံသော အထောက်အထားစာချုပ်စာတမ်းများ၊ တရားရုံးအမိန့် ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ယနေ့မှစပြီး (၁၄)ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးများဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဒေါ်တင်မိုးမိုး အမည်ဖြင့် ထုတ်ပေးထားသော **"ဈေးဆိုင်ခန်းအငှားချထားခြင်း လိုင်စင်ကတ်"(မူရင်း)**အား ပယ်ဖျက်၍ ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ **"ဈေးဆိုင်ခန်း အငှားချထားခြင်း လိုင်စင်ကတ်" (မိတ္တူမှန်)** ထုတ်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဈေးများဌာန**
**နေပြည်တော်**
**စည်ပင်သာယာရေးကော်မတီ**

## ပြင်ဆင်ဖတ်ရှုပါရန်

၂၃-၇-၂၀၂၄ရက်နေ့ကြေးမုံသတင်းစာ၏စာမျက်နှာကြော်ငြာ(၂၉)ကန့်ကွက်နိုင်ကြောင်းကြော်ငြာအမှတ်စဉ်(၁၇)ဒေါ်ဝေဝေကြည်၏အမည်ပြောင်းတွင်မြေကွက်အမှတ်-၇(ဦးပိုင်အမှတ်၁/၃၂နှင့်၁/၃၂ $D^{3}$တို့၏တစ်စိတ်တဒေသ)အစားမြေကွက်အမှတ်(၇)ဟုအမှန်ဖတ်ရှုပါရန်။

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၀/ဒက္ခိဏသီရိ အနောက်ရပ်)၊ မြေကွက်အမှတ် (ဒ-၃၂၆၉၈)၊ မြေဧရိယာ (၀.၁၄၆)ဧကရှိ ဦးအောင်စိုး (ဘ) ဦးမြင့်စိုး [၁၃/တကန(နိုင်) ၁၃၈၄၇၆]၊ ဒေါ်ပပနိုင် (ဘ) ဦးကျော်နိုင် [၁၂/ကမတ(နိုင်) ၀၆၂၉၄၂]တို့ အမည်ပေါက် နှစ်(၃၀) မြေငှားစာချုပ်မြေကွက်ကို ဦးအောင်စိုး (ဘ) ဦးမြင့်စိုး [၁၃/တကန(နိုင်) ၁၃၈၄၇၆]၊ ဒေါ်ပပနိုင် (ဘ) ဦးကျော်နိုင် [၁၂/ကမတ(နိုင်)၀၆၂၉၄၂]တို့မှ ဒေါ်မိုးသူဇာ(ဘ) ဦးထွန်းဝေ [၁၃/မယတ (နိုင်) ၀၀၀၅၇၄]နှင့် အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုရန် **မြေပုံ၊ မြေရာဇဝင်** ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ၊ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ **မြေပုံ၊ မြေရာဇဝင်**လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်**
**စည်ပင်သာယာရေးကော်မတီ**

## ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ နွယ်အေးရပ်ကွက်၊ ရွှေနှင်းဆီလမ်း၊ အိမ်အမှတ်(၂၉၂)နေ အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း၊ Grade-12(A)၊ သာကေတမြို့နယ်တွင် ပညာသင်ကြားနေသော မောင်ဇော်နိုင်၏ ဖခင်အမည်မှန်မှာ ဦးယာကုပ် [၁၂/ဒပန(နိုင်)၀၇၃၁၀၄] ဖြစ်ပါသည်။

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၇)ရပ်ကွက်၊ ရွှေတောင်တန်းလမ်း၊ အမှတ် (၁၁၆)၊ တစ်ခန်းလျှင် (၁၂½'x ၅၀') အကျယ်အဝန်းရှိ (၂)ခန်းတွဲ (၈)ထပ်တိုက်၏ ၆-လွှာ (B)တိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို ဦးအပ်ဖီး(S/OKA-၀၀၉၁၂)မှ ပိုင်ဆိုင်အကျိုးခံစားလျက်ရှိပြီး ၎င်းမှ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုလျက် အပြီးအပိုင်ရောင်းချရန် ကမ်းလှမ်းလာသည့်အလျောက် ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ ပိုင်ဆိုင်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးလှဝေ (စဉ်-၇၁၂၄) ဒေါ်ဘီဘီသိန်း (ခ) ဒေါ်ဘေဘီ (စဉ်-၈၇၉၁)**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ် (၆၀)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း- ၀၉-၇၇၅၁၄၄၄၀၁၊ ၀၉-၇၇၅၁၄၄၄၀၂**

## ဦးဝင်းအောင်လေး [၁၀/မလမ (နိုင်) ၁၅၈၉၁၇] သိစေရန်

ကျွန်ုပ်မိတ်ဆွေများဖြစ်ကြသော ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ အမှတ် ၉ ရပ်ကွက်၊ ဗိုလ်အောင်ကျော်လမ်း၊ အမှတ် (၁၇၃)၊ ပထမထပ်နေ ၁။ ဒေါ်ခင်သီတာအေး [၁၀/မလမ(နိုင်) ၁၆၁၀၇၄] **(ကိုယ်တိုင်နှင့် အရွယ်မရောက်သေးသူ မထက်မဒီအောင် [၁၂/ကတတ(နိုင်) ၀၃၅၈၉၃] ကိုယ်စား)၊** ၂။ ကိုခန့်ထွဋ်ကျော် [၁၂/ကတတ(နိုင်) ၀၃၂၄၉၃]၊ ၃။ မလရောင်ဝင်းလက် [၁၂/ကတတ(နိုင်) ၀၃၄၃၇၂] တို့၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာပါသည်-

၁။ ဦးဝင်းအောင်လေးနှင့် ဒေါ်ခင်သီတာအေးတို့သည် ၁၀-၂-၂၀၂၄ ရက်စွဲပါ ညှိနှိုင်းသဘောတူ ဝန်ခံကတိစာချုပ်အရ ကျောက်တံတားခရိုင်တရားရုံး၌ ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၆၁ အမှုတွင် ပြေငြိမ်းဒီကရီရယူခဲ့ကြောင်း၊

၂။ အဆိုပါ ပြေငြိမ်းဒီကရီအရ ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ အမှတ် ၉ ရပ်ကွက်၊ ဗိုလ်အောင်ကျော်လမ်း၊ အမှတ်(၁၇၃)၊ ပထမထပ် (ယာ) ဟုခေါ်တွင်သောတိုက်ခန်းကို ဦးဝင်းအောင်လေး အနေဖြင့် ပိုင်ရေးပိုင်ခွင့် ဆိုင်ရေးဆိုင်ခွင့် မရှိတော့ပါကြောင်း၊

၃။ ထို့အပြင် ဦးဝင်းအောင်လေးနှင့် ဒေါ်ခင်သီတာအေးတို့ ချုပ်ဆိုခဲ့ကြသော ညှိနှိုင်းသဘောတူ ဝန်ခံကတိစာချုပ်ချုပ်ဆိုခဲ့သည့် ၁၀-၂-၂၀၂၄ ရက်နေ့တွင်ပင် ဦးဝင်းအောင်လေးက အထက်ဖော်ပြပါ တိုက်ခန်းကို သားသမီး (၃)ဦးဖြစ်ကြသော ကိုခန့်ထွဋ်ကျော်၊ မလရောင်ဝင်းလက်နှင့် မထက်မဒီအောင်တို့အား အပြီးအပိုင်စွန့်လွှတ်လွှဲပြောင်းပေးအပ်ခဲ့ပြီးဖြစ်ပါကြောင်း၊

၄။ ယခုအခါ အထက်ဖော်ပြပါ တိုက်ခန်းကို ကိုခန့်ထွဋ်ကျော်၊ မလရောင်ဝင်းလက်နှင့် မထက်မဒီအောင်တို့က ရောင်းချရန် ဆောင်ရွက်ခဲ့ရာတွင် တူရကီနိုင်ငံသို့ခေတ္တသွားရောက်နေသော ကိုခန့်ထွဋ်ကျော်နှင့် အရွယ်မရောက်သေးသူ မထက်မဒီအောင်တို့ကိုယ်စား မိခင်ဖြစ်သူ ဒေါ်ခင်သီတာအေးက မလရောင်ဝင်းလက်နှင့်အတူ စရန်ပေးစာချုပ်တွင် လက်မှတ်ရေးထိုးရန် ဆောင်ရွက်ခဲ့သော်လည်း ဝယ်သူ၏ တောင်းဆိုချက်အရ ဒေါ်ခင်သီတာအေး တစ်ဦးတည်းက သားသမီးများကိုယ်စား သားသမီးများ၏ ခွင့်ပြုချက်အရ စရန်ပေးစာချုပ်တွင် လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်ကြောင်း၊

၅။ ထိုသို့ ဖော်ပြပါတိုက်ခန်းကို ကိုခန့်ထွဋ်ကျော်၊ မလရောင်ဝင်းလက်နှင့် မထက်မဒီအောင်တို့က အရောင်းအဝယ်ပြုလုပ်ခြင်းအပေါ် ဦးဝင်းအောင်လေး အနေဖြင့် ကန့်ကွက်ရန် အခွင့်အရေးတစ်စုံတစ်ရာမရှိတော့ပါကြောင်း၊

၆။ ထို့အပြင် ၁၀-၂-၂၀၂၄ ရက်စွဲပါ ညှိနှိုင်းသဘောတူဝန်ခံကတိစာချုပ်အရ ဦးဝင်းအောင်လေး ရယူခဲ့သော ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ အမှတ် ၉ ရပ်ကွက်၊ လမ်း(၄၀)၊ အမှတ်(၁၁၉)၊ ၄-လွှာ (ဝဲ)ဟုခေါ်တွင်သော တိုက်ခန်းကို ဦးဝင်းအောင်လေးက စီမံခန့်ခွဲရောင်းချခဲ့ရာတွင် ကျွန်ုပ်မိတ်ဆွေ ဒေါ်ခင်သီတာအေးက တစ်စုံတစ်ရာ ကန့်ကွက်တောင်းဆိုခဲ့ခြင်း မရှိခဲ့ခြင်းသည် ကန့်ကွက်ရန်အခွင့်အရေး မရှိတော့ခြင်းဖြစ်သည်ကို သိစေလိုပါကြောင်း ညွှန်ကြားလာပါသည်။

သို့ဖြစ်ပါ၍ ကျွန်ုပ်မိတ်ဆွေများဖြစ်ကြသော ကိုခန့်ထွဋ်ကျော်၊ မလရောင်ဝင်းလက်၊ မထက်မဒီအောင် (၎င်းကိုယ်စား မိခင်ဖြစ်သူ ဒေါ်ခင်သီတာအေး)တို့က ၎င်းတို့ပိုင်ဆိုင်သော ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ အမှတ် ၉ ရပ်ကွက်၊ ဗိုလ်အောင်ကျော်လမ်း၊ အမှတ် (၁၇၃)၊ ပထမထပ်(ယာ)ဟုခေါ်တွင်သောတိုက်ခန်းကို ဥပဒေနှင့်အညီ ဆက်လက်လွှဲပြောင်းရောင်းချမည်ဖြစ်ပါ၍ ပိုင်ရေးပိုင်ခွင့် ဆိုင်ရေးဆိုင်ခွင့် အကျိုးသက်ဆိုင်ခွင့်မရှိသူ ဦးဝင်းအောင်လေး အနေဖြင့် အရောင်းအဝယ်ကို နောက်ထပ်တစ်စုံတစ်ရာ ကန့်ကွက်ဟန့်တားနှောင့်ယှက်ခြင်းမပြုရန် သတိပေးတောင်းဆိုပါသည်။ လိုက်နာခြင်းမရှိဘဲ တစ်စုံတစ်ရာကန့်ကွက်ဟန့်တားနှောင့်ယှက်လာပါက ကျွန်ုပ်မိတ်ဆွေများ၏ ထိခိုက်နစ်နာဆုံးရှုံးမှုအရပ်ရပ်တို့ကို ဥပဒေနှင့်အညီ တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာပါသည်။

**ညွှန်ကြားချက်အရ-**
**ဦးကျော်ဝင်းဦး (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၇၉၈)**
**အမှတ် (၁၈)၊ ဒုတိယထပ်၊ ဗညားဒလလမ်း၊ သပြေကုန်းရပ်ကွက်၊**
**မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**

# ဆေးပညာဘွဲ့ရဆရာဝန်(အမျိုးသမီး)နှင့် သွားဘက်ဆိုင်ရာဆေးပညာဘွဲ့ရ ဆရာဝန်(အမျိုးသမီး)ဗိုလ်လောင်းများ ခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့တွင် အသက် ၃၀ နှစ်ထက် မကြီးရ။

( ခ ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(အပျို)ဖြစ်ရမည်။

( ဂ ) အနည်းဆုံးအရပ် ၅ ပေ၊ ၃ လက်မနှင့် ကိုယ်အလေးချိန် ပေါင် ၁၀၀ ထက်မနည်းရ၊ ပေါင် ၁၃၀ ထက် မကျော်ရ။

(ဃ) (M.B.B.S) သို့မဟုတ် (B.D.S) ဘွဲ့ရရှိပြီးသူဖြစ်ရမည်။ ဘွဲ့လက်မှတ်(မူရင်း)အား တင်ပြနိုင်ရမည်။

၂။ သက်ဆိုင်ရာ တက္ကသိုလ်မှ (Grading Certificate) အမှတ်စာရင်းပါရှိရမည်။

၃။ မိဘအုပ်ထိန်းသူ၏ ခွင့်ပြုချက်ပါရှိရမည်။

၄။ လျှောက်လွှာများကို ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံးနှင့် မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ရယူနိုင်သည်။

၅။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ ၃ ပုံ ပူးတွဲတင်ပြရမည်။

၆။ တပ်မတော်မှ လေ့ကျင့်သင်ကြားမှုစနစ်အတိုင်း လိုက်နာဆောင်ရွက်နိုင်သူ ဖြစ်ရမည်။

၇။ လျှောက်လွှာနှင့်အတူပါရှိသော ဆေးစစ်ပုံစံဖြင့် မိမိတို့နေထိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ်ရှိ တပ်မတော်ဆေးရုံ/ပြည်သူ့ဆေးရုံတွင် ပဏာမကျန်းမာရေး စစ်ဆေးအောင်မြင်သူဖြစ်ရမည်။

၈။ လျှောက်လွှာကို ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက်နေ့မှစ၍ ထုတ်ပေးမည်ဖြစ်ပြီး အောက်တိုဘာလ ၃၁ ရက်နေ့နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး (သို့မဟုတ်) သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များသို့ ပြန်လည်ပေးပို့ကြရမည်။

၉။ သတ်မှတ်အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များအား တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက် အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၀။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရ သည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

စစ်ရာထူးခန့်ချုပ်ရုံး

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၇၊ မြေကွက်အမှတ်-၄၃၁၊ မြေကွက်တည်နေရာအမှတ်(၄၃၁)၊ မြတ်သီရိလမ်း၊ (၃၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (ဦးမျိုးမြင့်/NBN-105064) အမည်ပေါက် နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)မြေအား မင်္ဂလာဒုံမြို့နယ်တရားရုံး၊ တရားမကြီးမှုအမှတ်-၂/၂၀၂၄ ဖြင့် ကတိပဋိညာဉ်အတိုင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှုဖြင့် ဒေါ်သွယ်သွယ်စိုးမှ (တရားလို) ပြု၍ ဦးမျိုးမြင့်အပေါ်(တရားပြိုင်)ထားကာ စွဲဆိုခဲ့ခြင်းအပေါ် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေရန် ဒီကရီချမှတ်သည့် (၅-၃-၂၀၂၄) ရက်စွဲပါစီရင်ချက်နှင့်ဒီကရီ၊ တရားမဇာရီမှုအမှတ်-၁၀/၂၀၂၄၏ နေ့စဉ်မှတ်တမ်းနှင့် (၃-၅-၂၀၂၄)ရက်စွဲပါထုံးပုံကျအပြီးသတ်အမိန့်၊ တရားရုံးကိုယ်စား ဆောင်ရွက်ရန် ဘီလစ်အဖြစ် တာဝန်ပေးအပ်ကြောင်း(၃-၅-၂၀၂၄) ရက်စွဲပါအကြောင်းကြားစာ၊ နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)တို့တင်ပြ၍ ဘီလစ်ဒေါ်နုနုလှိုင်မှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်သော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## "ဒေါ်သင်းသင်းလှိုင် [၃/ကကရ(နိုင်)၁၃၉၇၇၀] နှင့် အများသိစေရန် ကြေညာချက်"

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်၊ (၁၃) ရပ်ကွက်၊ ကျန်စစ်သားလမ်း၊ မြေကွက်/အိမ်အမှတ် (၁၃၄၇) ဟုခေါ်တွင်သော (အလျား ၄၀' x အနံ ၆၀')ရှိ အိမ်ခြံမြေနှင့် ၎င်းအိမ်ခြံမြေပေါ်တွင် ဆောက်လုပ်ထားသော အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ရပ်တို့ကို လူကြီးမင်းက ဦးငမဲ (စစ်မှုထမ်းဟောင်း) ( BT - ၀၂၃၁၄၄ )ထံမှ ဆက်စပ်စာချုပ်များဖြင့် တစ်ဆင့်ဝယ်ယူထားပြီး တရားဝင်ရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြု၍ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးမျိုးကျော်ဦး [၁၂/ဆကခ(နိုင်)၀၁၁၅၆၇]ထံ (၂၃-၉-၂၀၁၉) ရက်စွဲပါ နှစ်ဦးသဘောတူ အိမ်ခြံမြေ အပြီးအပိုင်အရောင်းအဝယ် ကတိစာချုပ်အရ ရောင်းချခဲ့ရာတွင် အရှုပ်အရှင်းတစ်စုံတစ်ရာကင်းရှင်းကြောင်း ဝန်ခံကတိပြုခဲ့ပါသည်။ ယခုအခါ အထက်ဖော်ပြပါ အိမ်ခြံမြေနှင့် ၎င်းအိမ်ခြံမြေပေါ်တွင် ဆောက်လုပ်ထားသော အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ရပ်အားလုံးနှင့် ပတ်သက်၍ အရှုပ်အရှင်းတစ်စုံတစ်ရာပေါ်ပေါက်လာပါသဖြင့် လူကြီးမင်းမှ ဝန်ခံကတိပြုထားသည့်အတိုင်း ဤသတင်းစာကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း လာရောက်ဆက်သွယ်ဆောင်ရွက်ပေးပါရန် အသိပေးကြေညာအပ်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း လူကြီးမင်းက ဝန်ခံကတိပြုထားသည့်အတိုင်း တာဝန်ယူဆက်သွယ်ဆောင်ရွက်ပေးခြင်းမရှိပါက ကျွန်ုပ်၏မိတ်ဆွေ ဦးမျိုးကျော်ဦးမှ ဥပဒေနှင့်အညီ တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း လူကြီးမင်းနှင့်တကွ အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်အေးစန္ဒာ ( LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၅၅၄၂၅)**
**အမှတ် (၁၀၂၅)၊ ဝဇီရာ (၇) လမ်း၊ (င) ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း - ၀၉-၇၇၃၁၇၇၃၈၆**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

**ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၈၊ မြေကွက်အမှတ်- ၃၂၂၊ ဧရိယာ(၀.၀၅၆)ကေရှိ နှစ်(၆၀) မြေငှားဂရန်မြေကွက်မှာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် ဒေါ်တင်ကြည်(ဘ)ဦးတီ(PKU-၀၄၄၉၄၃)၊ [၁၂/ရကန(နိုင်)၀၃၀၉၂၃]** အမည်ပေါက်သော မြေကွက်ဖြစ်ပါသည်။

**အထက်ပါမြေကွက်ကြီးထဲမှ မခွဲမစိတ်ရသေးသော ခေါင်းရင်းဘက်အခြမ်း၊ အကျယ်အဝန်း(၂၀x၆၀)ပေရှိ မြေကွက်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံး**တို့ကို ဝယ်ယူပိုင်ဆိုင်၊ လွှဲပြောင်းရောင်းချခွင့်ရှိသူ **ဒေါ်ငွေးငွေးဝင်း [၁၂/ဥကတ(နိုင်)၀၁၇၆၇၁]**ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီး ဖြစ်ပါသည်။

သို့ဖြစ်၍အဆိုပါမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက တိကျခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်သည့်ရက်ကုန်ဆုံးပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ - ဒေါ်စန်းမာလာညွှန့်**
**(စဉ်-၆၄၆၂/၁၃-၈-၁၉၉၇)**
**တရားလွှတ်တော်ရှေ့နေ**
**အိမ်- အမှတ်-၅၇၊ မြေညီထပ်၊ အင်းဝလမ်း၊ ကျောက်မြောင်းကြီးရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။**
**ရုံးခန်း - အမှတ်-၈၅၊ မြေညီ၊ ၃၇-လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၄၃၂၀၂၇၄၀၊ ၀၉-၅၁၅၆၅၁၄၊ ၀၉-၇၉၅၆၁၈၄၀၀**

## အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ (၃)ရပ်ကွက်၊ ရတနာလမ်း၊ အမှတ်(၃၆/၃၈)ဘီ မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော ၆-ထပ်တိုက် (၂) ခန်းတွဲ အဆောက်အဦရှိ တတိယထပ် (၄-လွှာ)၊ အခန်းအမှတ် (၃-ဘီ)၊ လမ်းမဘက်မှ မျက်နှာမူလျှင် (ဝဲဘက်ခြမ်း)၊ (အလျား ၁၁.၆ လက်မ xအနံ ၄၇ ပေ) အကျယ်အဝန်းရှိ တိုက်ခန်း (၁) ခန်း အပါအဝင် ယင်းတိုက်ခန်းနှင့်ပတ်သက်ဆက်နွှယ်သော ပိုင်ရေးဆိုင်ခွင့်ဆိုင်ရာ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဒေါ်ချိုဝေလွင် [၁၂/လမန(နိုင်)၀၃၃၅၃၀] ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်စုခိုင်ကြည် [၁၂/အစန (နိုင်) ၁၅၅၃၀၈] မှ တရားဝင် ဝယ်ယူပိုင်ဆိုင်ထားပြီးဖြစ်ပါသည်။ အဆိုပါ တိုက်ခန်းအား ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဒေါ်စုခိုင်ကြည်၏ တရားဝင်ခွင့်ပြုချက်မရဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ အာမခံတင်သွင်းခြင်း၊ အခြားတစ်နည်းနည်းဖြင့် အလွှဲအပြောင်းပြုလုပ်ခြင်းတို့ကို မပြုလုပ်ပါရန်နှင့် ပြုလုပ်ခဲ့ပါက ဥပဒေနှင့်အညီဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးမောင်မောင်သူရ (မြောင်းမြ) LL.B,A.G.T.I(EP),D.B.L,D.M.L တရားလွှတ်တော်ရှေ့နေ (စဉ်-၈၁၀၈)**
**ဦးဇေယျာထွန်း (LL. B) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၅၃၂)**
**ဒေါ်ချယ်ရီလှိုင် (LL. B) တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၆၁)**
**ဦးစိုးလွင်ဦး (LL. B) အထက်တန်းရှေ့နေ (စဉ်-၃၇၉၈၁)**
**အမှတ်-၁၃၂၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉-၅၁၈၄၀၄၂၊ ၀၉-၇၃၁၁၅၁၀၅၊ ၀၉-၄၂၁၁၀၈၅၅၁၊ ၀၉- ၄၂၅၂၈၇၁၃၄**

## အထွေထွေကိုယ်စားလှယ်လွှဲစာရုပ်သိမ်းခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၂၇)ရပ်ကွက်၊ နှင်းဆီလမ်း၊ အမှတ် (၃၃/ဘီ) နေ ဒေါ်သန်းသန်းအေး (ဘ) ဦးလခန်ယော် (၁/ဗမန (နိုင်) ၀၀၁၉၃၁) မှ မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ ခနုံးကျေးရွာ နေ ဒေါ်နှင်းယုနွယ် (ခ) ဒေါ်ထားထားနွယ် (ဘ) ဦးမောင်ကောင်း (၉/အမရ (နိုင်) ၀၉၇၂၂၂) ထံ လွှဲအပ်ခဲ့သော ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ (၆-၇-၂၀၂၃) ရက်စွဲပါ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၁၂၉၈၁/၂၀၂၃) အား ဤ ကြော်ငြာပါသည့်နေ့မှစ၍ ရုတ်သိမ်းလိုက်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
ဒေါ်ဝေဝေရီ (LL.B, D.B.L )
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၅၉၂)
အမှတ်-၃၃/၄၉၊ ပထမထပ်၊ အခန်း(၃)၊ Strand Condo ၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉ ၄၂၅၀၀၀၃၄၀

## ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၉) ရပ်ကွက်၊ ဇာနည် (၁၀) လမ်း၊ အမှတ် (၃၈၀/ခ)၊ တစ်ခန်းတည်း RC (၆) ထပ်တိုက်မှ ပဉ္စမထပ် (၆-လွှာ)၊ ဧရိယာ (၉၇၂) စတုရန်းပေရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းရှိ အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့နှင့်ပတ်သက်၍ အများသိစေရန်ကြေညာခြင်း

အထက်ဖော်ပြပါ တိုက်ခန်းနှင့်ပတ်သက်၍ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ဖူးမီမီဦး [၁၂/ဥကတ(နိုင်) ၁၈၁၁၀၈]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၃) ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားစာချုပ်စာတ မ်း မူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင် ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်သီတာမမ (LL.B, D.M.L,D.I.L) တရားလွှတ်တော်ရှေ့နေ (စဉ်-၇၂၂၆)**
**ဒေါ်ခင်မျိုးလတ် (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၉၂၇၅)**
**အမှတ် (၄၄)၊ ပ-ထပ်၊ အခန်း (၁၀)၊ ၃၆-လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၇၃၁၂၁၅၇၃၊ ၀၉-၂၅၄၁၃၀၀၇၄**

## "ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄၀)၊ နံ့သာမြိုင်လမ်း၊ မြေကွက်အမှတ် (၂၂၇၈)ဟုခေါ်တွင်သော ဦးအောင်သိန်း အမည်ပေါက်သည့် ပါမစ်မြေအမျိုးအစား မြေအကျယ် (၄၀x၆၀) ပေ အနက်မှ တရားဝင်မခွဲမစိတ်ရသေးသော ခြေရင်းဘက်ရှိ(ပါမစ်မိတ္တူ) ခြမ်းမြေအကျယ်ပေ (၂၀x၆၀)ရှိ မြေကွက်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဦးမင်းထက်ကျော် [၁၂/သဃက(နိုင်)၂၂၁၂၁၀]ကိုင်ဆောင်သူမှ ဆက်စပ်စာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းတစ်စုံတစ်ရာမရှိ ကင်းရှင်းပါကြောင်း တာဝန်ယူရောင်းချသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးသန်းအောင် [၁၂/ဒဂတ(နိုင်)၀၉၃၉၁၇] ကိုင်ဆောင်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသတို့ကို ပေးချေထားပြီးဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာစာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ဆက်သွယ်၍ ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းမူရင်းများနှင့် ကန့်ကွက်နိုင်ပါသည်။ ထိုနေ့ရက်ကျော်လွန်သည့်တိုင် ကန့်ကွက်မည့်သူများမရှိပါက ဤအရောင်းအဝယ်ကိစ္စကိုပြီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားသူ- ဦးသန်းအောင်**
**ညွှန်ကြားချက်အရ- ဒေါ်ခိုင်ခိုင်ဝင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၈၅၂၈)**
**အမှတ်(၄၅၁)၊ ငုဝါလမ်း၊ (၇၂)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း - ၀၉-၄၂၀၁၂၉၉၇၈**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၆)ရပ်ကွက်၊ အောင်သုခ(၁)လမ်း၊ အမှတ်(၂၉)နေ (ဦးစိန်ဝင်း)[၁၂/မရက(နိုင်)၀၇၃၆၆၇]-ဒေါ်တင်တင်ဝင်း [၁၂/မရက(နိုင်)၀၅၅၄၁၂](MYGN-၀၀၀၈၄၄)တို့၏သား မောင်ငွေခိုင်[၁၂/မရက(နိုင်)၁၄၇၇၈၈]သည် မိခင်၏ပြောဆိုဆုံးမမှုကို မနာခံဘဲ ခွင့်မလွှတ်နိုင်သောအပြုအမူများကြောင့် ရာသက်ပန် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင်တွင် မောင်ငွေခိုင်နှင့် ပတ်သက်ဆက်နွှယ်သော ငွေရေးကြေးရေးအရှုပ်အရှင်း၊ လူမှုရေးအရှုပ်အရှင်း ပြဿနာများနှင့် အခြားမည်သည့်ကိစ္စများကိုမှ ယနေ့မှစ၍ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်တော့ပါကြောင်း မောင်ငွေခိုင်နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်တင်တင်ဝင်း [၁၂/မရက(နိုင်)၀၅၅၄၁၂]**
**မရမ်းကုန်းမြို့နယ်**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇/အရှေ့)၊ မြေကွက်အမှတ်(၁၉၇/က)၊ ဧရိယာ(၂၀x၆၀)ပေ၊ မြေကွက်တည်နေရာအမှတ် (၁၉၇/က)၊ အောင်သပြေအရှေ့(၁)လမ်း၊ (၇)ရပ်ကွက်၊ သာကေတမြို့နယ်၊ ဦးစိုးမြင့် [၁၂/သကတ(နိုင်)၁၀၄၅၆၃]အမည်ပေါက် နှစ် (၆၀)မြေငှားဂရန်မြေအား အမည်ပေါက် ဦးစိုးမြင့် [၁၂/သကတ(နိုင်)၁၀၄၅၆၃](ဖခင်) နှင့် ဒေါ်မြင့်စိန် (မိခင်)တို့ကွယ်လွန်သဖြင့် သားသမီးများဖြစ်သော ဦးစိုးနိုင်ဦး [၁၂/သကတ(နိုင်)၁၂၀၈၅၂]၊ ဦးအောင်စိုးဦး [၁၂/သကတ(နိုင်)၁၄၀၇၂၀]တို့မှ ကွယ်လွန်သူ မိဘများတွင် မိမိတို့သား(၂)ဦးအား မွေးဖွားခဲ့ပြီး အခြားမည်သူတစ်ဦးတစ်ယောက်မျှ အမွေစားအမွေခံ ကိတ္တိမ သား/သမီးအဖြစ် မွေးစားခဲ့ခြင်း မရှိပါကြောင်း၊ ကွယ်လွန်သူ မိဘများနှင့် မိမိတို့သည် ဗမာလူမျိုး၊ ဗုဒ္ဓဘာသာကိုးကွယ်သူများဖြစ်ကြပါကြောင်း၊ မိဘများ ကွယ်လွန်ခဲ့ကြပြီးနောက် အထက်ဖော်ပြပါအိမ်နှင့်မြေအား ၎င်းတို့၏ အမွေစားအမွေခံသားများဖြစ်ကြသည့် မိမိတို့မှသာ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ အမွေဆက်ခံပိုင်ဆိုင်လာခဲ့ပါကြောင်း၊ မိမိတို့(၂)ဦးမှလွဲ၍ အခြားမည်သူတစ်ဦးတစ်ယောက်မျှပိုင်ဆိုင်အကျိုးခံစားခွင့်မရှိသည်မှာ မှန်ကန်ကြောင်း ကျိန်ဆိုထားသည့် တရားရုံးကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ ဂရန်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စု လူဦးရေစာရင်း၊ ဦးစိုးမြင့်(ဖခင်)နှင့် ဒေါ်မြင့်စိန်(မိခင်)တို့၏ သေဆုံးမှုလက်မှတ်တို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူး လျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်တန်ကျင်စွမ်
## (အင်းတိုင်၊ လှည်းကူးမြို့နယ်)
## အသက် (၁၀၃)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ဇဝနရပ်ကွက်၊ ဇဝနလမ်းမကြီး၊ ဦးညိုခြံ၊ အမှတ်(၂၄)နေ [ဦးတန်ချိုင်အင်း(ခ)ဦးစိန်ရင်-ဒေါ်ယုံ]တို့၏သမီး၊ (ဦးပေကျင်ထွေး-ဒေါ်ကြိုးဝါး)တို့၏ သမီးချွေးမ၊ (ဦးပေမြအုံး)၏ဇနီး၊ ဦးပေကျင်ဟုတ်-ဒေါ်စန်းစန်းအေး၊ ဦးပေချွန်ဟုတ်-ဒေါ်တန်လေခင်၊ (ဦးလင်း(ခ)ဦးမြင့်သိန်း)-ဒေါ်ပေရှုဝါ၊ ဦးပေဟုတ်ကြိုင်-ဒေါက်တာ တိုးတိုးခိုင်၊ ဦးပေဟုတ်စိန်-ဒေါ်ခိုင်ကြည်ဖြူ၊ ဦးကျော်ဝင်း-ဒေါ်ပေရှုတင်၊ ဦးချစ်လှိုင်-ဒေါ်ဖြူသီတာထွန်းတို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မဆုပြည့်စုံ၊ မယွန်းအိမ်နွေး၊ မမေခွန်းချို၊ မရှင်းသီရိမွန်၊ မရွှန်းလဲ့အိန္ဒြာ၊ မောင်သုတကောင်းညဏ်တို့၏ အဘွားဖြစ်သူ ဒေါ်တန်ကျင်စွမ်သည် ၁၈-၉-၂၀၂၄ (ဗုဒ္ဓဟူးနေ့) နံနက် ၁၀:၅၉နာရီတွင် ကွယ်လွန်အနိစ္စရောက်သွားပါသောကြောင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်ကို ၂၀-၉-၂၀၂၄ (သောကြာနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။

(အထက်ပါနေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## အထူးကျေးဇူးတင်ရှိခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးမြင့်ကြည် (စား/ထွေ-ငြိမ်း)
### အသက်(၈၇) နှစ်

၁၄-၉-၂၀၂၄ (စနေနေ့) မွန်းလွဲ ၂:၀၅ နာရီတွင် ဘဝတစ်ပါးသို့ ကူးပြောင်း ကွယ်လွန်သွားသော ဖခင်ကြီး ဦးမြင့်ကြည်(စား/ထွေ-ငြိမ်း) အသက်(၈၇)နှစ်အား ဆေးရုံတက်ရောက်ကုသစဉ် အစွမ်းကုန်ကုသ၊ ကြည့်ရှုစောင့်ရှောက်ပေးကြသော အာရှတော်ဝင်ဆေးရုံမှ ဒါရိုက်တာအဖွဲ့ဝင်များ၊ အထူးကုဆရာဝန်ကြီးများ၊ တာဝန်ကျဆရာဝန်များ၊ သူနာပြုများနှင့် ကျန်းမာရေးဝန်ထမ်းများအားလည်းကောင်း၊ နာရေးကိစ္စအဝဝအား လိုလေသေးမရှိအောင် အဘက်ဘက်မှ ဝိုင်းဝန်းကူညီလုပ်ကိုင်ပေးပါသော ရွှေတောင်ကုမ္ပဏီမှ BOD၊ Management နှင့် ဝန်ထမ်းမိသားစုများ၊ အာရှတော်ဝင်ဆေးရုံမှ ဒါရိုက်တာများနှင့် ဝန်ထမ်းမိသားစုများ အားလည်းကောင်း၊ လွမ်းသူ့ပန်းခွေ၊ ပန်းခြင်း၊ သက်နှင့်နှင့် လှူဖွယ်ပစ္စည်းအစုစုတို့ကို ပေးပို့လှူဒါန်းကြသော မိတ်ဆွေသင်္ဂဟများနှင့်တကွ The World Vovinam Federation ၊ မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ်နှင့် ပြည်တွင်း၊ ပြည်ပမှ ဆွေမျိုး မိတ်ဆွေသင်္ဂဟများအားလည်းကောင်း၊ ဖခင်ကြီး၏ နောက်ဆုံးခရီးကို မအားမလပ်သည့်ကြားမှ လိုက်ပါပို့ဆောင်ပေးကြပါသော ရွှေတောင်ကုမ္ပဏီမှ BOD၊ Management အဖွဲ့ဝင်များ၊ မိတ်ဖက်လုပ်ငန်းရှင် ပုဂ္ဂိုလ်များ၊ ဒါရိုက်တာများ၊ ဌာနဆိုင်ရာအသီးသီးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ လုပ်ဖော်ကိုင်ဖက်ဝန်ထမ်းမိသားစုများ၊ အာရှတော်ဝင်ဆေးရုံမှ ဒါရိုက်တာအဖွဲ့ဝင်များ၊ ဆရာဝန်များနှင့် ကျန်းမာရေးဝန်ထမ်းများ၊ လူကိုယ်တိုင်သော်လည်းကောင်း၊ ဖုန်းဖြင့်သော်လည်းကောင်း၊ E-Mail ဖြင့်သော်လည်းကောင်း၊ သတင်းမေးမြန်းကြပါသော ပြည်တွင်း၊ ပြည်ပ၊ ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်ဆွေများနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကို ကျန်ရစ်သူမိသားစုများမှ အထူးပင် လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်ရှိပါသည်။

ကျန်ရစ်သူမိသားစု

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၀/ဒက္ခိဏသီရိအနောက်ရပ်)၊ မြေကွက်အမှတ်(ဒ-၃၂၆၉၆)၊ မြေဧရိယာ(၀.၁၄၆)ကေရှိ ဦးအောင်စိုး(ဘ)ဦးမြင့်စိုး[၁၃/တကန(နိုင်)၁၃၈၄၇၆]၊ ဒေါ်ပပနိုင်(ဘ)ဦးကျော်နိုင်[၁၂/ကမတ(နိုင်)၀၆၂၉၄၂] တို့ အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်ကို ဦးအောင်စိုး(ဘ)ဦးမြင့်စိုး[၁၃/တကန(နိုင်)၁၃၈၄၇၆]၊ ဒေါ်ပပနိုင် (ဘ)ဦးကျော်နိုင်[၁၂/ကမတ(နိုင်)၀၆၂၉၄၂] တို့မှ ဒေါ်သဇင်နီ(ဘ)ဦးကျော်ငြိမ်း[၈/မလန(နိုင်) ၀၆၂၁၈၄]နှင့် အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုရန် **မြေပုံ၊ မြေရာဇဝင်**ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံး အမိန့်ဒီကရီများ၊ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ **မြေပုံ၊ မြေရာဇဝင်** လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ သမိုင်း(၃)လမ်း၊ အမှတ်(၇၈၀)ရှိ တိုက်၏(မြေညီထပ်) (၁-လွှာ)၊ (တိုက်မျက်နှာမူ ညာ)အကျယ်အဝန်း(၁၂ ပေx ၅၀ပေ)ရှိ တိုက်ခန်းနှင့်အကျိုးခံစားခွင့်အရပ်ရပ်တို့အား ပိုင်ဆိုင်သည်ဟု အဆိုပြုသူ ဒေါ်ခင်သန္တာအောင်[၁၀/ကထန(နိုင်)၀၆၃၉၃၆]မှ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိကြောင်းနှင့် အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေ ဦးခင်ဇော်၊ ဒေါ်ညိုညိုထွေးတို့မှဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးအပ်ထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်အား ကန့်ကွက်လိုပါက ခိုင်လုံသည့် စာရွက်စာတမ်းမူရင်းတို့နှင့်တကွ ဤကြေညာပါသည့်နေ့မှ(၇)ရက်အတွင်း ကျွန်ုပ်တို့ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးခင်ဇော်၊ ဒေါ်ညိုညိုထွေး တို့၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်နှင်းနုစိုး (LL.B, D.B.L D.M.L) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၄၂၁)**
**ဒေါ်ခင်ခင်ဆွေ LL.B, WIPO (Switzerland) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၄၈၆)**
**ဒေါ်အိအိပိုင်(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၇၃၀)**
**အမှတ်(၁၆၀)၊ ဒုတိယထပ်၊ (၃၄)လမ်း (အထက်)၊ ကျောက်တံတားမြို့နယ်။**
**ဖုန်း-၀၉-၄၂၀၁၃၅၈၈၊ ၀၉-၇၉၉၂၄၇၇၆၃၊ ၀၉-၈၈၀၁၅၅၅၁၆**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၆ဂျီ)၊ မြေကွက်အမှတ်(၇၃အေ/၁)ဟုခေါ်တွင်သော အမှတ်(၉)၊ အင်းယားမြိုင်လမ်း၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ မြေအကျယ်အဝန်းဧရိယာ(၀.၂၄၆)ကေရှိ မြေပိုင်မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော basement +မြေညီထပ် ကားပါကင်ပါသော (သုံးထပ်+penth house) သုံးထပ်ခွဲတိုက်အဆောက်အဦမှ ဒုတိယထပ်(Typical Three)၊ အခန်းအမှတ်(#02-02)၊ အကျယ်အဝန်း(၂၁၀၀) စတုရန်းပေခန့်ရှိ တိုက်ခန်း(၁)ခန်းနှင့် ယင်းတိုက်ခန်းတွင် အခိုင်အမာတွယ်ကပ် တပ်ဆင်ထားသောပစ္စည်းများနှင့်စပ်လျဉ်းသည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ယခုလက်ရှိ လက်ဝယ်ပိုင်ဆိုင်ထားသူ **ဒေါက်တာဝင်းမင်းသစ် [၁၂/ဗဟန(နိုင်) ၀၅၂၉၁၈]**မှ မိမိတစ်ဦးတည်းသာလျှင် တရားဝင် လက်ရှိပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာ ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကျွန်ုပ်တို့၏မိတ်ဆွေထံသို့ စကားကမ်းလှမ်းရာ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိုပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ယဉ်ယဉ်ကြည်(LL.B) (စဉ်-၁၁၄၀၆)**
**ဒေါ်စုစုလှိုင်(LL.B) (စဉ်-၅၅၅၆၃)**
**ဒေါ်ချန်ပေါင်လူး(LL.B) (စဉ်-၅၆၄၉၈)**
**တရားလွှတ်တော်ရှေ့နေ**
**ဒေါ်သန်းငွေး(ခ)ဒေါ်သန်းသန်းငွေး(LL.B) (စဉ်-၅၆၆၆၂)**
**အထက်တန်းရှေ့နေများ**
**အမှတ်(၅၄၄/ခ)၊ သဒ္ဒါလမ်း(၂၀)၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**၀၉-၄၃၁၁၄၆၅၄၊ ၀၉-၇၉၅၆၀၁၈၆၃၊၀၉-၇၉၆၃၀၈၀၂၁၊**

## အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

( ခ ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

( ဂ ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

( ခ ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

( ဂ ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံ စိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

( ခ ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

( ဂ ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ မိမိတို့အနေဖြင့် နိုင်ငံခြားငွေရရှိရေး ပြည်ပသို့ ပို့ကုန်(Export)တိုးမြှင့်နိုင်ရန်လို...

❖ ထိုသို့ဆောင်ရွက်နိုင်ရန် ပြည်တွင်း ကုန်ထုတ်လုပ်မှုများကို တိုးတက်အောင် ဆောင်ရွက်ရမည်ဖြစ်...

❖ Border Trade ကို အားပေးဆောင်ရွက်သကဲ့သို့ Normal Trade များ တိုးတက်ရေးအတွက်လည်း ဆောင်ရွက်ကြရန်လို...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ် ဒီဇင်ဘာလ ၄ ရက်နေ့တွင် ပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး အမှတ်စဉ်(၇/၂၀၂၃)သို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

**ယနေ့ ဖတ်စရာ**

### ဗီယက်နမ်နိုင်ငံအလယ်ပိုင်း၌ ဆိုးလစ်ခ်မုန်တိုင်းဝင်ရောက်တိုက်ခတ်၊ မြေပြိုမှုရေကြီးရေလျှံမှုများဖြစ်ပွား

စာမျက်နှာ » ၁၃

---

### ယူအေအီးနိုင်ငံတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသူ တစ်ဦးအား အမိနိုင်ငံသို့ ပြန်လည်ပို့ဆောင်

စာမျက်နှာ » ၁၄

### အနောက်တောင်မုတ်သုံလေ ဆုတ်ခွာ

နေပြည်တော် စက်တင်ဘာ ၁၉

လွန်ခဲ့သော ၂၄ နာရီအတွင်းက အနောက်တောင် မုတ်သုံလေသည် မြန်မာနိုင်ငံ မြောက်ပိုင်းဒေသများမှ ဆုတ်ခွာခဲ့ပြီး ဖြစ်သည်။ **မိုး/ဇလ**

## လေပွေလှိုင်း၏အရှိန်ကြောင့် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက် မိုးကြီးခြင်းများ၊ နေရာကွက်၍ မိုးကြီးခြင်းများနှင့် လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်နိုင်




**နေပြည်တော် စက်တင်ဘာ ၁၉**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ အထူးမိုးလေဝသ သတင်းအနေဖြင့် စက်တင်ဘာ ၁၉ ရက် ညနေ ၅ နာရီခွဲအချိန် ထုတ်ပြန်သည့် အပူပိုင်းမုန်တိုင်း "ဆိုးလစ်ခ်"သည် ယနေ့ညပိုင်းတွင် ဗီယက်နမ်နိုင်ငံ ကမ်းခြေကို ဒါနန်းမြို့၏ မြောက်ဘက်မှ ဖြတ်ကျော်လျက်ရှိသည်။

**စတင်ဖြတ်ကျော်နိုင်**

စက်တင်ဘာ ၂၀ ရက်တွင် အကြွင်းအကျန် တိမ်တိုက်များနှင့် လေပွေလှိုင်းသည် မြန်မာနိုင်ငံအရှေ့တောင်ပိုင်းဒေသများသို့ စတင်ဖြတ်ကျော်နိုင်သည်။

အဆိုပါ လေပွေလှိုင်း၏ အရှိန်ကြောင့် စက်တင်ဘာ ၂၀ ရက်မှ ၂၅ ရက်အတွင်း နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင်

စာမျက်နှာ ၁၉ ကော်လံ ၁ သို့ ■

## မြန်မာအမျိုးသမီးလိဂ်တွင် အား/ကာသိပ္ပံအသင်း ဂိုးပြတ်နိုင်ပွဲဖြင့် ဆက်လက်ဦးဆောင်

**ရန်ကုန် စက်တင်ဘာ ၁၉**

၂၀၂၄ ရာသီ မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၇) နောက်ဆုံးနေ့ကို စက်တင်ဘာ ၁၉ ရက်က ဆက်လက်ကျင်းပရာ အား/ကာသိပ္ပံအသင်း ဂိုးပြတ်နိုင်ပွဲရယူပြီး ဆက်လက်ဦးဆောင်လျက်ရှိသည်။

**သုံးဂိုးပြတ်အနိုင်ရ**

ပဒုမ္မာကွင်း၌ကျင်းပသည့် ပွဲတွင် အား/ကာသိပ္ပံအသင်းက ဧရာဝတီအသင်းကို သုံးဂိုးပြတ်အနိုင်ရခဲ့သည်။ ယခုရာသီတွင် ချန်ပီယံဆုတစ်ကျော့ပြန်ရယူနိုင်ရန် အခြေအနေကောင်းနေသည့် အား/ကာသိပ္ပံအသင်းသည် တတိယနေရာမှ ဧရာဝတီအသင်းကို ဂိုးပြတ်အနိုင်ယူကာ ဇယားထိပ်ဆုံးတွင် ခြောက်မှတ်အသာဖြင့် ဆက်လက်ဦးဆောင်လျက်ရှိသည်။ ဧရာဝတီအသင်းမှာ ယခုရှုံးပွဲကြောင့် အဆင့်(၃)အတွင်းဝင်ရန် လက်ကျန်ပွဲများတွင် ဆက်လက်ရုန်းကန်ရမည်ဖြစ်သည်။

စာမျက်နှာ ၂၀ ကော်လံ ၁ သို့ ○



အား/ကာသိပ္ပံအသင်းနှင့် ဧရာဝတီအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

## ၂၀၂၅ ပညာသင်နှစ် ဘွဲ့လွန်ဆေးပညာသင်တန်းများ ဝင်ခွင့်အရည်အချင်းစစ် ရေးဖြေစာမေးပွဲ ကျင်းပစစ်ဆေးမည့်ရက် ပြောင်းလဲခြင်း

၂၀၂၅ ပညာသင်နှစ်တွင် ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနအောက်ရှိ ဆေးတက္ကသိုလ်များနှင့် ဆေးပညာနီးနွယ်တက္ကသိုလ်များတွင် ဖွင့်လှစ်မည့် ဘွဲ့လွန်ဆေးပညာဒီပလိုမာသင်တန်းများ၊ ဆေးပညာမဟာသိပ္ပံသင်တန်းများနှင့် ပါရဂူဘွဲ့သင်တန်းများအတွက် ဝင်ခွင့်အရည်အချင်းစစ် ရေးဖြေစာမေးပွဲများကို (၃-၁၀-၂၀၂၄)ရက်နေ့နှင့် (၄-၁၀-၂၀၂၄)ရက်နေ့များတွင် ကျင်းပစစ်ဆေးရန် ကြေညာထားရှိသော်လည်း ဆရာဝန်များ၊ သူနာပြုများနှင့် ကျန်းမာရေးဝန်ထမ်းများအနေဖြင့် သဘာဝဘေးအန္တရာယ်တုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်းများ၊ ရေဘေးကယ်ဆယ်ရေးလုပ်ငန်းများနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် အင်အားဖြည့်ပါဝင်ဆောင်ရွက်လျက်ရှိပါသဖြင့် ဝင်ခွင့်အရည်အချင်းစစ် ရေးဖြေစာမေးပွဲများကို (၂၂-၁၀-၂၀၂၄)ရက်နေ့နှင့် (၂၃-၁၀-၂၀၂၄) ရက်နေ့များသို့ ပြောင်းလဲကျင်းပ စစ်ဆေးမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**